# နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်


မာတိကာ

**အခန်း (၁) ကယ်တင်ခြင်း**
- ကယ်တင်ခြင်းသို့ ရောက်ကြောင်း၊ သင်မည်သို့ သိသနည်း။
- ကယ်တင်ခြင်း၊
- ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြ၏။
- ကျွန်ုပ်တို့သည် အသွေးတော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြ၏။
- ဝိညာဉ်တပါးတည်း၌ ငါတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြ၏။
- ကျွန်ုပ်တို့သည် ဝိညာဉ်တစ်ပါးတည်း၌ ကယ်တင်ခြင်းသို့ ရောက်ကြ၏။

**အခန်း(၂) ဘုရားသခင်၏ နှုတ်ကပတ်တော်**
- ကမ္ဘာဦးကျမ်း၌ ဘုရားသခင်၏ နှုတ်ကပတ်တော်
- ယေရှုသည် နှုတ်ကပတ်တော်ဖြစ်သည်။
- နှုတ်ကပတ်တော်၏ အမျိုးအနွယ်
- နှုတ်ကပတ်တော်၏ နို့
- နှုတ်ကပတ်တော်၏ အသား
- နှုတ်ကပတ်တော်အားလုံး မှုတ်သွင်းထားသည်
- နှုတ်ကပတ်တော်၌ သင်ကြား/ သွန်သင်ခဲ့သည်။

**အခန်း (၃) သန့်ရှင်းသော ဝိညာဉ်တော်ကား အဘယ်သူနည်း?**
- ခမည်းတော်၏ ကတိတော်
- လောက၌ သန့်ရှင်းသော ဝိညာဉ်တော်
- ယေရှုနှင့် သန့်ရှင်းသော ဝိညာဉ်တော်
- ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်ကြွလာမည့်အကြောင်းကို မိန့်တော်မူခဲ့သည်။
- ဝိညာဉ်တော်၌ရှိသော ပဋိညာဉ်တရားသစ်
- သန့်ရှင်းသော ဝိညာဉ် - ပုဂ္ဂိုလ်

**အခန်း(၄) သန့်ရှင်းသော ဝိညာဉ်တော်ကြွလာ၍၊ မည်သို့ပြည့်ဝနိုင်မည်နည်း?**
- သန့်ရှင်းသော ဝိညာဉ်တော်မည်သို့ ကြွလာသနည်း?
- တပည့်တော်တို့သည် ဘယ်အချိန်၌ ဒုတိယမွေးဖွားခြင်းခံခဲ့ကြသနည်း?
- သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်မည်သို့ လက်ခံရရှိမည်နည်း?
- သန့်ရှင်းသော ဝိညာဉ်တော်သည် အဘယ်ကဲ့သို့နည်း?
- သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဗတ္တိဇံပေးသူ ယေရှု (ဗတ္တိဇံပေးသူ ယေရှု)
- အသစ်သော ဘာသာစကားများနှင့် ပြောဆိုခြင်း

**အခန်း(၅) သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးများ**
- ၁ကော - ၁၂း၈-၁၀၏ ဆုကျေးဇူး ကိုးမျိုး
- အမှုဆောင်ခြင်းဆုကျေးဇူးများ၊

**အခန်း(၆)    ရင့်ကျက်သော အသက်တာသို့ သွားနေသည်။**

- အသင်းတော်သည် ဤရင့်ကျက်မှုကို မည်သို့ရရှိမည်နည်း။
- အမှုတော်ဆောင်ခြင်းဆုကျေးဇူးငါးပါး၊
- အင်္ဂါအသီးသီး အမှုတော်ဆောင်သည်။

**အခန်း(၇)    ရောမ ၁၂၌ပါသော ခမည်းတော်၏ ဆုကျေးဇူး(၇)ပါး**

- ပရောဖက်ပြုခြင်း
- ဓမ္မအမှုတော်ဆောင်ခြင်း
- သင်ကြားခြင်း/ ဆုံးမသြဝါဒပေးခြင်း
- တိုက်တွန်းနှိုးဆော်ခြင်း
- ပေးကမ်းခြင်း
- ခေါင်းဆောင်မှု
- သနားခြင်းကရုဏာ

# အခန်း(၁)
# "ကယ်တင်ခြင်း"

- လုကာ – ၁၉း၁–၁၀က ဇက္ခဲသည် ယေရှုကို ဧည့်သည်တစ်ယောက်အဖြစ် မိမိအိမ်၌ လက်ခံ၍၊ သခင်အဖြစ်လည်း အသိအမှတ်ပြုပြီး၊ အခွန်ခံတစ်ဦးအနေဖြင့် မိမိအလွဲသုံးစား မတရားရယူခြင်းအတွက် ပြန်လည်ပေးဆပ်မည် ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်။

ယေရှုက "ယနေ့ ကယ်တင်ခြင်းသည် ဤအိမ်သို့ရောက်လေပြီ"ဟု မိန့်တော်မူ၏။ ၎င်းသည် ကယ်တင်ခြင်းကို ယူဆောင်လာသည့် "နောင်တ"နှင့် "ယုံကြည်ခြင်း" ၏ ဇတ်လမ်းတစ်ခုဖြစ်သည်။ ဇက္ခဲသည် သခင်ယေရှုအကြောင်းကို ကြားခဲ့သည်။

- ဇက္ခဲသည် သခင်ယေရှုအကြောင်းကို ကြားခဲ့သည်။
- ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်လာကြောင်း (ရောမ ၁၀း၁၇)၌ ဖော်ပြထားသည်။

**<u>ဇက္ခဲသည် ကယ်တင်ခြင်းကို မည်ကဲ့သို့ ရခဲ့သနည်း။</u>**

(၁) ယေရှုအကြောင်းကို ကြားပြီး၊ ကိုယ်တော်ကို တွေ့မြင်ရန် သူသည် အလိုဆန္ဒရှိခဲ့သည်။

(၂) သခင်ယေရှုသည် ဇက္ခဲနှင့် တွေ့ဆုံပြီး၊ သူ၏ စိတ်နှလုံး၌ ယုံကြည်ခြင်းအတိုင်း တုန့်ပြန်ခဲ့သည်။

(၃) သခင်ယေရှုသည် သူ၏ အိမ်သို့ ကြွရောက်လာခဲ့သည်။

(၄) ဇက္ခဲ၏ စိတ်နှလုံး၌ ယုံကြည်ခြင်းကို မြင်၍၊ လျော်ကြေးပေးမည်ဟု ဇက္ခဲဝန်ခံသည်ကို ယေရှုသည်ကြားသောကြောင့် ကယ်တင်ခြင်းအကြောင်းကို မိန့်တော်မူခဲ့သည်။

မေးခွန်း(၁) (ရောမ – ၁၀း၉–၁၀) သခင်ယေရှုသည် ဇက္ခဲ၏အထဲ၌ အဘယ်အရာနှစ်ခုကို မြင်တွေ့ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြောင်း မိန့်တော်မူခဲ့သနည်း?

ရှင်ယောဟန် – ၁း၁၂တွင် ဖော်ပြသည်မှာ ကျွန်ုပ်တို့သည် ယေရှုကို လက်ခံသောအခါ ကျွန်ုပ်တို့သည် သူ၏ နာမတော်ကို ယုံကြည်ခြင်းဖြင့် နောက်တဖန် မွေးဖွားခဲ့သည်။

ရောမဩဝါဒစာ – (၁၀း၉–၁၉)တွင် ဤသို့ ဖော်ပြပါသည်။ ဘုရားသခင်သည် ယေရှုအား သေခြင်းမှ ထမြောက်စေတော်မူကြောင်းကို ကျွန်ုပ်တို့ စိတ်နှလုံးထဲ၌ ယုံကြည်ရမည်။ ကျွန်ုပ်တို့၏ နှုတ်အားဖြင့်လည်း ဝန်ခံရမည်ဟု ဖော်ပြထားသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်ကြ၏။

**<u>ကယ်တင်ခြင်း ဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ –</u>**

- ခိုင်မာသော ညီညွတ်မှု 4991,ဂရိစကားလုံး "soteria" ၏ အဓိပ္ပါယ်မှာ ကယ်ဆယ်ရေး သို့မဟုတ် ဘေးကင်းရေး။ ဤသို့ ဘာသာပြန်သည်။ ကယ်ဆယ်သည်၊ ပေးပို့သူ၊ ကျန်းမာရေး၊ ကယ်တင်ခြင်း၊ ကယ်တင်သည်၊ လုံခြုံမှု၊
- "Soter" စကားလုံး အဓိပ္ပါယ်မှာ ပို့ဆောင်သူ တစ်ယောက် "Soze" စကားလုံး အဓိပ္ပါယ်မှာ ကယ်တင်ရန်၊ ကာကွယ်ရန်၊ ပို့ဆောင်ရန်။

**SO # 3444** ဟေဗြဲနှင့် နှိုင်းယှဉ်ပါ။

**"yeshooaw"** စကားလုံး အဓိပ္ပါယ်မှာ – တစ်ချို့အရာကို ကယ်တင်ပြီး ပို့ဆောင်မှု၊ အကူအညီ၊ အောင်မြင်မှု၊ ကြွယ်ဝမှု။

ထိုအရာအားလုံးမှာ ကျွန်ုပ်တို့၏ ကယ်တင်ခြင်း အစိတ်အပိုင်းများ ဖြစ်သည်။
ယေရှုသည် လူသားတိုင်းအတွက် ကယ်တင်ခြင်းကို ယူဆောင်လာသည်။

## ကယ်တင်ခြင်းရရှိကြောင်း၊ သင်မည်သို့ သိမည်နည်း?

မေးခွန်း(၂) သင်ကယ်တင်ခြင်းခံရပြီးကြောင်း သိစေရန် မည်သည့်အဖြစ်အပျက်က သင့်အတွက် ပြန်လည် သတိရစေသနည်း။

## သမ္မာကျမ်းစာက ဘာပြောသလဲ?

ထိုအရာအမှာ ဝန်ခံခြင်းနှင့် ယုံကြည်ခြင်းဖြစ်သည်။

ရောမ – ၁၀း၈ – "တရားတော်သည် သင်နှင့်နီး၏။ သင်၏ နှုတ်၌၎င်း၊ သင်၏ နှလုံး၌၎င်း၊ ရှိသည်ဟု ဆို၏။ ထိုသို့ဆိုသော်၊ ငါတို့ဟောသော ယုံကြည်ခြင်းတရားကိုဆိုလိုသတည်း။"

အငယ် – ၉ – သင်၏ စိတ်နှလုံးဖြင့် ယုံကြည်သည် အတိုင်း၊ သင်၏ နှုတ်ဖြင့် ဝန်ခံပါ။

အငယ် – ၁၀ – ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ၊ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။

အငယ် – ၁၁ – ကျွန်ုပ်တို့သည် ဘုရားသခင်၌ ကိုးစားခြင်းဖြင့် သင်တို့၊ ငါတို့၏ ရှက်ကြောက်ခြင်းကို ဖယ်ရှားပေးသည်။

အငယ် – ၁၂ – ကိုယ်တော်ကို ပဌာနာပြုသော သူအပေါင်းတို့၌ ကျေးဇူးတော် ကြွယ်ဝတော်မူ၏။

အငယ် – ၁၃ – ထာဝရဘုရားကို ပဌာနပြုသော သူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ကြလတ္တံ့။

## ယုံကြည်ခြင်းဖြင့် သံသယကို ကျော်လွှားခြင်း

ယုံမှား သံသယသည် ကျွန်ုပ်တို့ စိတ်ထဲမှ လာသည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုသော်လည်း၊ ယုံကြည်ခြင်းသည် နှလုံးသားထဲမှ ဖြစ်သည်။ (ဖေက် – ၆း၁၆)တွင် ယုံကြည်ခြင်း၏ "လွှား" ကိုလည်း ယူဆောင်ကြလော့။ (ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် ဝန်ခံခြင်း)

တရားဟောရာကျမ်း – ၃၀း၁၄ – တရားတော်သည် သင်စောင့်ရှောက်ဖို့ရန် သင်နှင့် အလွန်နီး၏။ သင်၏ နှုတ်၌၎င်း၊ သင်၏ နှလုံး၌ ၎င်းရှိ၏။

## ကျွန်ုပ်တို့သည် အဘယ်အရာကို ယုံကြည်သနည်း?

(၁) ကျွန်ုပ်တို့သည် ယေရှုကို ယုံကြည်သည်။ (ယော ၁၄း၁)
 – ကျွန်ုပ်သည် ယေရှုကို ယုံကြည်သည်။ (ယော – ၆း၂၉) တွင် စေလွှတ်တော်မူသော ဘုရားသခင်ကို ယုံကြည်လော့။

(၂) သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုး၊ အခွင့်အာဏာကို ရမည်ဟု ယုံကြည်ပါ။ လုကာ ၂၄း၄၉တွင် ယေရှုပေးခဲ့သော ဂတိတော်မှာ သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သည်။
(တမန်တော် ၁း၈)တွင် သင်တို့သည် တန်ခိုးကို ခံရကြလတ္တံ့။

## ကယ်တင်ခြင်း

ကယ်တင်ခြင်းသို့ရောက်ရန် ကျွန်ုပ်တို့ ဘာလုပ်ရမည်နည်း?

- မာကု – ၁း၁၅ – ယေရှုက နောင်တရ၏။ ဧဝံဂေလိတရားတော်ကို ယုံကြည်ရန် မိန့်တော်မူ၏။
- တမန်တော် – ၃း၁၉ – ပေတရုက သင်တို့၏ အပြစ်များကို ချေဖျက်မည့်အကြောင်း၊ နောင်တရ၍ ပြောင်းလဲခြင်း ရှိကြလော့။
- တမန်တော – ၂၀း၂၁ – ရှင်ပေါလုက ဘုရားသခင်ရှေ့တော်၌ နောင်တရခြင်းတရားကို ၎င်း၊ ငါတို့ သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းတရားကို ၎င်း၊ ဟောပြောသည်။
- မာကု – ၂၀း၂၁ – ရှင်ပေါလုက ဘုရားသခင် ရှေ့တော်၌ နောင်တရခြင်းတရားကို၎င်း၊ ငါတို့ သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းတရားကို၎င်း၊ ဟောပြောသည်။

❖ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားကို ယုံကြည်၍၊ နောင်တရလျှင်၊ ကယ်တင်တော်မူခြင်းသို့ ရောက်မည်။
❖ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်ကို ယုံကြည်၍၊ ဘုရားသခင်ထံတော်သို့ လှည့်လာရမည် ဖြစ်သည်။
❖ ကျွန်ုပ်တို့သည် ခွင့်လွှတ်တော်မူတောင်းခံရန် သဘာဝတရား၏ သေစေသော ပညတ်တရား အလုပ်များမှ လွှဲရှောင်ကြရမည်ဖြစ်သည်။
❖ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းနှင့် ဗတ္တိဇံခံရန်လိုသည်။

**မေးခွန်း(၃)** အထက်အခန်းငယ်များတွင် ဖော်ပြခဲ့သော အခြေခံမှုသုံးရပ်သည် ကယ်တင်ခြင်းကို မည်သို့ ရရှိစေသနည်း?

***"ကျွန်ုပ်တို့ မည်သို့ ကယ်တင်ခံရသနည်း" ?***

(က) ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်၍ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးဖြစ်၏။ (ဧဖက် – ၂း၈)

(ခ) ငါတို့သည် အသွေးတော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြပြီ။ အဖြေရာယဇ် (ဧဖက် – ၂း၁၃၊ ဟေဗြဲ – ၉း၁၂)

(ဂ) ငါတို့သည် ဝိညာဉ် တပါးတည်း၌ ကယ်တင်ခြင်းသို့ ရောက်၏။ (ဧဖက် – ၂ း ၁၈။ ယောဟန် – ၃း၅–၆)

### *(က) 'ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြ၏'။*

● ယုံကြည်ခြင်းက ဘယ်လိုရောက်သလဲ။?

(၁) ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာခြင်းအားဖြင့် (ရောမ – ၁၀း၁၇)

– ယုံကြည်ခြင်းသို့ ရောက်သောသူ အများစုမှာ ယေရှုအကြောင်းကို တစ်စုံတစ်ဦးပြောသည်ကို ကြားနာခြင်းအားဖြင့် ယုံကြည်လာကြသည်။ ၎င်းသည် ငါတို့အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော် (rhema) ဖြစ်သည်။

– တစ်ကြိမ်ကြားပြီးနောက် ငါတို့သည် ယုံကြည်၍ နှုတ်အားဖြင့် ဝန်ခံကြသည်။ (ရောမ–၁၀း၉–၁၀)။

*ကြားနာခြင်း – ယုံကြည်ခြင်း – ဝန်ခံခြင်း*

(၂) ဘုရားသခင်၏ နှုတ်ကပတ်တော် လိုဂို (logo) ကို ယုံကြည်ခြင်းအားဖြင့် (ယော – ၂၀း၃၁)

- ရှင်ယောဟန်ခရစ်ဝင်ကျမ်းနှင့် ရှင်ယောဟန်ဩဝါဒ ပထမစာစောင်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ရမည့်အကြောင်းကို အများအားဖြင့် ဖော်ပြသည်။
- ယေရှုခရစ်တော်အားဖြင့် ခမည်းတော်ဘုရားသခင်ကို သိကျွမ်းခြင်းနှင့် သမ္မာတရားကိုသိခြင်း၊ ထာဝရ အသက်ရခြင်းတို့သည် သင်တို့၏ ယုံကြည်ခြင်းအားဖြင့် ဖြစ်သည်။
- ယုံကြည်ခြင်းအားဖြင့် သင်တို့သည် အသက်ကိုရလိမ့်မည်ဟူသော သမ္မာတရားကိုသိ၍ ယေရှုခရစ်တော် အားဖြင့် ခမည်းတော်ဘုရားကို သိနိုင်မည်ဖြစ်သည်။

*(၃) ကမ္ဘာဦးကျမ်းမှ ယုံကြည်ခြင်း၏ နားလည်မှုတစ်ခု*

- ကမ္ဘာဦးကျမ်းသည် သမ္မာကျမ်းစာ၏ မျိုးစေ့စာအုပ်ဖြစ်သည်။
- အာဒံနှင့် ဧဝသည် တားမြစ်သော အသီးကိုစားပြီးနောက် ဘုရားစကားပြောသောအခါ (ခေါ်သောအခါ)၊ ဧဝသည် မြွေကလှည့်စားသည်ဟု ဆို၏။ (ကမ္ဘာ – ၃း၁၃)၌ မိန်းမ၏ အမျိုးအနွယ်သည် စာတန် (မြွေ)၏ ဦးခေါင်းကို ကြိတ်ရမည်ဟု ပြောခြင်းမှာ ကြိုတင်ဟောပြောခြင်းဖြစ်ပြီး၊ ယေရှုနှင့် စာတန် ကြားတိုက်ပွဲအကြောင်းဖြစ်သည်။ ယေရှုသည် အောင်နိုင်သူဖြစ်ကြောင်း ဟောပြောသည့်အရာဖြစ် သည်။

ကမ္ဘာ – ၃း၂၀– အာဒံသည် ဘုရားသခင်မိန့်တော်မူသော စကားကို ယုံကြည်ပြီး၊ သက်ရှိအားလုံးတို့၏ အမိဖြစ်လာမည့် ဇနီးအမည်ကို “ဧဝ” ဟူ၍ မှည့်ခဲ့သည်။

ကမ္ဘာ – ၃း၂၁ – ဘုရားသခင်သည် အာဒံနှင့် ဧဝတို့၏ အရှက်ကို ဖုံးအုပ်ရန်အတွက် တိရစ္ဆာန်အရေခွံ ရရှိဖို့ ပထမဦးဆုံး အသွေးသွန်းခဲ့သည်။ ထိုတိရစ္ဆာန်သရေအားဖြင့် အဝတ်ပြုလုပ်ပေးခဲ့ပြီး၊ သူတို့ အဝတ်အချည်းရှိသည်ကို ဖုံးအုပ်တော်မူခဲ့၏။ ဘုရားသခင် မိန့်တော်မူသော မိန်းမ၏ အမျိုးအနွယ်ဆိုသည်မှာ ယေရှုခရစ်တော်ဖြစ်သည်။ ခရစ်တော်သည် (မေရိယ) အမျိုးသမီးတစ်ဦးမှ ဖွားမြင်ခဲ့သည်။ (ဂလာတိ ၄း၄)

<u>*အာဗြဟံ ။ ။*</u>

အာဗြဟံသည် လူမျိုးအပေါင်းတို့အား၊ ကောင်းကြီးမင်္ဂလာဖြစ်စေမည့် သူ၏ကိုယ်ခန္ဓာ (အမျိုးအနွယ်)မှ ဆင်းသက်လာမည့်သူအား၊ ကတိပေးထားခြင်းခံရသူဖြစ်သည်။ (ကမ္ဘာဦးကျမ်း ၁၂း၃) “သင့်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။ (ကမ္ဘာ ၁၅း၂–၆) အာဗြဟံ, ဘုရားသခင်သည် သူ့အား အမွေခံ ဆက်ခံရန် ဘုရားကတိပေးခဲ့သော်လည်း သူ၌ ကလေးမရှိခဲ့ ပေ။ “သင်၏ ကိုယ်ထဲကထွက်လာသောသူသည် သင်၏ အမွေခံဖြစ်လိမ်မည်ဟု မိန့်တော်မူပြီးလျှင်၊ (အငယ် ၆) အာဗြဟံသည် ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍၊ သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။ အာဗြဟံသည် ယုံကြည်ခြင်း အားကြီးသူဖြစ်သည်။ဧဝနှင့် ဘုရားကတိပြုသော အမျိုးအနွယ် နှင့် အာဗြဟံနှင့် ကတိပြုသော အမျိုးအနွယ် နှစ်ခုစလုံးသည် ယေရှုခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။ (ဂလာတိ ၃း၁၆)

ခရစ်တော်နှင့် စပ်ဆိုင်လျှင်၊ အာဗြဟံ အမျိုးအနွယ်ပင်ဖြစ်၏။ကတိတော်အတိုင်း အမွေဆက်ခံရာ၌ တည်ကြ၏။ (ဂလာတိ ၃း၂၉) မျှော်လင့်လေ၏။ (ရောမ ၄း၁၈)

မေးခွန်း (၄–က) ကျွန်ုပ်တို့သည် ယုံကြည်ခြင်းကို မည်သို့ရကြသနည်း?
(၄–ခ) ငါတို့သည် ထာဝရအသက်ကို ရရှိရန် တမန်တော်ယောဟန်က မည်သို့ ပြောသနည်း?
(၄–ဂ) အာဒံနှင့် အာဗြဟံသည် အဘယ်အရာကို ယုံကြည်ခဲ့ကြသနည်း?

## *ကယ်တင်ခြင်း = ထာဝရအသက်*

- ရှင်ယောဟန် (၃း၁၆–၁၇)က ဘာကို ကတိပေးသလဲ?
- ကျွန်ုပ်တို့သည် ယေရှုခရစ်တော်နှင့် စပ်လျဉ်း၍၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းအားဖြင့်၊ ထာဝရအသက်ကို ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်ကို ယုံကြည်သည်နှင့် တပြိုင်နက် ကိုယ်တော်ကို လက်ခံနိုင်မည်ဖြစ်၍၊ ဘုရားသခင်သည် "ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။ (ယော ၁း၁၂)

ယေရှုခရစ်သည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏ အကြောင်းတရားနှင့်
အကျိုးတရားဖြစ်သည်။

| | | | |
|---|---|---|---|
| ➢ | ယောဟန် | ၁၄း၆ | – ယေရှုအားဖြင့် ငါတို့သည် ခမည်းတော်ထံသို့ ရောက်ကြ၏။ |
| ➢ | ယောဟန် | ၁၄း၉ | – သခင်ယေရှု၌ ခမည်းတော်ကို ငါတို့မြင်ရ၏။ |
| ➢ | ဖိလိပ္ပိ | ၃း၃ | – ငါတို့သည် ယေရှုခရစ်၌ ဝမ်းမြောက်ကြ၏။ |
| ➢ | ဖိလိပ္ပိ | ၃း၈–၁၁ | – ထိုသူ၌ တွေ့ခြင်းနှင့် သေခြင်းမှ ထမြောက်ခြင်းသို့ရောက်ခြင်းမှတပါး၊ အခြားသော အရာ ဘာတစ်ခုမှ အရေးမကြီးပေ။ |
| ➢ | ဖိလိပ္ပိ | ၃–၁၄ | – ဘုရားသခင်သည် ကျွန်ုပ်တို့အား ယေရှုခရစ်တော်အားဖြင့် "အထက်သို့" ခေါ်ခဲ့သည်။ |
| ➢ | ဖိလိပ္ပိ | ၃း၂၀ | – ကျွန်ုပ်တို့ ကောင်းကင်နိုင်ငံသားဖြစ်မှုသည် ယေရှုခရစ်တော် အပေါ်မူတည်သည်။ |
| ➢ | ဖေက် | ၁း၁၅–၁၈ | – ငါတို့ ခေါ်ခြင်းခံရသော မျှော်လင့်ချက်နှင့် ပတ်သက်၍ ငါတို့၏ နားလည်မှုသည် ငါတို့၏ သခင်ယေရှုကို ယုံကြည်ခြင်းပေါ်တွင် မူတည်ပါသည်။ |

## *<u>ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း</u>*

- ကမ္ဘာဦးကျမ်း ၆း၈ – "နောဧ"သည် မယုံကြည်သူများ အလယ်တွင် ဘုရားသခင်ကို ယုံကြည်သူတစ်ဦး၏ ပုံသက်သေဖြစ်သည်။
- ဘုရားသခင်၏ မျက်မှောက်တော်၌ ကျေးဇူးတော်ကို တွေ့ရှိသောကြောင့် ကယ်တင်ခြင်း သင်္ဘောကို တည်ဆောက်ရန် ဘုရားသခင်က သူ့အား ညွှန်ကြားခဲ့သည်။
- ကမ္ဘာ ၆း၁၄ – နောဧသည် နာခံမှုဖြင့်သူ၏ ယုံကြည်ခြင်းသည် လုပ်ဆောင်မှုကို ဖြစ်ပေါ်စေခဲ့သည်။
- ကြားနာခြင်းနှင့် နာခံခြင်းသည် ယုံကြည်ခြင်း ဖြစ်သည်။

မေးခွန်း (၅) နောင်၏ အသက်တာတွင် အဘယ်အရာနှစ်ခုကို တွေ့ရှိရသနည်း။ စစ်မှန်သော ယုံကြည်ခြင်း ဟူသည်မှာ အဘယ်နည်း?

"Logo and Rhems" (လိုဂိုစ် နှင့် ရီမာ)

နှုတ်ကပတ်တော်နှင့် ဖွင့်ပြချက်။ ။

မွေသစ်ကျမ်းတွင် ဂရိဝေါဟာရ စကားလုံးနှစ်ခု ဖြစ်ပေါ်၍ ၎င်းသည် အများအားဖြင့် တူညီသော အင်္ဂလိပ်စာလုံးဖြင့် ဘာသာပြန်ရာ၊ ထိုစကားလုံးအနက် အဓိပ္ပါယ်မှာ နှုတ်ကပတ်တော် ဖြစ်သည်။ ဂရိစကားလုံးဖြင့် logo လိုဂိုစ်နှင့် ရီမာ Rhems တို့ ဖြစ်သည်။

ယော ၁း၁ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။" (logos) ဤနေရာတွင် ဂရိစကားလုံး လိုဂိုစ် (logo) ဤနေရာတွင် ဂရိစကားလုံး လိုဂိုစ် (logo) သည် ယေရှုကို ရည်ညွှန်းသည်။ ယေရှုသည် နှုတ်ကပတ်တော်ဖြစ်၏။

- ✓ အခြားကျမ်းပိုဒ်များစွာတွင် လိုဂိုစ် (Logos) စကားလုံးကို (အကြိမ်ပေါင်း ၂၀၀ခန့်) နှုတ်ကပတ်တော် အဖြစ်ဘာသာပြန်သည်ကို တွေ့ရသည်။ လိုဂိုစ် (Logos) သည် သမ္မာကျမ်းစာဖြစ်၍ ဘုရားသခင်၏ နှုတ်က ပတ်တော်ဖြစ်သည်ဟု ရည်ညွှန်းဖော်ပြသည်။ ဤလိုဂိုစ် (Logos) သည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်ကို မှတ်တမ်းတင်ထားသော နှုတ်ကပတ်တော် ဖြစ်သည်။

- ✓ မဿဲ ၄း၄ – လူသည် မုန့်အားဖြင့် အသက်မွေးရမည် မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှ အားဖြင့် (Rhema) အသက်မွေးရမည်။
- ✓ Rhema ရီမာ စကားလုံးသည် လျှံမြန်သော စကားလုံးဖြစ်၍ ပစ္စုပ္ပန် ကာလ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ထွက်လာသောစကား (ဖွင့်ပြချက် = Rheme) ဖြစ်သည်။
- ✓ ၎င်း Rheme ရီမာစကားလုံးသည် (ရောမ – ၁၀း၁၇) တွင် ယုံကြည်ခြင်းဟူ၍ ဖော်ပြထားသည်။ ၎င်း Rheme ရီမာစကားလုံးသည် ရောမ – ၁၀း၈ တွင် တရားတော်သည် ကျွန်ုပ်တို့ နှလုံးနှင့် ၎င်း၊ ကျွန်ုပ်တို့နှုတ်၌၎င်း၊ ရှိသည်ဟု ဖော်ပြသည်။
- ✓ ဖေက်–၆း၁၇ ၎င်း Rhema ရီမာစကားလုံးသည် ဝိညာဉ်တော်၏ ထား(ဓါး)ဟူ၍ ဖော်ပြထားသည်။

<u>**မေးခွန်း(၆)**</u> ဘုရားသခင်၏ နှုတ်ကပတ်တော် ဖွင့်ပြချက်ဖြစ်သော (Rhema ရီမာ) ကို သင်ကြားဖူးပါသလား? အတွေ့အကြုံရှိလျှင် ရှင်းပြပါ။

## "ကျွန်ုပ်တို့သည် အသွေးတော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြ၏"

- ❖ ဘုရားသခင်သည် ဣသရေလ လူတို့ကို အဲဂုတ္တုပြည်၌ ကျွန်ခံခြင်းမှ ကယ်နှုတ်တော်မူသောအခါ၊ သူတို့၏ အိမ်၌ရှိသော "အသွေး"သည် လက္ခဏာ အမှတ်အသားဖြစ်မည်ဟု ကတိပြုတော်မူ၏။
- ❖ (ထွက် ၁၂း၁၃)၊ထိုအိမ်များကို မဖျက်ဆီးဘဲ ကျော်ဖြတ်သွားမည်ဟု ကတိပြုလေ၏။ အသွေးသည် လူတစ်ဦးချင်း၊ မိသားစုနှင့် နိုင်ငံအတွက် ကယ်တင်ခြင်းနည်းလမ်းဖြစ်သည်။
- ❖ တိနာတောင်ပေါ်၌ (ထွက် ၂၄း၁–၃)–ပဋိညာဉ်ဟောင်းကို ယဇ်ပလ္လင်ပေါ်တွင် အသွေးဖြင့် တံဆိပ်ခတ်ထားသည်။

❖ (ထွက် ၂၄း၆)–ယဇ်ပလ္လင်ပေါ်၌ အသွေးကို ဖြန်းစေသည်။ အငယ် – ၈– ထိုအသွေးကို လူများအပေါ်၌လည်းဖြန်းစေသည်။

❖ ထိုကရုဏာ ပလ္လင်တော်ပေါ်မှ ဘုရားသခင်သည် ဣသရေလ အမျိုးသားတို့အား တွေ့ဆုံမည်။ (ထွက်– ၂၅း၂၂)– ထိုအသွေးကို ကရုဏာပလ္လင်တော်ပေါ်မှာ တင်ထားသောကြောင့် ဖြစ်သည်။
(ဟေဗြဲ ၉း၁–၁၄) နှင့် နှိုင်းယှဉ်ပြပါ။

❖ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းယေရှုသည် မိမိအသွေးတော်ကိုယူ၍၊ အသန့်ရှင်းဆုံးအထက်အရပ်ကောင်းကင်ဘုံရှိ ကရုဏာပလ္လင်တော်ပေါ်မှာ တင်ထားတော်မူ၏။

❖ သူ၏ အသွေးတော်သည် ကျွန်ုပ်တို့အတွက် "သန့်ရှင်းခြင်း"ကို ဖြစ်စေသည်။ (အပြစ်များကိုဆေးကြောသည်)။ မောရှေ၏ ပညတ်တရားအောက်တွင် ကျွန်ုပ်တို့အတွက် အပြစ်ရှိပြီး၊ သေဒဏ်ခံထိုက်သော်လည်း ယေရှုသည် ကျွန်ုပ်တို့အတွက် အသေခံပြီး၊ သူ၏ သွန်းလောင်းသော အသွေးတော်ကို ဘုရားသခင်၏ တဲတော်ထဲသို့ယူဆောင်သည်။ (လူ့လက်မပါဘဲ ပြုလုပ်သည်။)

❖ ဟေဗြဲ ၉း၂၂–ပညတ်တရားအတိုင်း ခပ်သိမ်းသော အရာတို့ကို ကုန်မတတ် အသွေးတော်အားဖြင့် စင်ကြယ်စေတတ်၏။ "...... အသွေးမသွန်းလောင်းဘဲ၊ အပြစ်လွှတ်ခြင်းမရှိ။"

❖ ယေရှုခရစ်တော်၏ သွန်းလောင်းသော အသွေးတော်မြတ်အား ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေသည်။ " ..... သို့ဖြစ်၍၊ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ ထိုသခင်အားဖြင့် အပြစ်ဒဏ်ရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟုသာ၍ မျှော်လင့်စရာရှိ၏။"
(ရောမ ၅း၉)

❖ (၁ပေ ၁း၁၉) " အဘယ် အပြစ်မျှမရှိ၊ အညစ်အကြေးနှင့် ကင်းစင်သော သိုးသူငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးနှုတ်တော်မူသည်ကို သိမှတ်ကြလော့။"

## "ပဋိညာဉ်တရားသစ်"

တပည့်တော်များနှင့်အတူ နောက်ဆုံး ညစာစားပွဲတွင် ယေရှုသည် "ပဋိညာဉ်တရားသစ်" အကြောင်းကို မိန့်ဆိုခဲ့သည်။ (မဿဲ ၂၆း၂၆–၂၉)။ အငယ်–၂၈တွင် ပဋိညာဉ်တရားသစ် နှင့်ဆိုင်၍ လူအများတို့၏ အပြစ်ကို လွှတ်စေခြင်းငှါ သွန်းလောင်းသောငါ၏ အသွေးဖြစ်၏။

❖ ဟေဗြဲ ၈း၈–၁၂– ပဋိညာဉ် တရားသစ်အကြောင်းကို ဖော်ပြသည်။ ဟေဗြဲ ၁၀း၁၆–၁၈– ယေရှုခရစ်တော်၏ တင်လှူပူဇော်ခြင်းအားဖြင့် အမြဲတည်သော ပူဇော်သက္ကာ ဖြစ်ကြောင်းဖော်ပြသည်။

❖ ယေရှုသည် လူသားတို့အားလုံးအတွက် တစ်ကြိမ်တည်းအသေခံခဲ့သည်။ ထိုအရာသည် နောက်တဖန် အပြစ်ဖြေရာ ပူဇော်သက္ကာကို ပြုစရာမလိုတော့ပေ။ (တိရစ္ဆာန်ရဲ့ သွေးမလိုတော့ပါ)

**မေးခွန်း(၇)** ယေရှု၏ အသွေးတော်သည် ငါတို့ကို မည်သို့ ကယ်တင်သနည်း?
(ဟေဗြဲ – ၉း၂၂ နှင့် မဿဲ ၂၆း၂၆–၈) အရ ဖော်ပြပါ။

### ဝိညာဉ်တပါးတည်း၌ ငါတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြ၏

❖ ဝိညာဉ်တော် ဆင်းကြွလာမည့် ကတိတော်သည် အသစ်မွေးဖွားခြင်း (ယေရှုကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခြင်း၊ မိမိအပြစ်ကို နောင်တရခြင်း၊ ယေရှုအသွေးအားဖြင့် အပြစ်လွှတ်ကြောင်း ယုံကြည်ခြင်း၊ ယေရှုကို မိမိ၏ ကယ်တင်ရှင်၊ အရှင်သခင်အဖြစ် ယုံကြည်လက်ခံခြင်းနှင့်အတူ ပြည့်စုံလာရန် အစပြုသည်။

"ဒုတိယ မွေးဖွားခြင်းကို မခံသောသူ မည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရ"ဟု (ယော ၃း၃)တွင် ဖော်ပြထားသည်။ ရေနှင့်ဝိညာဉ်တော်၌ မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရဟု (ယော ၃း၅) တွင် ဆိုထားပါသည်။ ထိုအရာမှာ ဘုရားသခင်၏ ဝိညာဉ်တော်၌ မွေးဖွားခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်ကြ၏။

- ❖ ခရစ်တော်အားဖြင့် ငါတို့သည် စိတ်ဝိညာဉ်တလုံးတဝတည်းဖြစ်၍ ခမည်းတော်ထံသို့ ဝင်ရမည့်အခွင့်ကို ရကြပြီး ဖြစ်သည်။ (ဧဖက် ၂း၁၈)။
- ❖ ခရစ်တော်အားဖြင့် ငါတို့သည် စိတ်ဝိညာဉ် တလုံးတဝတည်းဖြစ်၍၊ ခမည်းတော်ထံသို့ တိုးဝင်ရမည့် အခွင့်ကို ရကြပြီး ဖြစ်သည်။(ဧဖက် ၂ း ၁၈)
- ❖ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ အရှင်သခင်ဖြစ်သည်ဟု ကျွန်ုပ်တို့၏ နှုတ်အားဖြင့် ဝန်ခံရမည်။ (၁ကော ၁၂း၃) "ထို့ကြောင့် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် ဟောပြော၍ အဘယ်သူမျှ ယေရှုကို မကျိန်ဆဲနိုင်သည်ကိုဎင်း၊ ယေရှုသည် သခင်ဘုရားဖြစ်တော်မူ၏ဟု သန့်ရှင်းသော ဝိညာဉ်တော်ကို အမှီမပြုလျှင်၊ အဘယ်သူမျှ မပြောနိုင်သည်ကိုဎင်း၊ သင်တို့သည် သိနားလည်စေခြင်းငှါ၊ ငါသတိပေး၏"

**မေးခွန်း (၈)**

အဘယ်သူသည် ငါတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးသနည်း? (ဧဖက်–၂း၁၈)

## "ဝိညာဉ်တော်၌– ငါတို့သည် ဘုရားသခင်ကို ကိုးကွယ်ကြ၏ (ဖိလိပ္ပိ ၃း၃)"

- ❖ "ယော ၄း၂၄" ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သော သူတို့သည်၊ နံဝိညာဉ်နှင့်ဎင်း၊ သစ္စာနှင့်ဎင်း ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။"

ဝိညာဉ်တော်၌ ငါတို့သည် မွေးဖွားသောအခါ အဘယ်အရာ ဖြစ်ပျက်သနည်း?

- ❖ တစ်ဖန်မွေးဖွားခြင်းခံရသည်နှင့် တစ်ပြိုင်နက်၊ လူ၏ သဘောသဘာဝတစ်ခုလုံး ကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ် နှင့် ဝိညာဉ်တို့သည် သန့်ရှင်းခြင်းသို့ ရောက်သည်။ (၁သက် ၅း၂၃) အပြစ်တင်ခြင်းနှင့် ကင်းလွတ်ခြင်းသို့ ရောက်သည်။
- ❖ "ထိုဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော ငါတို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ" (ဧဖက် ၂း၁)။
- ❖ (ဧဖက် ၂ း ၄–၅) "သို့သော်လည်း ကရုဏာတော်နှင့် ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့် ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ။"
- ❖ (ရောမ ၆း၁၁) "ထိုနည်းတူ၊ သင်တို့သည် အပြစ်တရားနှင့်ဆိုင်သော အရာ၌ကား၊ အသေဖြစ် သည်ဟူ၍ဎင်း၊ ဘုရားသခင်နှင့်ဆိုင်သော အရာ၌ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့်၊ အသက်ရှင် သည်ဟူ၍ ဎင်း၊ ကိုယ်ကို ကိုယ်ထင်မှတ်ကြလော့။"
- ❖ ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်၊ အရာခပ်သိမ်းကို သွန်သင်ပေးသော ဝိညာဉ်တော် ကျွန်ုပ်တို့ ကို တဖန်မွေးဖွားပေးသည်။ (ရှင်ယောဟန် – ၁၄း၂၆)

❖ ဝိညာဉ်တော်၌ ဘိသိက်ပေးခြင်းသည် လုပ်ဆောင်ရန်ဖြစ်သည်။ (၁ယော ၂း၂၀-၂၇)။ ငါတို့၌ရှိသော ဘုရားသခင်၏ ဆုကျေးဇူးကို နိုးဆော်ရမည်။ (၂တိ ၁း၆)

ငါတို့အဖို့ (၁ပေ ၁း၂၃) " မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်၍၊ အစဉ်အမြဲ တည်ဆောက်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်သွားသောကြောင့် ညီအစ်ကိုများကို ချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်းအလို့ငှါ၊ စိတ်ထဲမှာ သမ္မာတရားကို နားထောင်လျက်၊ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီးသည်နှင့်အညီ၊ စင်ကြယ်သော စိတ်နှင့် အချင်းချင်းအားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။"

**အခန်း(၉)** အထက်ဖော်ပြပါ ကျမ်းပိုဒ်များမှ ဘုရားသခင် ဝိညာဉ်တော်အားဖြင့် တစ်ဖန်မွေးဖွားလာသောအခါ ကျွန်ုပ်တို့အတွက် ဖြစ်ပေါ်လာသော အရာသုံးပါးကို အမည်ပေးပါ။

**'အသွေးတော်အားဖြင့်၊ ဝိညာဉ်တော်အားဖြင့်၊ ယုံကြည်ခြင်းအားဖြင့် ငါတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြ၏'**

❖ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကြီးထွားလာမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်း နားထောင်ခြင်းတို့ဖြင့် ယုံကြည်ခြင်း ကြီးထွားလာမည်။

❖ ယေရှုအသွေးတော်အားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်ကြ၏။ လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုသွန်းလောင်းခဲ့သော အသွေးတော်အားဖြင့်၊ လောကသားအားလုံးတို့၏ အဖြစ်အတွက်၊ အပြစ်ဖြေရာ ယဇ်အဖြစ် ယေရှုခရစ်တော်သည် ထိုယဇ်ကို အထက်အရပ် ကရုဏာ ပလ္လင်တော်ပေါ်တွင် ပူဇော်ခဲ့သည်။

❖ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ အသက်တာထဲ၌ သန့်ရှင်းသော ဝိညာဉ်တော် ဖွင့်ပြပေးသည်။

❖ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသောအခါ သူ၏ အသွေးတော်အားဖြင့် ကျွန်ုပ်တို့ အပြစ်များ ခွင့်လွှတ်ခြင်းခံရပြီး၊ ယေရှုအား အရှင်သခင် ကယ်တင်ရှင်အဖြစ် လက်ခံခြင်းသည် ဝိညာဉ်တော်၌ မွေးဖွားသော သူဖြစ်၏။

**မေးခွန်း(၁၀)** ရှင်ယောဟန် ၁း၂ကို အလွတ်ကျက်မှတ်ပြီး ဘုရားသခင်၌ ဘွားမြင်ရန် ယေရှုနှင့် အတူ ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် အဓိက သော့ချက်နှစ်ခုကား အဘယ်အရာဖြစ်ကြောင်း ဖြေဆိုပါ။

* * * * * * * * * * * * * * * *

# အခန်း(၂)
# ဘုရားသခင်၏ နှုတ်ကပတ်တော်

နိဒါန်း

(ရှင်လုကာ ၆း၄၆–၄၉)"... ငါ့စကားကို နားမထောင်ဘဲလျက် ငါ့ကို သခင်၊ သခင်ဟု အဘယ့်ကြောင့် ခေါ်ကြသနည်း။

– ငါထံသို့လာ၍၊ ငါ့စကားကို ကြားသည်အတိုင်း၊ နားထောင်သောသူသည် အဘယ်သူနှင့် တူသနည်း ဟူမူကား၊

– တိုက်ကိုတည်သောအခါ နက်စွာတူး၍၊ ကျောက်ပေါ်မှာ တိုက်မြစ်ချသောသူနှင့်တူ၏။ မြစ်ရေထသဖြင့် ရေစီး၍၊ ထိုတိုက်ကို ရိုက်ခတ်သောအခါ၊ ကျောက်ပေါ်မှာ တည်လျက်ရှိသောကြောင့် မလှုပ်နိုင်ရာ၊

– ငါ့စကားကိုကြား၍၊ နားမထောင်သောသူမူကား၊ အခုအခံမရှိဘဲ၊ သဲပေါ်မှာ တိုက်ကို တည်သောသူနှင့် တူ၏။ ရေစီး၍၊ ထိုတိုက်ကို ရိုက်ခတ်သောအခါ၊ ချက်ခြင်းလဲ၍၊ အကုန်အစင် ပြိုပျက်လေသည်ဟု ဟောတော်မူ၏။"

❖ နှုတ်ပတ်တော်ကို ကြားနာရုံဖြင့် မလုံလောက်ပါ။
နှုတ်ကပတ်တော်ကို ကြားနာ၍၊ ကျင့်ရမည်။ (ယာကုပ် ၁း၂၂)

### ကမ္ဘာဦးကျမ်း၌ ဘုရားသခင်၏ နှုတ်ကပတ်တော်

❖ ဘုရားသခင်၏ နှုတ်ပတ်တော် (နှုတ်မိန့်စကားတော်)သည် ဖန်တီးမှုဖြစ်၏။
ကမ္ဘာ–၁း၃–"... ဘုရားသခင်ကလည်း၊ အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍၊ အလင်းဖြစ်လေ၏"
အခန်းငယ် ၆၊ ၉၊ ၁၁၊ ၁၄၊ ၂၀၊ ၂၀၄၊ ၂၆။

❖ ဘုရားသခင်ပြောသည်မှာ အလုပ် (ဖန်ဆင်းခြင်း)တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သော – ယေရှုသည် အရာခပ်သိမ်းကို ဖန်ဆင်းသည်။ (ကမ္ဘာ – ၁း၃)

❖ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဖန်တီးမှု (ဖန်ဆင်းခြင်း) ဖြစ်စေသော စကားလုံး ဖြစ်သည်။

❖ ဟေဗြဲ ၁၁း၃"... လောကဓါတ်တို့သည် ဘုရားသခင်၏ အမိန့်တော်ကြောင့်သာ တည်သည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိကြ၏။

❖ ဆာလံ–၃၃း၆ –" ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် မိုးကောင်းကင်ကို ဖန်ဆင်းတော်မူ၏။"

## "ဘုရားသခင်၏ စကားကို နာခံရမည်။"

❖ ကမ္ဘာ၂း၁၆–၁၇– " ထာဝရအရှင် ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာ အပင်မှ တစ်ပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏ အသီးကို သင်သည်စားရသော အခွင့်ရှိ၏။ ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ကေန်အမှန် သေရမည်ဟု လူကို ပညတ်ထားတော်မူ၏။ –ဘုရားသခင်သည် လူသားအတွက် ဂရုစိုက်မှုကို ဖော်ပြသည်။ (အငယ် ၁၈)။

❖ (ကမ္ဘာ ၃း၁–၅) ဖြားယောင်းသွေးဆောင်သော သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည် ကိုးစားသော ဝေ၏ စိတ်ထဲ၌ <u>သံသယ</u> မျိုး စေ့ကို ကြဲသည်။ ထိုသံသယသည် မနာခံမှုနှင့် ဘုရားသခင် ထံတော်မှ အဝေးသို့ ထွက်သွားခြင်းသို့ ဦးတည်စေ၍၊ ဝိညာဉ်သေခြင်းလမ်းသို့ ပို့ဆောင်သည်။

မေးခွန်း (၁) နှုတ်ကပတ်တော်ကို ကြားနာ၍၊ လုပ်ဆောင်သောသူ (ကျင့်ဆောင်သောသူ)အား ယေရှုပေးထားသော ပုံဆောင်ချက်ကား အဘယ်နည်း?

**'ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပရောဖက် ပြုချက်ဖြစ်သည်။'**

- ❖ (ကမ္ဘာ ၃း၁၄–၁၉) ဘုရားသခင်၏ ပရောဖက်ပြုချက်သည် စီရင်ချက်များကို ဆောင်ရွက်စေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်တိုင်းသည် ကေန်အမှန် ဖြစ်လိမ့်မည်။ (အငယ်–၁၈)တွင် အထူး ထင်ရှားသည်။

မေးခွန်း(၂) ကမ္ဘာဦးကျမ်း ၃း၁၅ ၏ ပြည့်စုံချက်ကား အဘယ်နည်း? ဂလာတိ ၄း၄ ကို ဖတ်ပါ။

- ❖ ကမ္ဘာဦးကျမ်း(၆း၁၃–၂၁) "... ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပရောဖတ်ပြုချက်ဖြစ်၍၊ အဘယ်အရာ ဖြစ်လာမည်ကို နောအား ပြောပြသည်။

**"ဘုရားသခင်၏နှုတ်ကပတ်တော်သည် ယုံကြည်မှုကို ဖြစ်စေသည်။"**

- ❖ ကမ္ဘာ ၁၅း၁၊ "... ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အာဗြံဟံသို့ ရောက်လာသည်။ အငယ် – ၆– အာဗြံဟံသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။
- – သို့ဖြစ်၍ ယုံကြည်ခြင်းသည် ကြားနာခြင်းဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏။ (ရောမ ၁၀း၁၇)

## ယေရှုသည် နှုတ်ကပတ်တော်ဖြစ်၏။

- ❖ ဂရိစကားလုံး လိုဂိုစ် (logos) သည် နှုတ်ကပတ်တော်ဖြစ်သည်။
- – ယေရှုသည် အသက်ရှင်သော နှုတ်ကပတ်တော် (logos) ဖြစ်သည်။
- – သမ္မာကျမ်းစာသည် နှုတ်ကပတ်တော် လိုဂိုစ် ဖြစ်သည်။
- – သန့်ရှင်းသော ဝိညာဉ်တော် ပြောဆို မိန့်ကြားချက်များမှာလည်း လိုဂိုစ် နှုတ်ကပတ်တော်ဖြစ်သည်။

- ❖ ရှင်ယောဟန် ၁း၁–၅–ယေရှုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။အငယ်–၁၄တွင် "နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ခံယူ၍ ကျေးဇူးတော်နှင့်ရှင်း၊ သစ္စာတော်နှင့်ရှင်း၊ ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ"။

- ❖ အငယ် – ၁၆–၁၇ အသက်ရှင်သော နှုတ်ကပတ်တော်သည် ကျေးဇူးတော်နှင့်ရှင်း၊ သမ္မာတရားနှင့် ရှင်း၊ အလုံးစုံပြည့်စုံ၏။

- ❖ (အငယ်–၂၉) ယေရှုသည် ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ် အဖြစ် ထင်ရှားသည်။

မေးခွန်း(၃) ရှင်ယောဟန် ၁း၁ က နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်သည်ဟုဆိုသည်။ ထိုနှုတ်ကပတ်တော်သည် ယေရှုကို ရည်ညွှန်းကြောင်း ကျွန်ုပ်တို့သည် မည်သို့ သိနိုင်မည်နည်း?

❖ ၁ယော ၁ း ၁ – ၃– သူသည် အသက်ရှင်သော နှုတ်ကပတ်တော်ဖြစ်၏။

မေးခွန်း(၄) အသက်ရှင်သော နှုတ်ကပတ်တော် ယေရှုကို သင်သိပါသလား? သူ၏ တန်ခိုးတော်ကို မြင်တွေ့ခဲ့သော သက်သေရှိပါသလား? သင်မည်သို့ မြင်တွေ့ကြားခဲ့ကြောင်းကို အခြားသူအား ဖော်ပြ ပေးပါ။ ကျေးဇူးပြု၍ မျှဝေပါ။ (ဝေငှပါ။)

## "နှုတ်ကပတ်တော်၏အမျိုးအနွယ်" (မျိုးစေ့)

❖ ယေရှုသည် (ကမ္ဘာ ၃း၁၅)တွင် ပြောသော "အမျိုးအနွယ်" ဖြစ်ပြီး၊ ကမ္ဘာ ၁၅း၃ တွင် အာဗြဟံအား ကတိပြုခဲ့သည်။
❖ မဿဲ ၁၃း၃–၉–မျိုးစေ့ကြဲသူနှင့် မျိုးစေ့အကြောင်း ပုံဥပမာကို ငါတို့ဖတ်ရသည်။ ဘုရားသခင်သည် ငါတို့အား၊ ကောင်းကင်နိုင်ငံတော် နက်နဲသော အရာများကို သိနားလည်စေလိုသည်။
❖ ဘုရားသခင်သည် ငါတို့အား သူ၏ နှုတ်ကပတ်တော်များကို ဝေမျှပြီး၊ နားလည်သဘောပေါက်စေရန်၊ ကြားနိုင်သောနား၊ မြင်နိုင်သောမျက်စိကိုပေးထားသည်။ နှုတ်ကပတ်တော်သည် သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားဖြစ်သည်။ လူသားတို့၏ နှလုံးသားကိုယ်စားပြုသော မြေအမျိုးအစား အမျိုးမျိုးတွင် မျိုးစေ့ (နှုတ်ကပတ်တော်)ကို ကြဲသည်။ ထိုစကားလုံးသည် ငါတို့၏ နှလုံးသားထဲတွင် ဘာဖြစ်ပျက်နေသနည်း။
❖ မဿဲ ၁၃း၁၈–၂၃သည် ကျွန်ုပ်တို့အား ပုံဥပမာ၏ အနက်ကို ပေးခဲ့သည်။ ကျွန်ုပ်တို့ စိတ်နှလုံးထဲတွင် စိုက်ထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်မျိုးစေ့ကို ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်မည်နည်း။
❖ ၁ပေ–၁း၂၃"...မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့်၊ ဖြစ်ပွားသောကြောင့်...."
အငယ်–၂၅–"ထာဝရဘုရား၏ နှုတ်ကပတ်တော် တရားမူကား၊ ကာလအစဉ်အမြဲတည်၏။ ထိုနှုတ်ကပတ်တော်သည် သင်တို့အား ဟောပြောသော ဧဝံဂေလိတရားဖြစ်သတည်း။"

ရောမ ၁၀း၈ – "ခရစ်တော်သည် သင်တို့အထဲ၌ ရှိတော်မူလျှင်၊ ကိုယ်ကာယသည် အပြစ်ကြောင့် အသေဖြစ်သော်လည်း ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက်ရှိ၏။

**မေးခွန်း(၅)** နှုတ်ကပတ်တော်ကို ခံယူရန် သင့်နှလုံးသားသည် အဘယ်မြေအမျိုးအစားဖြစ်ရန် လိုသနည်း? ကျေးဇူးပြု၍ ထိုကတိသစ္စာကို သခင်ယေရှုထံသို့ ပြောပါ။

## "နှုတ်ကပတ်တော်၏ နို့"

❖ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ နှုတ်ကပတ်တော်များကို ကျွေးမွေးလိုသည်။ နုနယ်သော ခရစ်ယာန်များ (ကလေးအရွယ်ခရစ်ယာန်)သည် နှုတ်ကပတ်တော်၏ နို့ကို လိုအပ်သည်။ ကျွန်ုပ်တို့သည် "နှုတ်ကပတ် တရား၏ သန့်ရှင်းသော နို့ရည်ကို လိုချင်၍၊ ကြီးပွားခြင်းသို့ ရောက်ကြမည်။ (ကယ်တင်ခြင်းသို့ရောက်ရန် ကြီးပွားခြင်း)။ (၁ပေ–၂း၂)

❖ (ဟေဗြဲ ၅း၁၂-၆း၂) တွင် ဖော်ပြထားသော ဘုရားသခင်၏ ဗျာဒိတ်တော်များ၏ အခြေခံမှုများကို ကျွန်ုပ်တို့ သိရမည်။ (ဟေဗြဲ ၆း၁-၂) တွင် ၎င်းတို့သည် အခြေခံမှုများဖြစ်၍ ခရစ်ယာန်တိုင်း၏ အသက်တာအတွက် အရေးကြီးသော အခြေခံအချက်များဖြစ်သည်။

❖ ဧဖက် ၄း၁၃-၁၅ သည် ဘုရားသခင်၏ သားတော်အား သိကျွမ်းရန်၊ အရာခပ်သိမ်း၌ ကြီးပွားရန်၊ ကျွန်ုပ်တို့အား တိုက်တွန်းထားသည်။ "ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏအရပ်တည်းဟူသော ကြီးရင့်သော လူ၏ အဖြစ်သို့ ရောက်ကြသည့်တိုင်အောင် ဖြစ်သတည်း။"

❖ (၂ပေ ၁း၅-၈) ငါတို့သည် အသိပညာတိုး၍ "ငါတို့သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၊ မပျင်းရိစေခြင်းငှါ၎င်း၊ အကျိုးနဲ့မဖြစ်စေခြင်းငှါ၎င်း၊ ပြုပြင်တတ်ကြ၏။" (အသီးသီးတတ်၏။) ၎င်းသည် နှိုးတိုက်ကျွေး ရန် လိုအပ်သော သူငယ်များအဖြစ် ဆက်လက်ရှိနေရန်၊ ငါတို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက် မဟုတ်ပါ။ နှုတ်ကပတ်တော်၏ အသားကိုစားပြီး၊ ရင့်ကျက်သော အသက်တာသို့ ငါတို့ ရောက်ရန်ဖြစ်သည်။

❖ ထို့ကြောင့် ငါတို့ဆုတောင်းသည်မှာ "…. ငါတို့ သခင်ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီးသော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကို သိခြင်းအလိုငှါ၊ ပညာကို၎င်း၊ ထိုးထွင်းသော ဉာဏ်ကို၎င်း၊ သင်တို့အားပေးပါမည်အကြောင်း၊…." (ဧဖက် ၁း၁၇)

## "နှုတ်ကပတ်တော်၏ အသား"

❖ ဟေဗြဲ ၅း၁၄"… ကောင်းကျိုး၊ မကောင်းကျိုးကို ပိုင်းခြား၍ သိနိုင်သော ဉာဏ်ပေးတတ်သော၊ အကြားအမြင် အတွေ့အစမ်းများသောသူတည်းဟူသော၊ စုံလင်သောအရွယ်ရှိသော သူတို့မှုကား ကြေခဲသော အစာအဟာရကို သုံးဆောင်ရကြ၏။

❖ မဿဲ ၄း၄-တွင် "ယေရှုကလည်း၊ လူသည် မုန့်အားဖြင့်သာ အသက်မွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကို မွေးရမည်၊ ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။"

❖ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံသောအခါ အသက်ကို ရကြသည်။

❖ ယော ၆း၆၃ ယေရှုကဤသို့ ဆိုသည်။ "….ငါပြောသော စကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်း ဖြစ်၏"။

❖ ယော ၄း၃၄-ယေရှုက အသိအမှတ်ပြု၍ ထိုအရာသည် ခမည်းတော်၏ အလိုတော်ကို ဆောင်ရန် ဖြစ်သည်။ "ဘုရားသခင်၏ အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သိနိုင်မည် အကြောင်း၊ စိတ်နှလုံးကို အသစ်ပြုပြင်ဆင်၍၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့" (ရောမ၁၂း၂)။

❖ ယောဟန် ၆း၅၃-၅၈-ယေရှုကလည်း၊ "…. ငါ၏ အသားကို စား၍၊ ငါ၏အသွေးကိုလည်း သောက်သောသူသည် ထာဝရအသက်ကိုရ၏။" ဤစကားသည် အလွန်ခက်ခဲသည်။ "ထိုအခါမှစ၍ တပည့်တော်အများတို့သည် ကိုယ်တော်နှင့်မပေါင်းဘော်ဘဲ ဆုတ်သွားကြ၏။" (၆၆)။ ထိုသူတို့သည် ဤခက်ခဲ နက်နဲသော မိန့်တော်မူခြင်းကို မည်သူနားလည် နိုင်မလဲ။ (ငယ် - ၅၀)။

❖ ဘုရားသခင် နှုတ်ကပတ်တော်၏ အသားသည် ဖြောင့်မတ်ခြင်းတရား၏ နှုတ်ကပတ်တော်ဖြစ်သည်။ (ဟေဗြဲ ၅း၁၃)။ မြောက်များစွာသော ဘုရားသခင်၏ လူတို့သည် နှုတ်ကပတ်တော်၏ နို့ကိုသာ လက်ခံကြသည်။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ လူတို့သည် ရင့်ကျက်ခြင်းသို့ရောက်၍၊ ပြီးပြည့်စုံသော အသက်တာ၌ အသက်ရှင်ရန် ဖြစ်သည်။

❖ နှုတ်ကပတ်တော်ကို ဆာလောင်မွတ်သိပ်မှုအတွက် ဘုရားသခင်ထံ တောင်းလျှောက်ပြီး၊ နှုတ်ကပတ်တော်အတွက် လုံ့လ,ဝီရိယရှိသော လေ့လာသူ (ကျောင်းသား)တစ်ယောက်အဖြစ် သင့်ကို သင်မြှုပ်နှံပါ။ (ဆက်ကပ်ပါ)။

❖ ၂တိမောသေ ၂း၁၅"..... သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင့်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှါ၊ ကြိုးစားအားထုတ်လော့။"

မေးခွန်း(၆) ဟေဗြဲ ၅း၁၄ က နှုတ်ကပတ်တော်၏ ကြေခဲသော အစာကို စားနိုင်သောသူတို့အား အဘယ်ကတိပေးသနည်း?

❖ ဟေဗြဲ ၅း၁၃ တွင် ကြေခဲသော အစားအစာကို မည်သို့ ဖော်ပြသနည်း?

## "နှုတ်ကပတ်တော်"

❖ နှုတ်ကပတ်တော်သည် အသက်ရှင်လျက်

ဟေဗြဲ ၄း၁၂" ဘုရားသခင်၏ နှုတ်ကပတ်တော် တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်စုံခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုငင်း၊ အရိုးဆစ်နှင့် ပိုင်ခြား၍၊ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံး အကြံအစည်များကိုလည်း သိမြင်တတ်၏။"

❖ နှုတ်ကပတ်တော်သည် တန်ခိုးနှင့် ပြည့်စုံ၏

ရှင်ယောဟန် ၁း၁၂ " ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့ကား ဘုရားသခင်၏ <u>သား</u> ဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။

❖ ၁ကော ၂း၄ "သင်တို့၏ ယုံကြည်ခြင်းသည် လူ့ပညာအားဖြင့် မတည်၊ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် တည်စေခြင်းငှါ၊ ငါ့စကား ငါ့ဒေသနာသည် လူ့ပညာနှင့်ယှဉ်သော ဖြားယောင်းသော စကားနှင့်တကွ ရှိသည်မဟုတ်။ ဝိညာဉ်တော်၏ နိမိတ်လက္ခဏာ တန်ခိုးတော်နှင့်တကွ ရှိ၏။

❖ ၁ကော ၂း၂၀ "အကြောင်းမူကား၊ ဘုရားသခင်၏ နိုင်ငံတော်သည် စကား၌ တည်သည်မဟုတ်၊ တန်ခိုး၌ တည်၏။"

## "ဆေးကြောသည်" (နှုတ်ကပတ်တော်ရေ၌ ဆေးကြောသည်)

❖ ဖေက် ၅း၂၆ " ...... နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော်အဖို့ အလို့ငှါ၊ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။" ခရစ်တော်သည် အသင်းတော်ကို ချစ်၏။

## "သန့်ရှင်းသည်" (နှုတ်ကပတ်တော်သည် သန့်ရှင်းသည်)

❖ ရှင်ယောဟန် ၁၅း၃ "...သင်တို့သည် ငါဟောပြောသော စကားအားဖြင့် ယခုပင် သန့်ရှင်းလျက်ရှိကြ၏။"(အင်္ဂလိပ် ကျမ်းစာအရ)

### "သန့်စင်ပေးသည်" (နှုတ်ကပတ်တော်သည် သန့်စင်ပေးသည်)

❖ ဆာလံ ၁၂း၆ "ထာဝရ ဘုရားမိန့်တော်မူချက်တို့သည် သန့်ရှင်းခြင်းရှိ၍၊ မြေနှင့် မိုက်၌ ခုနစ်ကြိမ် စစ်သော ငွေကဲ့သို့ ဖြစ်၏။

### "တန်ခိုးတော်နှင့် အောင်မြင် တိုးပွားသည်"

❖ တမန် ၁၉း၂၀"ထိုသို့ ဘုရားသခင်၏ သာသနာတော်သည် တန်ခိုးနှင့် တိုးပွား၍၊ အောင်မြင်လေ၏" တမန် ၁၉း၁၀"..... အာရှပြည်သားဖြစ်သော ယုဒလူ၊ ဟေလသ လူအပေါင်းတို့သည် သခင်ယေရှု၏ နှုတ်ကပတ် တရားတော်ကို ကြားရကြ၏။"

"ထာဝရတည်လိမ့်မည်" (နှုတ်ကပတ်တော်သည် ထာဝရတည်)

❖ မာကု ၁၃း၃၁ "ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း၊ ငါ့စကားတည်လိမ့်မည်။

"ဘုရားသခင်ကို ထင်ရှားစေ၏" (နှုတ်ကပတ်တော်သည် ဘုရားသခင်ကို ထင်ရှားစေ၏)

❖ ၁ရာ၃း၂၁"....ထာဝရဘုရားသည် "ရှိလောမြို့"၌ အထပ်ထပ်ထင်ရှားတော်မူ၍ ထာဝရဘုရား၏ နှုတ်ကပတ်တော်အားဖြင့် "ရှမွေလ"အား ဗျာဒိတ်ပေးတော်မူ၏။ ရှမွေလစကားသည်လည်း ဣသရေလ အမျိုးတရှောက်လုံးကို နှံ့ပြားလေ၏။"

"ယုံကြည်ခြင်းကို တိုးပွားစေသည်။" (နှုတ်ကပတ်တော်သည် ယုံကြည်ခြင်းကို တိုးပွားစေသည်)

❖ ရောမ ၁၀း၁"....သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏။

### "ဘုရားသခင်၏ အလိုတော်ကို ထင်ရှားစေသည်။"

❖ မဿဲ ၂၈း၂၀"....ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ၊ ဆုံးမဩဝါဒပေးကြလော့။

❖ ယော (၇း၁၆-၁၇) ".... ငါဟောသော ဒေသနာသည် ငါ၏ ဒေသနာမဟုတ်။ငါ့ကို စေလွှတ်တော်မူသော သူ၏ ဒေသနာဖြစ်၏။ ထိုသူ၏ အလိုတော်ကို လိုက်ချင်သောသူ မည်သည်ကား၊ ဤဒေသနာ သည် ဘုရားသခင်၏ ဒေသနာတော်ဖြစ်သလော။ ငါသည် ကိုယ်အလိုအလျောက် ဟောပြောသလောဟု ပိုင်းခြား၍ သိလိမ့်မည်။

❖ ယော ၁၅း၇"...သင်တို့သည် ငါ၌တည်၍၊ ငါ့စကားသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။

မေးခွန်း(၇) နှုတ်ကပတ်တော်၏ အံ့မခန်းအကျိုးသက်ရောက်မှု ငါးခုကို စာရင်းပြုစုပါ။

### "ကျမ်းစာရှိသမျှသည် ဘုရားထံမှ မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၏"။

❖ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ပါဝင်ခြင်း သက်သက်မဟုတ်ပါ။ ၎င်းသည် ဘုရားသခင် နှုတ်ကပတ်တော်ဖြစ်သည်။

❖ ၂တိမောသေ ၃း၁၆"... ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော် မူသောအားဖြင့် ဖြစ်၍"

❖ ဘုရားသခင်သည် လူတို့အားစုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုတော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။ ၎င်း၏ ဘုရားသခင်မှုတ်သွင်းခြင်း၏ ရည်ရွယ်ချက်အတွက် ရေထားခြင်းဖြစ်သည်။

❖ ရောမ ၁၅း၄ "...ငါတို့သည် ကျမ်းစာ၌ပါသော သီးခံခြင်း၊ သက်သာခြင်း အကြောင်းများကို အမှီပြု၍ မျှော်လင့်ရသော အခွင့်ရှိစေခြင်းငှါ၊ ကျမ်းစာ၌အထက်က ရေးထားသမျှသည် ငါတို့ကို ဆုံးမဩဝါဒ ပေး၍ ရေးထားသတည်း။"

❖ ၂ပေ ၁း၂၀–၂၁"ကျမ်းစာ၌ ပါသော အနာဂတ္တိစကား မည်သည်ကား ကိုယ်အလိုအလျောက် အနက်မဖော်ဟု ရှေးဦးစွာ သိမှတ်ကြလော့။အကြောင်းမူကား၊ အနာဂတ္တိ စကားသည် လူအလိုအားဖြင့် ဖြစ်ဘူးသည်မဟုတ်၊ ဘုရားသခင်၏ သန့်ရှင်းသော သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏။"

"၎င်းသည် ယေရှုခရစ်တော်ကို ဖော်ပြသည်။"

❖ ရှင်လုကာ ၂၄း၂၇ "ထိုအခါ မောရှေ၏ ကျမ်းစာမှစ၍၊ ပရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကို ရည်မှတ်၍၊ ရေးထားသမျှသော ကျမ်းစာအချက်အနက်ကို ရှင်းလင်းစွာ ဖော်ပြတော်မူ၏။

မေးခွန်း (၈) ဘုရားသခင်မှုတ်သွင်းသော ကျမ်းစာမည်မျှ ရှိသနည်း?
ယောဟန် ၅း၃၉ပါ ကျမ်းချက်၏ အဓိက ရည်ရွယ်ချက်ကား အဘယ်နည်း?

"နှုတ်ကပတ်တော်၌ သင်ကြားခဲ့သည်။"

❖ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဆရာဖြစ်သည်။

❖ ဟေရှာယ ၃၀း၂၀–၂၁"...ထိုအသံကို ကြားသောအခါ ထူးတော်မူလိမ့်မည်။ ထာဝရဘုရားသည် သင့်အား၊ ဒုက္ခမုန့်ကို ကျွေး၍၊ ဆင်းရဲခြင်းရေကို တိုက်တော်မူသော်လည်း၊ သင်၏ဆရာတို့သည် နောက်တဖန် ပုန်းရှောင်၍ မနေရကြ။ ကိုယ်မျက်စိနှင့် ကိုယ့်ဆရာတို့ကို မြင်ရလိမ့်မည်။ သင်သည် လက်ျာဘက်၊ လက်ဝဲဘက်သို့ လမ်းလွှဲလျှင်၊ ဤမည်သောလမ်းမှန်၏။ ဤလမ်း၌ သွားလော့ဟု သင့်နောက်၌ပြောသော စကားသံကို ကိုယ်နားနှင့် ကြားရလိမ့်မည်။

ရှင်ယောဟန် ၁၄း၂၆"... ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဇ္ဈာယ် ဆရာတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသော အရာတို့ကို ပြသသွန်သင် တော်မူ၍ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသော ဉာဏ်ကို သင်တို့အား ပေးတော်မူမည်။"

ရှင်ယောဟန် ၁၆း၁၃ "... ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည် မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။......"

"သင်ကြားခြင်းသည် ဆုကျေးဇူးတစ်ခုဖြစ်သည်"

❖ (ရောမ ၁၂း၆-၇) သင်ကြားခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်နှင့်အညီ ပေးသော ဆုကျေးဇူး တစ်ခုဖြစ်သည်။

❖ (၁ကော ၁၂း၂၈) အသင်းတော်၌ ဓမ္မဆရာတို့ကို ခန့်ထားတော်မူသော ဘုရားသခင်ပေတည်း။

❖ (ဧဖက် ၄း၇-၁၁) ဓမ္မဆရာသည် သာသနာတော်၏ မြင့်မြတ်သော ဆုကျေးဇူးတစ်ခုဖြစ်သည်။

❖ (ယာကုပ် ၃း၁) ဆရာများအတွက် အထူးသတိပေးချက်ဖြစ်သည်။

**'ယုံကြည်သူတိုင်း နှုတ်ကပတ်တော်ကို သွန်သင်ရန် နိုးကြားတက်ကြွရမည်'**

❖ (ဟေဗြဲ ၅း၁၂ မှ ၆း၂)

❖ ယုံကြည်သူအားလုံးသည် ယုံကြည်ခြင်း၏ အခြေခံ အုတ်မြစ်များကို အခြားသူများအား၊ သွန်သင်ပေးနိုင်ရန် သင်ကြားပေးရမည်။

❖ (၁ပေ ၄း၁၁) ကျွန်ုပ်တို့သည် ဘုရားသခင်ပေးထားသော ဗျာဒိတ်တော် နှုတ်ကပတ်တော်တို့ကို ပြောရမည်။

**'သင်းအုပ်များသည် သင်ကြားပေးနိုင်သူ ဖြစ်ရမည်။'**

❖ တိတု ၁း၉ "...စင်ကြယ်သော ဩဝါဒအားဖြင့် တိုက်တွန်းသွေးဆောင်ခြင်းငှါရင်း၊ ငြင်းခုံသော သူတို့၏ စကားကို ချေခြင်းငှါ၊ တတ်နိုင်မည်အကြောင်း၊ ကိုယ်တိုင်သင်ပြီးသော သစ္စာစကားတော်ကို အမြဲ စွဲလမ်းသောသူ ဖြစ်ရမည်။"

❖ (၁တိ ၃း၂)သင်းအုပ်များသည် နှုတ်ကပတ်တော်ကို သင်ကြားပေးနိုင်သူ (ဆုံးမဩဝါဒပေးနိုင်သူ) ဖြစ်ရမည်။

**'ခရစ်တော်အသင်းထဲ၌ တလ္လာဝေါ်ဝင်းစုံတွင် ကြီးပွားသည်'**

❖ (ဧဖက် ၄း၁၁-၁၆) သွန်သင်ခြင်း၏ ပန်းတိုင်မှာ အသင်းတော်အား ရင့်ကျက်လာစေရန် ဖြစ်သည်။

**'ဘုရားပေးတော်မူသော ထိထိတ်ပေးသော ဆရာများ'**

❖ ၁ယော ၂း၂၀ " သင်တို့သည် သန့်ရှင်းတော်မူသော ဘုရား၏ လက်မှ ဘိသိက်ကျေးဇူးတော်ကို ခံရ၍၊ ခပ်သိမ်းသော အရာတို့ကို သိကြ၏။

❖ အငယ် – ၂၇"သို့သော်လည်း သန့်ရှင်းတော်မူသော ဘုရား၏ လက်မှ သင်တို့ခံရသော ဘိသိက် ကျေးဇူးတော်သည် သင်တို့၌ရှိသည်ဖြစ်၍ အဘယ်သူမျှ သင်တို့ကို ဆုံးမဩဝါဒ ပေးစရာ အကြောင်းမ ရှိ။ ထိုဘိသိက်ကျေးဇူးတော်သည် ဖြစ်ယောင်ဆောင်သည်မဟုတ်၊ အမှန်ဖြစ်လျက် ခပ်သိမ်းသော အရာတို့ကိုသင်တို့အားသွန်သင်တော်မူသည့်အတိုင်း၊သင်တို့သည်သားတော်၌တည်နေကြလော့။"

❖ ကျွန်ုပ်တို့၏ အသက်တာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ ဘိသိက်ပေးခြင်းကို ကျွန်ုပ်တို့အား သွန်သင်ပေးသည်။

❖ သန့်ရှင်းသော ဝိညာဉ်တော်ကို တောင်းလျှောက်ပါ။ သူသည် အပြစ်စီရင်ခြင်း၊ သွန်သင်ခြင်း၊ ခပ်သိမ်း သော အရာတို့ကို သင့်အား ဖော်ပြလိမ့်မည်။

မေးခွန်း (၉) နှုတ်ကပတ်တော် သင်ကြားခြင်း၏ ပန်းတိုင်ကား အဘယ်နည်း?

❖ တစ်စုံတစ်ယောက် ယူဆောင်လာသော သွန်သင်ချက်သည် ဘုရားသခင်၏ နှုတ်ကပတ်တော် အမှန် တကယ် ဟုတ်မဟုတ် ကျွန်ုပ်တို့ မည်သို့ သိနိုင်မည်နည်း။

# အခန်း(၃)
## သန့်ရှင်းသော ဝိညာဉ်တော်ကား မည်သူနည်း။

- ရှင်ယောဟန် ၇း၃၇-၃၉"... ထိုပွဲကို ခံ၍ နောက်ဆုံးဖြစ်သော နေ့မြတ်၌ ယေရှုသည် ရပ်၍၊ ကြွေးကြော်တော်မူသည်ကား၊ ရေငတ်သော သူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း၊ အသက်ရေထွက်ရာ စမ်းရေးတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော ယုံကြည်သောသူတို့သည် ခံရလတ့်သော ဝိညာဉ်တော်ကို ရည်မှတ်၍၊ မိန့်တော်မူ၏။ ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့်၊ သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးတော်မမူသေး။"
- ဤကျမ်းချက်၌ သခင်ယေရှုသည် ရေနှင့်မြစ်များကို ရည်ညွှန်းသည့် ဓမ္မဟောင်းကျမ်းကို အတည်ပြု၍ လူတို့၏ အသက်တာအားဖြင့် သန့်ရှင်းသော ဝိညာဉ်၏ ဓမ္မအမှုတော်ကို ညွှန်ပြသည်။

ခမည်းတော်၏ ကတိတော်

- (တမန်တော် ၁း၄)တွင် ယေရှုက"ခမည်းတော်၏ ကတိတော်"ကို စောင့်မျှော်ရန် မိန့်တော်သည်။ ခမည်းတော်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်ရန် ကတိပြုခဲ့သည်။
- လုကာ ၂၄း၄၉ "...ငါ့ခမည်းတော်၏ ဂတိရှိသည်အတိုင်း၊ သင်တို့၌ ငါပြုဦးမည်။ သို့ဖြစ်၍၊ သင်တို့သည် ကောင်းကင်က တန်ခိုးကို မခံမှီနိုင်အောင် ယေရှုရှလင်မြို့၌ နေကြဦးလော့ဟု မိန့်တော်မူ၏။
- ရှင်ယောဟန် ၁၄း၂၆"...ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပစ္စာယ ဆရာတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား၊ ခပ်သိမ်းသော အရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားများကို မှတ်မိသော ဉာဏ်ကို သင်တို့အား ပေးတော်မူမည်။

**"သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်၏ ကတိတော်ဖြစ်သည်။"**

- ဓမ္မဟောင်းကျမ်းမှ ကျမ်းတစ်ချို့တွင် ဝိညာဉ်တော်၏ ကတိတော်အကြောင်း ပါဝင်သည်။
- ယောလအနာဂတ္တိကျမ်း ၂း၂၈"...ထို့နောက်မှ လူမျိုးတကာတို့အပေါ်သို့ ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။"
- တမန်တော် ၂း၁၇-၂၁ တွင် ပေတရုသည် ယောလအနာဂတ္တိကျမ်းကို ကိုးကားသည်။ တမန်တော် ၂း၁၆တွင် ပေတရုဘာပြောသနည်း?
  " ....ဤအရာကား "ပရောဖက်ယောလ"ဟောဘူးသော အရာဖြစ်သတည်း။"
- ယေဇကျေလ ၃၆း၂၆-၂၇"... စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘော သစ်ကို သွင်းထားမည်။ သင်တို့ ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကို နှုတ်၍ အသားနှလုံးကို ပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့် သင်တို့သည် ငါ၏တရားလမ်းသို့လိုက်၍ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်။"
- (ယေရမိအနာဂတ္တိကျမ်း ၃၁း၃၁-၃၄) "ပဋိညာဉ်တရားသစ်"ကို ရည်ညွှန်းသည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့်စိတ်တွင် သူ၏ တရားတော်ကို ရေးသားထားမည်ဖြစ်သည်။

❖ ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်လက်ခံပြီးသည်နှင့် ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်ရန် စေလွှတ်သောအားဖြင့် ဘုရားသခင်သည် ဤအရာကို လုပ်ဆောင်သည်။ ဟေဗြဲ ၈း၈–၁၂, ၁၀း၁၆ ကျမ်းပိုဒ်များကို ကိုးကားထားသည်။

❖ ဇာခရိအနာဂတ္တိကျမ်း ၄း၆ "... ဗိုလ်ခြေအားဖြင့် မဟုတ်၊အာဏာတန်ခိုးအားဖြင့် မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်ဟု ...."

❖ တန်ခိုးနှင့် အာဏာသည် အဘယ်အရာကို ရည်ညွှန်းသနည်း။
တန်ခိုးသည် လူသားတို့၏ ခွန်အားကို ရည်ညွှန်း၍၊ အထူးသဖြင့် လက်နက်ကိုင် စေခိုင်းမှုကို ရည်ညွှန်းသည်။ အခွင့်အာဏာကို လူသားတို့၏ စွမ်းရည်ကို ရည်ညွှန်းသည်။

❖ ဟေရှာယ ၄၄း၁၉ တွင် သဲကန္တာရထဲမှ မြစ်များဆိုသော ကတိတစ်ခုကို တွေ့ရသည်။ ရှင်ယောဟန် ၇း၃၈နှင့် ၎င်းကို နှိုင်းယှဉ်ပါ။

❖ ယေရှာယ ၁၂း၃ "... သင်တို့သည် ဝမ်းမြောက်သောစိတ်နှင့် ကယ်တင်ခြင်း စမ်းရေတွင်းတို့၌ ရေခပ်ရကြလိမ့်မည်။ (အသက်ရှင်သော ရေအကြောင်းပြောခြင်း)

မေးခွန်း (၁) ဟေရှာယ ၅၉း၂၁တွင် ဘုရားသခင် ကတိပြုထားသည့် ပဋိညာဉ်တရားအကြောင်းကို ကျွန်ုပ်တို့နှင့်အတူ ပြုလုပ်မည်ဟုဆိုသော အရာကဘာလဲ?

## 'လောက၌ သန့်ရှင်းသော ဝိညာဉ်တော်'

❖ သန့်ရှင်းသော ဝိညာဉ်တော်သည် ဖန်ဆင်းခြင်း၌ တက်ကြွလှုပ်ရှားခဲ့၏။ ကမ္ဘာဦးကျမ်း ၁း၂ "... မြေကြီးသည် အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။

❖ သန့်ရှင်းသော ဝိညာဉ်တော်သည် သခင်ယေရှု ဤလောကသို့ ကြွလာတော်မမူမီကာ တစ်လျှောက်လုံး ဤလောက၌ လုပ်ဆောင်ခဲ့သည်။

❖ သို့သော် ဘုရားသခင်၏ သားတော်သည် ဤလောကအတွက် ရွေးနုတ်ခြင်းကို ပြသွာန်းရန် ကြွလာချိန်အထိ ဘုရားသခင်၏ ရည်ရွယ်ချက်များကို ပြည့်ပြည့်စုံစုံ ထုတ်ဖော်ပြသနိုင်ခြင်း မရှိခဲ့ပုံရသည်။ သူသည် သူ၏အချိန်မဟုတ်(မရောက်)သောကြောင့် ဘုရားသခင်၏ အလိုတော်အတိုင်း ပြည့်စုံခြင်းသို့ ယခင်ကမရောက်ခဲ့ပေ။

❖ ရှင်ယောဟန် ၇း၃၉–"..... ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးတော်မမူသေး။"

❖ ဓမ္မဟောင်းကျမ်းထဲရှိ ဥပမာတချို့ကို ကြည့်သောအခါ၊ ယေရှုမကြွလာခင်အချိန်တွင် ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်မှုကို တွေ့ရသည်။

❖ တရားသူကြီးမှတ်စာ ၁၄း၆ " ထာဝရ ဘုရား၏ ဝိညာဉ်တော်သည် (ရှံဆုန်) အပေါ်မှာ သက်ရောက်သဖြင့် သူသည် ဆိတ်သငယ်ကို ဆွဲဖြတ်သကဲ့သို့ ထိုခြင်္သေ့ကို ဆွဲဖြတ်၏။ (အငယ် –၁၉)တွင် ထာဝရ ဘုရား၏ ဝိညာဉ်သည် ရှံဆုန်ပေါ်မှာ သက်ရောက်သဖြင့် သူသည် အာရှကေလုန်မြို့ သို့သွား၍ မြို့သားသုံးဆယ်ကို သတ်ပြီးမှ ...."

- ❖ တရားသူကြီးမှတ်စာ ၆း၃၄ " ထာဝရ ဘုရား၏ ဝိညာဉ်တော်သည် ဂိဒေါင်အပေါ်မှာ သက်ရောက်၍၊ သူသည် တံပိုးမှုတ်သဖြင့် အဗျေဇာသားတို့သည် လိုက်ကြ၏။
- ❖ သန့်ရှင်းသော ဝိညာဉ်သည် ထိုသူတို့အပေါ်မှာ သက်ရောက်၍ တန်ခိုးကြီးသော လုပ်ဆောင်မှုများ ပြုလုပ်ရန် သူတို့ကို ခွန်အားပေး၍ သဘာဝအတိုင်းမရှိသော ခွန်အားနှင့် ရဲရင့်မှုကို ပေးသည်။
- ❖ သခင်ယေရှုကြွလာသောအခါ၊ ယေရှုက သင်၏ အတွင်းနှလုံးသားမှ ထွက်သော အသက်စမ်းရေမြစ်များ ရှိလိမ့်မည်ဟု မိန့်တော်မူ၏။ (ယော ၇း၃၈)
- ❖ သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူတိုင်း၏ စိတ်နှလုံးအတွင်း ဝင်လာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၌ သဘာဝအတိုင်း မရှိသော ခွန်အားနှင့် ရဲရင့်မှုကို ပေးသည်။
- ❖ အပြောင်းအလဲကို သတိပြုမိသည်။ ဓမ္မဟောင်းကာလတွင် ဘုရားသခင်၏ အမှုတော်ကို လုပ်ဆောင်နိုင်စေရန် ရွေးချယ်ခံရသူ တစ်ချို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် သက်ရောက်သည်။ ဓမ္မာကျမ်းတွင် ယုံကြည်သူတိုင်း၏ စိတ်နှလုံးသားထဲ၌ ဝိညာဉ်တော် ကျိန်းဝပ်ပြီး၊ပရောဖက်၊ ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင်ဖြစ်မည်ဟု ယုံကြည်သူတို့ကို စေခိုင်းသည်။

မေးခွန်း(၂) ကျေးဇူးပြု၍ ယေရှုမကြွလာမီ သန့်ရှင်းသော ဝိညာဉ်တော် မည်သို့ လုပ်ဆောင်ခဲ့ပုံနှင့် ယခု ယေရှုဘုန်းထင်ရှားတော်မူပြီးကြား ခြားနားချက်ကို ရှင်းပြပါ။

– သန့်ရှင်းသော ဝိညာဉ်တော်သင့်အထဲ၌ နေထိုင်ရန် ရောက်ရှိလာသည်ကို သင့်တွေ့ကြုံဖူးပါသလား? ရှင်းပြပါ။

"ယေရှုနှင့် သန့်ရှင်းသော ဝိညာဉ်တော်"

- ❖ (နှစ်ခြင်းဆရာ) ယောဟန်သည် သခင်ယေရှုကြွလာခြင်းနှင့် ထိုအချိန်က သန့်ရှင်းသော ဝိညာဉ်တော်၏ ထင်ရှားခြင်းကို (ယော ၁း၃၂–၃၄)တွင် အသိအမှတ်ပြုသည်။
- ❖ ယော ၁း၃၃"....ရေ၌ ဗတ္တိဇံကို ပေးစေခြင်းငှါ၊ ငါ့ကိုစေလွှတ်တော်မူသောသူက၊ အကြင်သူ၏အပေါ်၌ ဝိညာဉ်တော်ဆင်းသက်၍၊ နားတော်မူသည်ကို သင်သည်မြင်လျှင်၊ ထိုသူကား၊ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကို ပေးသောသူပေတည်းဟု မိန့်တော်မူသည်နှင့်အညီ၊
- ❖ ယော ၃း၃၄– ".... ထိုသူ(ယေရှု)အား ဘုရားသခင်သည် ဝိညာဉ်တော်ကို အတိုင်းအရှည် မရှိဘဲ ပေးတော်မူ၏။
- ❖ ဟေဗြဲ ၁း၉ယ "... သို့ဖြစ်၍၊ သင်၏ ဘုရားသခင်သည် သင်၏ အပေါင်းအဘော်များထက် ရွှင်လန်းသောဆီနှင့် ဘိသိက်ပေးတော်မူပြီ။" ( NIV)
- ❖ စာရေးသူ (ဆာလံဆရာ)သည် ဆာလံ ၄၅း၇ကို ကိုးကားသည်။ ဆာလံ – ၄၅သည် ခရစ်တော်နှင့် သူ၏ အသင်းတော်အကြောင်းပြောသော မေရှိယ ဆာလံ ဖြစ်သည်။

မေးခွန်း(၃) ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း၊ နှစ်ခြင်းဆရာယောဟန်၏ နိမိတ်လက္ခဏာကား အဘယ်နည်း?

– ဓမ္မဟောင်းကျမ်းတွင် သခင်ယေရှုအား ယုံကြည်သူများ (သူတော်စင်များ)နှင့် ခြားနားစေသော အရာအသစ်မှာ အဘယ်အရာဖြစ်ခဲ့သနည်း?

ယေရှုသည် ကျွန်ုပ်တို့ လိုက်လျှောက်ရန် ပုံသက်သေချမှတ်ခဲ့သည်။

- ရေ၌ ဗတ္တိဇံခံခြင်းနှင့် ဝိညာဉ်တော်၌ ပြည့်နေခြင်း
- (မဿဲ ၃း၁၃–၁၇) သူ၏ နှစ်ခြင်းခံခြင်းသည် သူ၏တန်ခိုးကြီးသော လူထုဓမ္မမှုဆောင်ဖြစ်ခြင်း၏ အစ ဖြစ်သည်။
- (လုကာ ၄း၁) ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တောသို့ ပို့ဆောင်ပြီး၊ မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။
- (လုကာ ၄း၁၄) ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးတော်အားဖြင့် တောအရပ်မှ ဂါလိလဲပြည်သို့ ပြန်၍၊
- (လုကာ ၄း၁၈) ယေရှုသည် သူ၏ သာသနာလုပ်ငန်းကို ကြေငြာပြီး ရှင်းလင်းသည်။ " ... ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။"
- ယေရှုသည် သန့်ရှင်းသော ဝိညာဉ်၌ ပြည့်ဝခြင်းနှင့် တန်ခိုးမရရှိမီတိုင်အောင် သူ၏ လူထုဓမ္မအမှုဆောင်လုပ်ငန်းကို မ,စတင်ခဲ့ပေ။

မေးခွန်း(၄) – ယေရှု၏ စံနမူနာအရ သခင်ဘုရားအတွက် ထိရောက်သော ဓမ္မအမှုတော်ကို လုပ်ဆောင်ရန် ကျွန်ုပ်တို့အတွက် အဘယ်အရာ လိုအပ်သနည်း?

**"သခင်ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းကြွလာခြင်းနှင့် သူ၏ ဓမ္မအမှုတော်အကြောင်းကို မိန့်တော်မူခဲ့သည်။"**

- ယော ၁၄း၁၆ "ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးတည်းသော ဥပဇ္ဈာယ် ဆရာကို သင်တို့နှင့်အတူအစဉ်မပြတ် တည်နေစေခြင်းငှါ၊ သင်တို့အား၊ ပေးတော်မူမည်။"
- ဂရိစကားလုံး "parakletos" ၏ အဓိပ္ပါယ်မှာ ကူညီသော သူဖြစ်သည်။
- ဤစကားလုံး၏ အဓိပ္ပါယ်မှာ ကြားဝင်ဆောင်ရွက်ပေးသူ၊ နှစ်သိမ့်ပေးသူ၊ ကူညီသူ၊ ထောက်ပံ့သူ၊ အတိုင်ပင်ခံ ဖြစ်သည်။
- သမ္မာကျမ်းစာမဟုတ်သော စာပေများတွင် "ပါရာကလက်တို" (parakletos) သည် အခြားသူ၏ ကိုယ်စား တရားရုံးတွင် အမှုရင်ဆိုင်ရသည့် ရှေ့နေတစ်ဦး၏ နည်းပညာဆိုင်ရာ အဓိပ္ပါယ်ရှိသည်။
- သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်များကို ဧဝံဂေလိတရားမှန်ကို ပိုမိုသိရှိနားလည်စေရန် ပို့ဆောင်ပေးသည်။
- ယေဘုယျအကူအညီနှင့် လမ်းညွှန်မှုအပြင် လောကစနစ်၏ ရန်လိုမှုကို ခံနိုင်ရည်ရှိရန် ခွန်အားပေးတော်မူ၏။

  **(Word Wealth, Spirit filled life Bible, p . 1605)**
- ယော ၁၄း၁၇ "ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိ၊မမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့် အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့ သိရကြ၏။
- ယော ၁၄း၂၆ "....သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသော အရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသော ဉာဏ်ကို သင်တို့အား ပေးတော်မူသည်။"

- ယေဟန် ၁၆း၂၆–"ခမည်းတော်ထံမှ ထွက်လာ၍ သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တော်တည်းဟူသော ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတ့်သော ဥပဓ္ဈာယ်ဆရာသည် ရောက်လာသောအခါ ငါ၏ အကြောင်းကို သက်သေခံလိမ့်မည်။"
- ယော ၁၆း၇"...ငါသွားလျှင် သင်တို့ အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင်၊ ဥပဓ္ဈာယ်ဆရာသည် သင်တို့ဆီသို့ မလာ, ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။"
- ယော ၁၆း၈–၁၁, " ဥပဓ္ဈာယ်ဆရာသည် ရောက်လာလျှင် ဒုစရိုက်အပြစ်ကိုရင်း၊ အပြစ်ကင်းခြင်းကိုရင်း၊ အပြစ်စီရင်ခြင်းကို ၎င်း၊ လောကီသားတို့အား ထင်ရှားစွာ ဖော်ပြမည်။
- ယော ၁၆း၁၃, "....ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည် မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သော အရာတို့ကိုလည်း သင်တို့အား ဖော်ပြလိမ့်မည်။
- ယော ၁၆း၁၅, "ခမည်းတော်နှင့် စပ်ဆိုင်သမျှသည် ငါနှင့်စပ်ဆိုင်၏။ ထို့ကြောင့် ငါနှင့်စပ်ဆိုင်သောအရာကို ယူ၍ သင်တို့အား ဖော်ပြလိမ့်မည်။
- သန့်ရှင်းသော ဝိညာဉ်တော်သည် ခမည်းတော်နှင့်သားတော်ထံမှလာ၍ ဘုရားသခင်သည် ငါတို့ကို သိစေခြင်းငှါရင်း၊ နူတ်ကပတ်တော်ကို ငါတို့အား ဝေငှခြင်းရင်း စေလွှတ်ခြင်းဖြစ်သည်။

မေးခွန်း (၅) သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ အထောက်အမအဖြစ် လုပ်ဆောင်မည့် အထက်ဖော်ပြပါ အချက်လေးချက်ကို စာရင်းပြုစုပါ။

**"ပဋိညာဉ်တရားသစ်"**

- ဘုရားသခင်သည် လူသားမျိုးနွယ်များကို မိမိအားဖြင့် ပြန်လည်ထူထောင်ရန် အစီအစဉ်ရှိခဲ့သည်။ ၎င်းသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပြန်လည်မွေးဖွားခြင်း ဖြစ်သည်။ (ယော ၃း၅–၆)၊ ကျွန်ုပ်တို့အား မိတ်သဟာယဖွဲ့ခြင်း၊ ပေါင်းစည်းခြင်းသို့ယူဆောင်လာ၍ ၊ ဘုရားသခင် ကိုယ်တော်တိုင်နှင့် အတူ ပြန်လည် တင့်မြတ်စေသည်။
- ပရောဖက်များအားဖြင့် ဘုရားသခင်သည် လူအပေါင်းတို့နှင့် ပဋိညာဉ်တရားသစ်ကို ဖွဲ့မည်ဟု ကတိပြုခဲ့သည်။
- ယော ၄း၂၄,"ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင် နံဝိညာဉ်နှင့်ရင်း၊ သစ္စာနှင့်ရင်း၊ ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။
- ပဋိညာဉ်တရားသစ်အားဖြင့် ဘုရားသခင်သည် သူ၏ လူတို့အား ထင်ရှားကြသော နည်းလမ်းတစ်ခုဖြစ်၍ ထိုနည်းလမ်းဖြင့် ဓမ္မဟောင်း ယုံကြည်သူများ (သန့်ရှင်းသူများ) သာလျှင် ရှုပါရုံနှင့် ပရောဖက်ပြုချက်၌ မြင်၏။

**"လူသားမျိုးနွယ်သည် ဘုရားသခင်ကို ရန်ငြိုးဖွဲ့ခြင်းဖြင့် လူ့ဇာတိ၌ ကျဆင်းသွားခဲ့သည်။**

- သန့်ရှင်းသော ဝိညာဉ်တော်သည် လူသားမျိုးနွယ်၏ ပြဿနာအတွက် အဖြေဖြစ်သည်။
- ဂလာတိ ၅း၁၆, " ငါပြညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်း၊ ကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့ မလိုက်ဘဲ နေကြ၏။
- အငယ်–၁၇ " ဇာတိ ပကတိနှင့် ဝိညာဉ်ပကတိသည် တပါးနှင့်တပါး ဆန့်ကျင်သော အလိုရှိကြ၏။

❑ အငယ် ၁၈, " ဝိညာဉ်ပကတိအလိုသို့ လိုက်လျှင်၊ ပညတ်တရားနှင့် လွတ်ကြ၏။"

❑ (အငယ် ၁၉–၂၁)အရ ဇာတိပကတိ အကျင့်များကို စာရင်းပြုစုပါ။

❑ အငယ် ၂၁, " ထိုသို့သော အကျင့်ကို ကျင့်သောသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြ ...."

❑ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သွန်သင်ပေးရန်နှင့် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲမှာ စကားပြောရန် သန့်ရှင်းသော ဝိညာဉ်တော်ကို လိုအပ်သည်။ သူ (သန့်ရှင်းသော ဝိညာဉ်တော်) မရှိဘဲ လောကကို အောင်နိုင်ဖို့ မဖြစ်နိုင်ပါ။

မေးခွန်း(၆) ဂလာတိ ၅း၁၆–၂၃နှင့် ရောမ ၈း၁၃–၁၄ အရ ကျွန်ုပ်တို့၏ အသွေးသား(ဇာတိပကတိ) ကို အောင်နိုင်ရန် သော့ချက်ကားအဘယ်နည်း?
ဤနည်းလမ်းအားဖြင့် လိုက်လျှောက်ခြင်း၏ အသီးကားအဘယ်နည်း။

## "ပဋိညာဉ်တရားသစ်သည် ဝိညာဉ်တော်၌ တည်၏"

❑ ဘုရားသခင်သည် မိမိလူတို့အား ဝိညာဉ်တော်ကို ကတိပြုခဲ့သည်။ (ယေဇကျေလ ၃၆း၁၆–၁၇) တွင် ပို၍ ကောင်းသော ပဋိညာဉ်တရားသစ်ကို ပေးမည်ဟု ကတိပြုခဲ့သည်။ ၎င်းမှာ ဝိညာဉ်တော်သည် ကြွလာ၍ ဘုရားသခင်၏ လူတို့အထဲ၌ ကျိန်းဝပ်နေလိမ့်မည်။

❑ လူသားမျိုးနွယ်ကို ရွေးနှုတ်ရန် ကယ်တင်ရှင်၏ အသေခံခြင်းကို လိုအပ်သည်။ အသွေးတော်သည် ငါတို့ကို အပြစ်မှ ကင်းစင်စေတော်မူသဖြင့်၊ ငါတို့သည် ဘုရားသခင်၏ ဝိညာဉ်တော်ကို ခံရမည် အကြောင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားကို လက်ခံသောအခါ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို ကျွန်ုပ်တို့ ရရှိလိမ့်မည်။

❑ တမန်တော် ၂း၃၈, " ပေတရုကလည်း၊ သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ၊ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။

❑ ကျွန်ုပ်တို့၏ အပြစ်ကို နောင်တရပြီး ခရစ်တော်၏ လက်ဝါးကပ်တိုင်းမှာ အသေခံခြင်းအားဖြင့် ခွင့်လွှတ်ခြင်း မခံရပါက ကျွန်ုပ်တို့၏ အသက်တာထဲသို့ ဘုရားသခင်၏ ဝိညာဉ်ကို ကျွန်ုပ်တို့ မခံယူနိုင်ပါ။

❑ တမန် ၁၉း၁–၆ ဖေက်မြို့၌ ရှင်ပေါလုတွေ့သော တပည့်တော်များသည် ဧဝံဂေလိတရားကို မကြားသေးဘဲ၊ နှစ်ခြင်းဆရာယောဟန်၏ သွန်သင်ချက်ကိုသာ လက်ခံခဲ့ကြသည်။ ဝိညာဉ်တော် မခံယူမီ သူတို့သည် ယေရှုကို ယုံကြည်လက်ခံပြီး၊ ယေရှုနာမ၌ ဗတ္တိဇံကို ခံရကြမည်။ ခရစ်ယာန် ဗတ္တိဇံသည်သာ အကျိုးရှိသောကြောင့် ယေရှုကို ယုံကြည်ပြီး၊ ဗတ္တိဇံခံရမည်ကို သတိပြုပါ။ အကြောင်းမှာ လက်ဝါးကပ်တိုင်ကြောင့် အသွေးလွှန်းလောင်းခြင်းသည် ယောဟန်၏ ဗတ္တိဇံနှင့် မညီမျှပေ။

မေးခွန်း(၇) သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို ရရှိရန် ကျွန်ုပ်တို့အတွက် တံခါးဖွင့်ပေးသော နောင်တ၊ သခင်ယေရှုကို ယုံကြည်ခြင်းနှင့် ဗတ္တိဇံခံခြင်းတို့အားဖြင့် ဘာဖြစ်ပျက်သွားသနည်း?

## "သန့်ရှင်းသော ဝိညာဉ်တော် – ပုဂ္ဂိုလ်"

- သခင်ယေရှုသည် ဝိညာဉ်တော်ကို လူပုဂ္ဂိုလ်တစ်ယောက်၊ ဆရာသွန်သင်သူတစ်ယောက်၊ လမ်းပြသူတစ်ယောက်၊ နှစ်သိမ့်ပေးသူတစ်ယောက်၊ သမ္မာတရား၏ ဝိညာဉ်တော်အဖြစ် ရှင်းရှင်းလင်းလင်း မိန့်တော် မူခဲ့သည်။ (ယော ၁၄း၁၆)

"သူနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး"

- သန့်ရှင်းသော ဝိညာဉ်တော်သည် ဝမ်းနည်းစေနိုင်သည်။
- ဝမ်းနည်းခြင်းသည် လေးနက်သော စိတ်ခံစားမှုဆိုင်ရာ တုံ့ပြန်မှု တစ်ခုဖြစ်သည်။ ရှင်ပေါလုက သန့်ရှင်းသော ဝိညာဉ်တော်ကို ထင်ရှားစွာ ဖော်ပြခဲ့သည်။ ဖေက် ၄း၃၀ "ရွေးနုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။"
- သန့်ရှင်းသော ဝိညာဉ်တော်သည် ငါတို့အားပေးသကဲ့သို့ ငါတို့အား ရွေးနုတ်ခြင်းတံဆိပ် (ဖေက် ၁း၁၃)သည် ငါတို့အား ဘုရားသခင် ပိုင်ဆိုင်ကြောင်း ညွှန်ပြသည်။ ငါတို့သည် အဘိုးနှင့် ရွေးဝယ်ခြင်း ခံရသည်။ (၁ကော ၆း၁၉)
- သန့်ရှင်းသော ဝိညာဉ်တော်သည် ငါတို့ကို ဂရုစိုက်ပြီး သန့်ရှင်းစေပါသည်။ (ရောမ ၁၅း၁၆)
- သန့်ရှင်းသော ဝိညာဉ်တော်နှင့်ကျွန်ုပ်တို့ မိတ်သဟာယဖွဲ့နိုင်သည်။ (၁ကော ၁၃း၁၄)၊ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဝမ်းမြောက်ခြင်း ကျွန်ုပ်တို့၏ အသက်တာထဲ၌ သူ၏ မျက်မှောက်တော် လက်ခံမှုကို ပြောပြ၊ ဝေမျှနိုင်သည်။
- သန့်ရှင်းသော ဝိညာဉ်တော်သည် ငြိမ်းစေနိုင်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို ငါတို့ တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊သူ၏ ပေးကမ်းမှုကို ကျွန်ုပ်တို့ ဖြတ်တောက်လျှင် ထိုဝိညာဉ်တော်ကို ငြိမ်းစေသည်။ (၁သက် ၅း၁၉)
- ၎င်းသည် အရေးကြီးသည်ဖြစ်၍ ကျွန်ုပ်တို့သည် အာရုံခံစားမှုတွင် ကြီးထွားသည်။ ကျွန်ုပ်တို့၏ အသက်တာ၌ ဘိသိက်ပေးခြင်းဆုကျေးဇူးကို တန်ဖိုးထားကာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုနှင့် နှိုးစော်ချက် များဖြင့် ကျွန်ုပ်တို့၏ အစည်းအဝေးများ (ဝတ်ပြုခြင်း)တွင် ဝိညာဉ်တော်နှင့်အတူ စီးဆင်းရန် သင်ယူပါ။

မေးခွန်း(၈) သူနှင့်ကျွန်ုပ်တို့ မည်ကဲ့သို့ ဆက်ဆံရေးရှိနိုင်သည်ကို ပြသသည့် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက် သုံးခုကို စာရင်းပြုစုပါ။

### "ကျွန်ုပ်တို့သည် ပဋိညာဉ်တရားသစ်၏ အစေခံများဖြစ်ရန် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တာဆင်ထားသည်။"

- ၂ကော ၃း၃–၆"..... အသက်ရှင်တော်မူသော ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ရေး၍ရှင်း၊ ကျောက်ပြားပေါ်၌ မရေးဘဲ အသားနှင့်ပြည့်စုံသော နှလုံးပြားပေါ်၌ ရေး၍ရှင်း၊ ငါတို့ ပြုစုသော ခရစ်တော်၏ ထင်ရှားသော စာဖြစ်ကြ၏။ ဘုရားသခင်ကို အမှီပြု၍သာ တတ်နိုင်သည်နှင့်အညီ၊ ပဋိညာဉ်တရားသစ်၏ ဆရာဖြစ်နိုင်သော အစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အား ပေးတော်မူ၏။ .......ဝိညာဉ်တော် တရားမူကားရှင်စေတတ်၏။

- ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် ထိရောက်စွာ ဆုတောင်းနိုင်သည်။ (ဖေက် ၆း၁၈)..." ကာလ အစဉ် စိတ်နှလုံးပါလျက်၊ ဆုတောင်း ပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။"
- ၎င်းသည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ ကိုးကွယ်၏။ (၂ကော ၃း၁၈)
  "........ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်း အသရေတိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိကြ၏။" (၂ကော -၃း၁၈)
- ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာတွင် သူ၏ ဝိညာဉ်တော်ရှိရန် ဝိညာဉ်တော်အားဖြင့် အသက်ရှင်ပြီး လျှောက်လှမ်းရန် ကျွန်ုပ်တို့ကို အလိုရှိသည်။ (ဂလာတိ-၅း၂၂-၂၃)

မေးခွန်း(၉) ဝတ်ပြုကိုးကွယ်ရန် သန့်ရှင်းသော ဝိညာဉ်တော်ဖွင့်ပြခြင်း၊ အတွေ့အကြုံကို သင်ကြုံဖူးပါသ လား? ရှင်းပြပေးပါ။

**'ခွင့်လွှတ်နိုင်သောအပြစ်'**

- မဿဲ ၁၂း၃၁-၃၂ "ထို့ကြောင့် ငါဆိုသည်ကား၊ ပြစ်မှားသော အပြစ်၊ ဘုရားကို ကဲ့ရဲ့သော အပြစ်အမျိုးမျိုးတို့နှင့် လွှတ်စေခြင်းအခွင့်ကို လူတို့သည် ရနိုင်ကြ၏။ ဝိညာဉ်တော်ကို ကဲ့ရဲ့သော အပြစ်နှင့် လွှတ်ခြင်းအခွင့်ကို လူတို့သည် မရနိုင်ကြ။ လူသားကို နှုတ်ဖြင့် ပြစ်မှားသော သူ၏ အပြစ်ကိုလည်း လွှတ်နိုင်၏။ သန့်ရှင်းသော ဝိညာဉ်တော်ကို နှုတ်ဖြင့် ပြစ်မှားသော သူ၏ အပြစ်ကို ယခုဘဝ နောင်ဘဝ၌ မလွှတ်နိုင်။"
- ယေရှုသည် အံ့ဖွယ်အမှုများပြုလုပ်ခြင်းနှင့် နတ်ဆိုးများနှင်ထုတ်ခြင်းကို ဖိရိရှဲများ၏ စကားရပ်တွင် "ဤသူသည် နတ်ဆိုးမင်းဗေလဇေဗုလကို အမှီပြု၍သာ၊ နတ်ဆိုးတို့ကို နှင်ထုတ်သည်ဟု ဆိုကြ။" (မဿဲ ၁၂း၂၄)
- ဤအရတွင် စာတန်း၏တန်ခိုးနှင့် ဘုရားသခင်ဝိညာဉ်တော်၏ တန်ခိုးကြား (ပိုင်းခြားမှုရှိရန် လိုအပ်သည်)
- အစတုန်းက ဘုရားသခင်သည် လူကိုတားမြစ်ထားသည်။ (ကမ္ဘာ - ၂း၇)

  "ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ကေန်အမှန် သေရမည်ဟု လူကို ပညတ်ထား တော်မူသည်။"

  လူသည် စာတန်၏ လှည့်ဖြားခြင်းဖြင့် အသက်ပင်မှ အဝေးသို့ ထွက်သွားရသည်။ ယနေ့အချိန်ထိ သဘာဝလွန်လောကနှင့် ပတ်သက်၍ ရှုပ်ထွေးမှုများရှိခဲ့ပြီး၊ ခရစ်ယာန်များသည် စာတန်၏ တန်ခိုးဟုဆို ကာ ဝိညာဉ်ဆုကျေးဇူးများ၏ သရုပ်ပြမှုကို ဆန့်ကျင်ပြောဆိုလေ့ရှိကြသည်။
- မှားယွင်းသော နိမိတ်လက္ခဏာများနှင့် အံ့ဘွယ်သော အမှုများစွာကို စာတန်း၏ တန်ခိုးဖြင့် လုပ်ဆောင် နိုင်သည်။ (ဗျာဒိတ် ၁၃း၁၃)။
- ကျွန်ုပ်တို့သည် မည်သည့်ဝိညာဉ်ဖြစ်သည်ကို သိရှိရန် လိုအပ်သည်။ ၎င်းမှာ သန့်ရှင်းသော ဝိညာဉ် တော်ကို ခံယူကာ သခင်၌ အသက်ရှင်ပြီး၊ ကျေးဇူးတော်နှင့် တန်ခိုးတော်အားဖြင့် လျှောက်လှမ်းခြင်း တို့ကို သိထားရန် လိုအပ်သည်။

မေးခွန်း(၁၀) သန့်ရှင်းသော ဝိညာဉ်တော်မှ အဘယ်အရာနှင့် စာတန်ထံမှ အဘယ်အရာဖြစ်သည်ကို ပိုင်းခြားသိမြင်နိုင်မှုတွင် ကျွန်ုပ်တို့ မည်သို့ ကြီးပွားရမည်နည်း။

“ဘုရားသခင်သည် ကျွန်ုပ်တို့အား ဝိညာဉ်တော်အားဖြင့် ခံယူ၍၊
ပို့ဆောင်ခြင်းကို တောင်းတသည်။

သန့်ရှင်းသော ဝိညာဉ်တော် ကြွလာပါ။
ကျွန်ုပ်၏အသက်တာ၌ ကြိုဆိုပါ၏။ ကျွန်ုပ်သင့်ကို လိုအပ်သည်။
သင်မရှိလျှင် ကျွန်ုပ်ဘာမှ မတတ်နိုင်ပါ။

ကျွန်ုပ်တို့သည် ယေရှုကို ဘုရားသခင်၏ သားတော်အဖြစ် ခံယူသကဲ့သို့

ငါတို့၏ အသက်တာထဲသို့ ယုံကြည်ခြင်းအားဖြင့် ထိုနှုတ်ကပတ်တော်ကို ယုံကြည်၍
ထို့ကြောင့် ငါတို့သည် သူ၏ နှုတ်ကပတ်တော်နှင့်အညီ
ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ကို
ငါတို့အသက်တာထဲသို့ ခံယူကြ၏။

(ဣဗျာ)

## အခန်း(၄)

## "သန့်ရှင်းသော ဝိညာဥ်တော်သည် လာ၍ မည်ကဲ့သို့ ပြည့်စုံစေသနည်း?"

- ❑ ကောင်းကင်ဘုံသို့ ယေရှုမတက်ကြွမီတွင် တပည့်တော်တို့အား၊ ပေးသနားတော်မူသည်။ (လုကာ– ၂၄း၄၉)"...ငါ့ခမည်းတော်၏ ကတိရှိသည်အတိုင်း၊ သင်တို့၌ ငါပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်က တန်ခိုးကို မခံမီတိုင်အောင် ယေရှုရှလင်မြို့၌ နေကြဦးလော့ဟု မိန့်တော်မူ၏။
- ❑ (တမန်တော် ၁း၄) တွင် ယေရှုက ခမည်းတော်၏ ကတိတော်အတိုင်း စောင့်ရန် မိန့်တော်မူခဲ့သည်။ တမန်တော် ၁း၅တွင် သခင်ယေရှုပြောခဲ့သည်မှာ " ကတိတော်အချက်ဟူမူကား၊ ယောဟန်သည် ရေ၌ ဗတ္တိဇံကို ပေး၏။ သင်တို့သည် မကြာမမြင့်မီ သန့်ရှင်းသော ဝိညာဥ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့် မည်ဟု မိန့်တော်မူ၏။"

- ❑ တဖန် တမန်တော် –၁း၈"..... သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဥ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရှုလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။"

- ❑ တမန်တော်အခန်းကြီး ၂တွင် ကတိတော်၏ ပထမဆုံးပြည့်စုံမှုကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။

မေးခွန်း (၁) – သန့်ရှင်းသော ဝိညာဥ်တော်ရရှိရန် သင်မျှော်လင့်ထားသလား?
– သန့်ရှင်းသော ဝိညာဥ်တော် ရရှိသောအခါ အဘယ်အရာကို ရရှိမည်နည်း? (တမန်တော် ၁း၄–၈)

### "သန့်ရှင်းသော ဝိညာဥ်တော်သည် မည်သို့ ရောက်လာသနည်း"

- ➢ ပင်တေကုတ္တေပွဲနေ့၌ သန့်ရှင်းသော ဝိညာဥ်တော်ကြွလာခဲ့သည်။
- ➢ သူသည် တန်ခိုး၊ သဘာဝလွန် နိမိတ်လက္ခဏာများ ဆုကျေးဇူးများနှင့် လာခဲ့သည်။

- ❑ (တမန် ၂း၂–၈) ပြင်းပြင်းထန်ထန် တိုက်ခတ်လာသော လေတိုက်သံ မီးလျှာကဲ့သို့ ထင်ရှား၍၊ သန့်ရှင်း သော ဝိညာဥ်တော်နှင့် ပြည့်စေပြီး၊ အခြားသော ဘာသာစကားအမျိုးမျိုးတို့ဖြင့် စတင်ပြောဆို ကြကုန်၏။
- ❑ ယုံကြည်သူများ၌ ဝိညာဥ်တော်၏ ကနဦးထင်ရှားမှုများမှာ အခြားသော ဘာသာစကားများ ပြောဆိုခြင်း။
- ❑ တမန်တော် ၂း၆"... အသီးသီးအခြားခြားသော မိမိဘာသာစကားဖြင့် တမန်တော်တို့ ဟောပြောသည်ကို ကြားရ၍ မှိုင်တွေလျက်ရှိနေကြ၏။
- ❑ တမန်တော် ၂း၁၁"....ဘုရားသခင်၏ အံ့ဩဘွယ်သော အမှုတို့ကို ငါတို့ အမျိုးဘာသာစကားဖြင့် ဟောပြောကြသည်ကို ကြားရပါသည်တကားဟု အချင်းချင်း ပြောဆိုကြ၏။
- ❑ တပည့်တော်တို့သည် လူတို့၏ ဘာသာစကားများဖြင့် ပြောဆိုကြ၏။
- ❑ ထိုနေ့တွင် ၎င်းတို့သည် ကွဲပြားသော လူမျိုးစု ၁၆ စုရှိ၍ ထိုသူအားလုံးတို့သည် မိမိတို့ ဘာသာစကား အသီးသီးဖြင့် ဟောပြောနေကြသည့် ဧဝံဂေလိ တရားကို ကြားနာကြသည်။
- ❑ သန့်ရှင်းသော ဝိညာဥ်တော်နှင့် ပြည့်ဝခြင်းကြောင့် ပေတရုသည် ယေရှုနှင့် ပတ်သက်၍ ရဲရင့်စွာ ဟောပြောနိုင်ခဲ့သည်။

ပေတရုသည် ထိုလူသားယေရှု၏ တန်ခိုးကြီးသော ကိုယ်ရေးအကျဉ်းကို တင်ပြခဲ့သည်။

- ❑ တမန်တော် ၂း၃၆"....ထို့ကြောင့် သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သော ယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌၎င်း၊ အစိုးရသော အရှင်အရာ၌၎င်း၊ ခန့်ထားတော်မူသည် အကြောင်းကို ဣသရေလအမျိုးသားအပေါင်းတို့ အမှန်သိမှတ်ကြလော့ဟု ပေတရုဟောလေ၏။"
- ❑ (တမန် ၂း၃၇)တွင် တရားနာသောသူတို့သည် ဝိညာဉ်ခွန်အားပေးသော နှုတ်ကပတ်တော်အားဖြင့် အပြစ်စီရင်ခြင်းခံရသည်။ အငယ် – ၄၁"...ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကို ခံ၍၊ -----"။
- ❑ အငယ် –၄၃–"လူအပေါင်းတို့သည် ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ တမန်တော်တို့သည် များစွာသော နိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှုတို့ကို ပြုကြ၏။
- ❑ သန့်ရှင်းသော ဝိညာဉ်တော်ကြွလာခြင်း၏ ရလဒ် – နိမိတ် လက္ခဏာများနှင့် အံ့ဘွယ်သော အမှုများ။

မေးခွန်း(၂) – တမန်တော်အခန်းကြီး ၂တွင် ယုံကြည်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံရကြောင်း ထင်ရှားသော နိမိတ်လက္ခဏာကား အဘယ်နည်း?

## "တပည့်တော်တို့သည် ဘယ်အချိန်၌ တဖန် မွေးဖွားကြသနည်း။"

- ➢ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ တဖန်မွေးဖွားရမည်ဟု ယောဟန် ၃း၃–၆တွင် သခင်ယေရှုက မိန့်တော်မူသည်။
- ➢ သခင်ယေရှုသည် ဆင်းရဲဒုက္ခခံပြီး၊ အပြစ်ကို ဖယ်ရှားရန်၊ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသည်အထိ တိုင်အောင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် လူတစ်ဦးကျိန်းဝပ်ရန် မစွမ်းဆောင်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ မေးခွန်းမှာ "တပည့်တော်များ ဘယ်အချိန်၌ အသစ်တဖန် မွေးဖွားခဲ့ကြသနည်း။"
- ➢ ပင်တေကုတ္တေပွဲနေ့တွင် သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တန်ခိုးကိုလက်ခံခဲ့ကြောင်း ကျွန်ုပ်တို့ သိသည်။

  (ရှင်ယောဟန် ၂၀–၂၂) " ရှင်ပြန်ထမြောက်ပြီးနောက် သခင်ယေရှုသည် တပည့်တော်များထံသို့ ကြွတော်မူပြီး။ " သူတို့အပေါ်၌ မှုတ်လျက်၊ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံကြလော့"
- ➢ သခင်ယေရှုသည် လက်ဝါးကပ်တိုင်သို့ ရောက်ခဲ့ပြီး၊ ရှင်ပြန်ထမြောက်ကြောင်းကို တပည့်တော်တို့သည် ယုံကြည်သောကြောင့်၊ ယခုအခါ သူတို့၏ "အတွင်းစိတ်ဝိညာဉ်"ထဲသို့ ဝိညာဉ်တော်ကို ခံယူနိုင်ကြပြီး ဖြစ်သည်။
- ➢ သင်တို့သည် ဝိညာဉ်တော်အားဖြင့် တဖန် မွေးဖွားပါသလား?

  ဤအရာသည် ပထမခြေလှမ်းဖြစ်သည်။ ဝိညာဉ်တော်အားဖြင့် ခရစ်တော်ကို သင်၏အတွင်းစိတ်ဝိညာဉ်ထဲသို့ လက်ခံခြင်းပင်ဖြစ်သည်။ သို့ဖြစ်လျှင် သင်သည် ဝိညာဉ်တော်အားဖြင့် ဖြည့်ပေးခြင်း၊ စွမ်းဆောင်နိုင်မည် ဖြစ်သည်။ တစ်ဖန်မွေးဖွားခြင်းနှင့် ဝိညာဉ်တော်နှင့်ပြည့်စုံခြင်းတို့သည် ခရစ်တော်ထံသို့ ရောက်ရှိလာခြင်းအတွက် သီးခြားထူးခြားသော အခြေခံ အတွေ့အကြုံနှစ်ခုဖြစ်ပြီး၊ ၎င်းတို့သည် တစ်ခုတည်းအဖြစ် ပေါင်းစည်းနိုင်ခဲ့ပြီး၊ သူ၏ ကနဦး အတွေ့အကြုံ၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်သည်။

မေးခွန်း(၃) – တပည့်တော်များ ဘယ်အချိန်၊ မည်ကဲ့သို့ တစ်ဖန်မွေးဖွားခဲ့ကြသနည်း။ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝသော တန်ခိုးအာဏာကို ဘယ်အချိန်က ရရှိခဲ့ကြသနည်း?

## "သန့်ရှင်းသော ဝိညာဉ်တော်သည် အဘယ်သို့နည်း"

- သန့်ရှင်းသော ဝိညာဉ်သည် ပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်။ ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်ကို "သူ" ဟု ရည်ညွှန်းသည်။ (ယော ၁၄း၁၆)။
  - သူသည် ယေရှုကဲ့သို့ ပြောဆိုလိမ့်မည်။ (ယော ၁၄း၁၆)။
  - သူသည် ခရစ်တော်၏ ဝိညာဉ်တော်ဖြစ်တော်မူ၏။ (ရောမ ၈း၉)
  - သူသည် နှစ်သိမ့်ပေးသူဖြစ်သည်။ (ယော ၁၄း၁၆)။
  - သူသည် ယေရှုအကြောင်းကို အမြောက်အများ ပြောလိမ့်မည်။

- <u>ယောဟန် ၁၄း၂၆</u> " ...ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဒ္ဒာယ် ဆရာတည်းဟူသော ပြုသသွန်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသော ဉာဏ်ကို သင်တို့ အားပေးတော်မူမည်။"

  ယောဟန် ၁၆း၁၄ " ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။ အကြောင်းမူကား ငါနှင့်စပ်ဆိုင်သော အရာကို ယူ၍ သင်တို့အား ဖော်ပြလိမ့်မည်။
- ယေရှု၏ ဗတ္တိဇံခံ၍သူ (သန့်ရှင်းသော ဝိညာဉ်တော်)သည် ချိုးငှက်ကဲ့သို့ ထင်ရှားတော်မူ၏။ (မဿဲ-၃း၁၆)
- အားကြီးသော လေသံကဲ့သို့ငင်း၊ မီးလျှာကဲ့သို့ငင်း ထင်ရှား၏။ (တမန်တော် ၂း၂-၃)
- သူ(ဝိညာဉ်တော်)၏ ရောက်ရှိခြင်းသည် သဘာဝလွန် မိုးတိမ်တိုက်ပုံစံဖြင့် လာပါသည်။(မဿဲ ၁၇း၅။ ထွက်မြောက်ရာ ၄၀း၃၄-၃၈)
- သူသည် တန်ခိုးနှင့်ပြည့်စုံ၍ ငါတို့အားပေးတော်မူ၏။ (တမန်တော် ၁း၈)
- သူသည် သဘာဝလွန် အစွမ်းအစများစွာရှိပြီး၊ ယုံကြည်သူများအား ဆုကျေးဇူးအသီးသီးကို ဝေငှပေးတော်မူ၏။ (၁ကော ၁၂း၄-၁၁)
- ဂလာတိ ၅း၂၂-၂၃ "....ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊နူးညံ့သိမ်မွေ့ခြင်း၊ကာမဂုဏ်ချုပ်တည်းခြင်း ပေးတည်း။"
  - သူသည် အလုံးစုံ ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်သည်။
- သူသည် ဝမ်းနည်းနိုင်သည် (ဧဖက် ၄း၃၀)။

  သူသည် မျက်မှောက်တော်နှင့် ဘိသက်ခြင်း အရှိန်ကို ငြိမ်းစေနိုင်သည်။ (၁သက် ၅း၁၉)။

## "သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဗတ္တိဇံဆရာယေရှု"

- သခင်ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဗတ္တိဇံ ပေးမည်ဟု (ဗတ္တိဇံဆရာ) ယောဟန်က ရှင်းလင်းစွာ ဖော်ပြထားသည်။

  မဿဲ ၃း၁၁ " ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ငင်း၊ မီးနှင့် ငင်း၊ သင်တို့ကို ဗတ္တိဇံပေးမည်"
- မာကု ၁း၈"...ငါတို့သည် သင်တို့အားရေ၌ ဗတ္တိဇံကို ပေး၏။ ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်၌ သင်တို့ကို ဗတ္တိဇံပေးမည်ဟု ဟောသတည်း။
- လုကာ ၃း၁၆"...ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်၌ငင်း၊ မီး၌ငင်း၊ သင်တို့ကို ဗတ္တိဇံပေးမည်"

- သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်သောသူ ဖြစ်မည်ဟု မိန့်တော်မူ၏။
သို့ဖြစ်၍ သင်တို့သည် ကောင်းကင်က တန်ခိုးကို မခံမှီတိုင်အောင် ယေရုရှလင်မြို့၌ နေကြဦးလော့ ဟု မိန့်တော်မူ၏။
- ခမည်းတော်သည် ဗတ္တိဇံဆရာယောဟန်အားပြောခဲ့ပြီး၊ ထိုသူယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံပေးမည့်သူဖြစ်သည်ဟု မိန့်တော်မူသည်။ ယော ၁း၃၃"...အစက ထိုသူကို ငါမသိ။ ရေ၌ ဗတ္တိဇံကို ပေးစေခြင်းငှါ၊ ငါ့ကို စေလွှတ်တော်မူသော သူက အကြင်သူ၏ အပေါ်၌ ဝိညာဉ်တော် ဆင်းသက်၍ နားတော်မူသည်ကို သင်သည် မြင်လျှင်၊ ထိုသူကား သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကို ပေးသောသူ ပေတည်းဟု မိန့်တော်မူသည်နှင့်အညီ "
- ဧဝံဂေလိ ဆရာလေးပါး (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်) အပေါင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဗတ္တိဇံခံခြင်းကို ထင်ရှားစွာ သက်သေခံကြ၏။ စကားလုံးတိုင်းသည် သက်သေနှစ်ဦး သို့မဟုတ် ထိုထက်များသော သက်သေခံသော နှုတ်ထွက်စကားများအားဖြင့် တည်ရမည်။ ဧဝံဂေလိ ဆရာလေးပါးစလုံးသည် ယေရှု၏ အယူဝါဒနှင့် သွန်သင်ချက်များကို အခိုင်အမာ သက်သေထူသည်။ ဤအရာသည် သူတို့အထဲက တစ်ယောက်တည်းကို ဆိုလိုသည်။ ထို့ကြောင့် ၎င်းသည် အထူးအရေးကြီးပါသည်။

မေးခွန်း (၄) – သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်သောသူကား မည်သူနည်း?
– ကျမ်းချက်ကိုးကားကြပါ။

**"တမန်တော် ဝတ္ထု၌ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်စုံခြင်း – လေ့လာမှု"**

- ပင်တေကုတ္တေပွဲနေ့တွင် မည်သို့ ဖြစ်ပျက်ခဲ့သနည်း?
- (တမန်တော် ၂း၁–၄)သူတို့အားလုံးသည် တညီတညွတ်တည်း၊ တစ်နေရာတည်းမှာ နေခဲ့ကြသည်။
- အငယ်–၂ " ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သော အသံသည် တခဏခြင်းတွင် ကောင်းကင်မှ လာ၍၊ ......"
- အငယ်–၃ " ထိုခဏခြင်းတွင် ကွဲပြားသော လျှာတို့သည် မီးလျှာကဲ့သို့ ထင်ရှား၍ ထိုသူအသီးသီးတို့ အပေါ်၌ တည်နေကြ၏။
- အငယ်–၄ " ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်၍ အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြ၏။
- "လူများသည် တပည့်တော်များ ဟောပြောသော စကားကို မိမိတို့၏ ဘာသာစကားအသီးသီးဖြင့် ကြားရကြ၏။ (တမန် ၂း၆–၈)
- (တမန် ၂း၁၇–၂၁) ပရောဖက်ပြုချက် ပြည့်စုံခြင်းဖြစ်သည်။ ပေတရုသည် ၎င်းကို ယောလအနာဂတ္တိ ကျမ်း၌ ပရောဖက်ပြုချက်၏ ပြည့်စုံမှုအဖြစ် အသိအမှတ်ပြုခဲ့သည်။ (ယောလ ၂း၂၈–၃၂)
- သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းကြောင့် ပေတရုသည် ရဲရင့်စွာ ယေရှုအကြောင်းကို ဟောပြော နိုင်ခဲ့သည်။
- တမန် ၂း၃၈က ယုံကြည်သူများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို ရရှိနိုင်ရန် အဘယ်အရာဖြစ်ပျက်မည်ကို ကျွန်ုပ်တို့အား ပြောပြသည်။ " ပေတရုကလည်း၊ သင်တို့၏ အပြစ်ကို လွှတ်ခြင်းငှါ၊ နောင်တရ၍၊ တယောက်မျှမကြွင်း၊ ယေရှုခရစ်နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။"

## "သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်နေခြင်းသည် တွေ့ကြုံနေရသော ဖြစ်ရပ်"

- ➢ တမန် ၄း၈ "...ထိုအခါ ပေတရုသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်လျှက်၊....."
- ➢ တမန် ၄း၃၁ "...ထိုသူအပေါင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်သဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရဲရင့်စွာ ဟောပြောကြ၏။

## "သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမှ ထိရောက်သော ဓမ္မအမှုတော် လုပ်ငန်းသည် ထွက်ပေါ်လာသည်"

- ➢ (တမန် ၆း၃) ရွေးဦးစွာ သင်းထောက်များသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ငှင်း၊ ပညာနှင့်ငှင်း၊ ပြည့်စုံရမည်။

## "ကယ်တင်ခြင်းခံရပြီးနောက် ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို ရရှိရန် လိုအပ်နေသေးသည်"

- ➢ တမန် ၈း၁၂ "ဖိလိပ္ပုသည် (ရှမာရိမြို့၌) ဘုရားသခင်၏ နိုင်ငံတော်နှင့်ငှင်း၊ ယေရှုခရစ်၏ နာမတော် နှင့်ငှင်း၊ စပ်ဆိုင်သော ဧဝံကလိတရားကို ဟောပြော၍၊ ထိုသူတို့သည် ယုံကြည်သောအခါ၊ ဗတ္တိဇံကို ခံကြ၏။
- ➢ (တမန် ၈း၁၄-၁၆)သို့ရာတွင် သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို ရရှိရန် ဝိညာဉ်တော်ဆင်းသက်ရန် လိုအပ်သေးသည်။
- ➢ (တမန် ၈း၁၇-၁၈)ဆုကျေးဇူးသည် လက်တင်ခြင်းအားဖြင့် ပေးအပ်သည်။
- ➢ (တမန် ၉း၁၇-၁၈) ရှောလု (ပေါလု)သည် အနာပျောက်ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝပြီးနောက် ရေ၌ ဗတ္တိဇံခံခဲ့သည်။
- ➢ (တမန် ၁၀း၄၄-၄၈)ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို ပထမဆုံး ရရှိသော တပါး အမျိုးသားများ၏ မှတ်တမ်း ဖြစ်သည်။
- ➢ သူတို့သည် ပေတရု ဟောပြောသော နှုတ်ကပတ်တရားတော်ကို ယုံကြည်၍ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့အပေါ်သို့ သက်ရောက်ပြီး နောက်ထပ်သူတို့သည် ရေ၌ ဗတ္တိဇံကို ခံကြ၏။
- ➢ (တမန် ၁၉း၁-၇) က ဖေက်မြို့အတွေ့အကြုံ၊ ယေရှုကို ယုံကြည်ခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်သော ရေနှစ်ခြင်း (ဗတ္တိဇံ)နှင့် ဆုကျေးဇူးများ၊ လွှတ်မြောက်ခြင်းတို့ကို မှတ်တမ်းတင်ထားသည်။ (လက်တင်ခြင်းအားဖြင့်)

မေးခွန်း (၅) – သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်နေခြင်းသည် တစ်ချိန်က အတွေ့အကြုံ သို့မဟုတ် ဆက်တိုက်ဖြစ်နေပါသလား? ကျမ်းပိုဒ်ကိုးကားပြပါ။

## "ဘာသာစကားအသစ်နှင့် ပြောခြင်း"

- ❑ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို ခံရသောအခါ၊ အခြားသော ဘာသာစကားဖြင့် ပြောဆိုကြ၏။
- ❑ တမန် ၂း၄"...ထိုသူအပေါင်းတို့သည်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ဟောပြောသော အခွင့်ကို ပေးတော်မူသည်အတိုင်း၊ အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြော ကြ၏။
- ❑ တမန် ၉း၁၇-"...အာနနိသည်လည်း၊ ..........၊ ညီရှောလု၊ .....သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်စေ .........။ ဤအကြောင်းအရာကို ရှင်ပေါလုက ၁ကော ၁၄း၁၈တွင် ဖော်ပြခဲ့သည်။

- ၁ကော ၁၄း၁၈ "ငါတို့သည် သင်တို့ရှိသမျှထက်၊ အခြားသော ဘာသာစကားဖြင့် ဟောပြောသော အရာကို ထောက်၍ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း၏။
- (တမန် ၁၀း၄၄-၄၆)ဘာသာစကားဖြင့် ပြောဆိုခြင်း သို့မဟုတ် ဆုတောင်းခြင်း သို့မဟုတ် အမည် မသိသော ဘာသာစကားဖြင့် ပြောဆိုခြင်းသည် သမ္မာကျမ်းစာတွင် သန့်ရှင်းသော ဝိညာဉ်တော်၌ ပြည့်ဝနေခြင်း၏ ထင်ရှားခြင်းတစ်ခုဖြစ်သည်။
- ကော်နေလိ အိမ်တွင် ပေတရုနှင့် အရေဖျားလှီးခြင်း ခံရသော ယုံကြည်သူများသည် တပါးအမျိုးသားများ၊ အခြားသော ဘာသာစကားဖြင့် ပြော၍၊ ဘုရားသခင်ကို ချီးမြှောက်သောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော် သက်ရောက်လာကြောင်း၊ အသိအမှတ်ပြုခဲ့ကြသည်။
- တမန် ၁၉း၆ "....ပေါလုသည် သူတို့အပေါ်၌ လက်ကိုတင်လျှင်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ဆင်းသက်တော်မူသဖြင့် ထိုသူတို့သည် အမျိုးမျိုးသော ဘာသာစကားကို ပြော၍ ပရောဖက်ပြုကြ၏။"

<u>**မေးခွန်း (၆)**</u> – အခြားသော ဘာသာစကားဖြင့် ပြောတတ်သလား?
– သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သင်သည် အသစ်သော ဘာသာစကား (အခြားသော ဘာသာစကား) ပြောလိုပါသလား? ရှင်းပြပါ။

## "ကတိတော်နှင့် ပြည့်စုံခြင်း"

- ယေရှု ကောင်းကင်ဘုံသို့ ပြန်ရောက်သောအခါ သန့်ရှင်းသော ဝိညာဉ်တော်ကို သူ၏ နောက်လိုက် တပည့်တော်များထံ စေလွှတ်မည်ဟု ယေရှုကတိပြုခဲ့သည်။ ခမည်းတော်သည် သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း ကတိပြုတော်မူသည်ဟု ယေရှုမိန့်တော်မူ၏။ (တမန် ၁း၄)
- ယေရုရှလင်၌ စောင့်နေရန် တပည့်တော်တို့အား မိန့်တော်မူ၏။ " ..... ကောင်းကင်က တန်ခိုးကို မခံမီတိုင်အောင်" (လုကာ ၂၄း၄၉)။
- တပည့်တော် (၁၂၀)တို့သည် ပင်တေကုတ္တေပွဲနေ့တွင် တန်ခိုးနှင့် ပြည့်စုံကြပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံကြသည်။
- စုဝေးသောလူတို့အား နိမိတ်လက္ခဏာ၊ အသစ်အဆန်း တစ်ခုခုဖြစ်နေပြီဟု စည်းဝေးနေသော သူတို့သည် အမျိုးမျိုးသော ဘာသာစကားဖြင့် ပြောဆိုကြသည်။ အခြားထူးဆန်းသော အမှုအကျင့်များမှာ အရက်မူးသမားကဲ့သို့ သူတို့သည် ပဋိညာဉ်တရားသစ်၌ သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံရရှိခြင်းဖြစ်၍ သခင်ယေရှု၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ အထက်သို့ ကြွတော်မူခြင်း၏ ရလဒ်အဖြစ် ယခု ပြုလုပ်ခဲ့သော လုံးဝအသစ်သော အရာဖြစ်သည်။

## "အခြားသော ဘာသာစကားများဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်း။"

- ပင်တေကုတ္တေပွဲနေ့တွင် တပည့်တော်များပြောသော သာသာစကားများသည် လူသား ဘာသာစကားများ သို့မဟုတ် အနည်းဆုံး ဤနေရာ၌ရှိသော လူတစ်ချို့၏ ဘာသာစကားများ ဖြစ်ကြသည်။ (တမန် ၂း၆)။
- တမန်တော်ဝတ္ထုတွင် ရည်ညွှန်းထားသော ဘာသာစကားများ ပြောဆိုခြင်းသည် ၁ကော ၁၂း၁၀၌ ဖော်ပြသော " အမျိုးမျိုးသော ဘာသာစကားဆုကျေးဇူး"၏ ထင်ရှားခြင်း တစ်ခုဖြစ်သည်။
- သို့ရာတွင် သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံလက္ခဏာအဖြစ် အခြားသော ဘာသာစကားများဖြင့် ပြောခြင်းကို သန့်ရှင်းသော ဝိညာဉ်တော်က ပေးသောအခါ ၎င်းတို့ကို အဓိပ္ပါယ် ဖွင့်ဆိုရန် မလိုအပ်ပါ။

- သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဗတ္တိဇံခံခြင်းတွင် ဘုရားသခင်၏ နိမိတ်လက္ခဏာ သို့မဟုတ် သဘာဝလွန် ထင်ရှားပေါ်လွင်ခြင်းသည် ဘာသာစကားအမျိုးမျိုးဖြင့် ပြောဆိုခြင်း ဖြစ်သည်။ အခြားသော ဘာသာစကားဖြင့် ပြောဆိုခြင်းသည် ယုံကြည်သူတို့အတွက် ဆုကျေးဇူးဖြစ်သည်။
- ၎င်းသည် ယုံကြည်သူတိုင်းအတွက် ကိုယ်ပိုင်ဆုတောင်းခြင်းနှင့် တည်ဆောက်ခြင်းအတွက် လိုအပ်သော တန်ခိုးဆုကျေးဇူးတစ်ခုဖြစ်၍၊ (၁ကော ၁၄း၂-၄) ဆိုလိုသည်မှာ လူတစ်ဦး၏ ဝိညာဉ်ရေးအသက်တာ၏ ကြီးထွားထွားမှု နှင့် ခိုင်ခံ့မှု ဖြစ်သည်။

<u>မေးခွန်း(၇)</u> – ယုံကြည်သူများနောက်သို့ လိုက်မည်ဟု ယေရှုပြောခဲ့သော ဒုတိယနိမိတ်လက္ခဏာကား အဘယ်နည်း? (မာကု ၁၆း၁၇)

- အခြားသော ဘာသာစကားဖြင့် ပြောဆိုခြင်း၏ ကိုယ်ရေးကိုယ်တာ အကျိုးကျေးဇူးကား အဘယ်နည်း။ (၁ကော ၁၄း၂-၄)
- ကျွန်ုပ်တို့သည် သခင်ယေရှုထံမှ သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိပြီး ကျွန်ုပ်တို့သည် ဝိညာဉ်နှင့် ခန္ဓာကိုယ် တစ်ခုလုံးကို ကိုယ်တော်ထံ ပေးအပ်သည်။ ဘုရားသခင်၏ ဆုကျေးဇူး၊ ဘုရားသခင်၏ တန်ခိုးကို ထုတ်လွှတ်ခြင်းအားဖြင့် သူ၏ မျက်မှောက်တော်နှင့် တန်ခိုးကို သက်သေပြသည်။ ၎င်းသည် ယုံကြည်သူအား သဘာဝလွန်စကား တစ်ခွန်းကို ပရောဖက်ပြုချက်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ဖွင့်ပြသည်။
- ထိုဆုကျေးဇူးသည် ကျွန်ုပ်တို့နှင့်အတူ ကျန်ရှိနေပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးကို လွှတ်ထုတ်ရန် ဆုကျေးဇူးကို ကျွန်ုပ်တို့ ကျင့်သုံးကြသည်။ ထို့ကြောင့် ရှင်ပေါလုက သင်တို့ အပေါင်းထက်သာ၍ အခြားသော ဘာသာစကားဖြင့် ငါဆုတောင်းနေပါသည်။ (၁ကော ၁၄း၁၈)
- အခြားသော ဘာသာစကားဖြင့် ပြောဆိုခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်ပေးဆောင်သော "ခရစ်စမား" (ဆုကျေးဇူး)ဖြစ်သည်။

  သန့်ရှင်းသော ဝိညာဉ်တော် ဗတ္တိဇံ၌ ဝိညာဉ်တော်၏ နိမိတ်လက္ခဏာ သို့မဟုတ် ဆုကျေးဇူးဖြစ်သည့် အခြားသော ဘာသာစကား ဆုကျေးဇူးသည် ယုံကြည်သူများစွာအတွက် ထိုဗတ္တိဇံ၏ အစိတ်အပိုင်းဖြစ်သည်။ ၎င်းသည် ယုံကြည်သူတိုင်းအတွက် ဘုရားသခင် တပ်ဆင်ခြင်း၏ တစိတ်တပိုင်းဖြစ်၍၊ ကျွန်ုပ်တို့အား"အပြစ်ကင်းစင်ပြီး ကြီးစွာသော ဝမ်းမြောက်ခြင်း" ပြသနိုင်ရန်၊ သူ၏ ဘုန်းကြီးသော မျက်မှောက်တော် ခံစားရန်အတွက် ဘုရားသခင်ပေးထားသော အခြေခံ အုတ်မြစ် အတွေ့အကြုံနှင့် ပံ့ပိုးပေးမှုတစ်ခုဖြစ်သည်။ (ယုဒ ၁း၂၄)
- ယုဒ ၁း၂၀ "..... သင်တို့သည် မိမိတို့ အလွန်သန့်ရှင်းသော ယုံကြည်ခြင်းအပေါ်မှာ မိမိတို့ကို တည်ဆောက်လျက်၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဆုတောင်းပဋ္ဌနာပြုလျက်၊ ...."
- ကျွန်ုပ်တို့သည် အခြားသော ဘာသာစကားအမျိုးမျိုးဖြင့် ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဘုရားသခင်တစ်ပါးတည်းသာ နားလည်သည့် ဆက်သွယ်မှုဖြင့် ဝိညာဉ်ထဲ၌ ဆုတောင်းနေသည်။ (၁ကော ၁၄း၂ နှင့် ၁၄)။
- ဤအရာသည် ဝိညာဉ်တော်၌ ကျွန်ုပ်တို့ ဆုတောင်းနိုင်သော အခြေခံ နည်းလမ်းတစ်ခုဖြစ်သည်။
- (၁ကော ၁၄း၁၈)တွင် ရှင်ပေါလုသည် အခြားသော ဘာသာစကားဖြင့် ဟောပြောသောအရာကို ထောက်၍၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း၏။ ၎င်းသည် ဆုကျေးဇူး၏ ရည်ရွယ်ချက်အတွက် ဖြစ်သည်။

❑ အသင်းတော်အတွက် အခြားသော ဘာသာစကားအားဖြင့် သတင်းစကားရှိသောအခါတွင်၊ အနက်ဖွင့်ဆိုချက်တစ်ခုရှိသင့်သည်။ (၁ကော ၁၄:၂၇-၂၈)။

မေးခွန်း(၈) – အစည်းအဝေးတစ်ခုတွင် လူသိရှင်ကြားပြောသော အခြားသော ဘာသာစကားများနှင့် ဆုတောင်းခြင်း၌ မိမိကိုယ်ကိုကိုယ်ပြောသော အခြားသော ဘာသာစကားများကြား ရှိးရှင်းသော ကွာခြားချက်ကား အဘယ်နည်း?

## "သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ် မည်သို့ လက်ခံရယူမည်နည်း?"

❑ သမ္မာကျမ်းစာအရ။

**(၁) တောင်းခံခြင်းဖြင့်။** ။ လုကာ ၁၁:၁၃ "...သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသော အရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အား "အဘ" သည် ဆုတောင်းသော သူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကိုသာ၍ ပေးတော်မူမည် မဟုတ်လောဟု မိန့်တော်မူ၏။

❑ ကောင်းကင်ဘုံ အရှင်အဘသည် ကျွန်ုပ်တို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးရန် ကတိပြုသည်။

**(၂) ယေရှု၏ အရှင်အဘသည် ကျွန်ုပ်တို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးရန် ကတိပြုသည်။**

**ယော ၁၄:၁၅-၁၆** " ငါ့ကိုချစ်လျှင်၊ ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့။ ငါသည် ခမည်းတော်ကို တောင်း၍ ခမည်းတော်သည် သမ္မာတရားကို ပြသော ဝိညာဉ်တော်တည်းဟူသော ဥပဇ္ဈာယ် ဆရာကို သင်တို့ နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှါ၊ သင်တို့အား ပေးတော်မူမည်။"

**(၃) ဝိညာဉ်တော်သည် သင်တို့၌ တည်ရှိနေပြီ၊ ယေရှုကို ယုံကြည်ခြင်းအားဖြင့် သင်တို့နှင့်အတူ ရှိနေပြီဟု သိမြင်သဘောပေါက်ခြင်းဖြင့်။** ။

**ယော ၁၄:၁၇** "...ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့ သိရကြ၏။

**(၄) နောင်တရခြင်းဖြင့်။** ။

**တမန် ၂:၃၈ :** "ပေတရုကလည်း၊ သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ၊ နောင်တရ၍ တစ်ယောက်မှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။"

**(၅) လက်တင်ခြင်း မှတဆင့်** ။ ။

လက်တင်ခြင်းအားဖြင့် သင်တို့သည် ယေရှုကို ယုံကြည်ပြီး ဗတ္တိဇံခံပြီး နောက်မှ ဝိညာဉ်တော် ဆုကျေးဇူးကို လက်ခံရရှိသည်။ တမန် ၈:၁၅-၁၇ "... ထိုသူတို့သည် သခင်ယေရှု၏ နာမ၌ ဗတ္တိဇံကို ခံရုံမျှသာ ရှိသဖြင့် တစ်စုံတစ်ယောက်သော သူအပေါ်၌ သန့်ရှင်းသော ဝိညာဉ်တော်သည် သက်ရောက်တော်မမူသေးသည်ဖြစ်၍ တမန်တော်တို့သည် ရောက်ကြလျှင်၊ ဝိညာဉ်တော်ကို ခံရမည်အကြောင်း ထိုမြို့သူမြို့သားတို့ အဘို့ ဆုတောင်း၍၊ ထိုသူတို့ အပေါ်၌ လက်ကိုတင်သော အားဖြင့် သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံရကြ၏။

**(၆) ရိုးရှင်းစွာ ယုံကြည်ခြင်းအားဖြင့် ။ ။**

ရိုးရှင်းစွာ ယုံကြည်ခြင်းအားဖြင့် သခင်ယေရှုနှင့် စပ်လျဉ်း၍ ဟောပြောသော နှုတ်ကပတ်တော်၊ ဝိညာဉ်တော်သည် သင်တို့အပေါ်သို့ ကျရောက်လိမ့်မည်။ (တမန် ၁၀း၄၄-၄၆)

**မေးခွန်း(၉)** သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံရရှိသည့် နည်းလမ်း သုံးမျိုးကို စာရင်းပြုစုပြီး သန့်ရှင်းသော ဝိညာဉ်တော်ကို သင်လက်ခံရရှိခဲ့လျှင်၊ သင့်အတွက် မည်သို့ ဖြစ်ခဲ့သည်ကို မျှဝေပေးပါ။

## 'သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံကို မည်သို့ ခံယူရမည်နည်း?'

**(၁) ဘုရားသခင်၏ ဝိညာဉ်တော်နှင့် လုံးလုံးလျားလျား ပြည့်ဝချင်သော ဆန္ဒ။ ။**

- ဆာလံ ၄၂း၁-၂ " အကျွန်ုပ် ဝိညာဉ်သည် ကိုယ်တော်ကို တောင့်တပါသည်ဘုရား။ အဘယ်ကာလ၌ ငါ့ဝိညာဉ်သည် ဘုရားသခင် တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်ထံတော်သို့ ရောက်၍ မျက်နှာပြရအံ့နည်း။"
- မဿဲ ၅း၆ "...ဖြောင့်မတ်ခြင်း ပါရမီကို ဆာငတ်ခင်မွတ်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ ရောက်ကြလတ္တံ့။

**(၂) သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိမည်ဟု ယုံကြည်ပါ။**

- မာကု ၁၁း၂၄ " ထို့ကြောင့် ငါဆိုသည်ကား သည်တို့သည် ဆုကျေးကိုရမည်ဟု ယုံကြည်သော စိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်။

**(၃) ဆုတောင်းရာအရပ်သို့ လာကြလော့။**

- ဒူးထောက်ခြင်း၊ ထိုင်ခြင်း၊ မတ်တပ်ရပ်ခြင်း သို့မဟုတ် ဘယ်အရာသည် သင့်အတွက် အဆင်ပြေဆုံး တစ်ခု ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ယောက်သည် ရပ်လျက်နေစဉ် ဝိညာဉ်တော်၏ တန်ခိုးကြောင့် လဲကျခဲ့လျှင်၊ သူ့နောက်၌ တစ်ယောက်ယောက်ရှိနေခြင်းဖြင့် ပညာရှိရှိ လုပ်ဆောင်နိုင်သည်။
- သို့သော်လည်း တစ်စုံတစ်ယောက်သည် ဝိညာဉ် တန်ခိုးအောက်သို့ ကျရောက်လျှင် (မြေပေါ်လဲကျခြင်း) ထိုသူသည် ဝိညာဉ်တော် ပြည့်ဝသည်ဟု မယူဆပါနှင့်။ ဘုရားသခင်၏ ချီးမြှောက်ခြင်းဆိုင်ရာ သို့မဟုတ် ပရောဖက်ပြုချက် သို့မဟုတ် အခြားသော ဘာသာစကားများနှင့် ပတ်သက်သော သမ္မာကျမ်းစာ၏ အထောက်အထားများကို ရှာဖွေပါ။

**(၄) ဘုရားသခင်ကို ကိုးကွယ်ခြင်းနှင့် ကျေးဇူးတော် ချီးမွမ်းပါ။**

- ဆာလံ ၁၀၀း၄ "ကျေးဇူးတော် ကြီးမားပါသည်ဟု ဝန်ခံလျက်၊ တံခါးတော်တို့ကိုဝင်း၊ ဂုဏ်တော်ကို ချီးမွမ်းလျက်၊ တန်တိုင်းတော်တို့ကိုဝင်း ဝင်ကြလော့။ ကျေးဇူးတော်ကို ချီးမွမ်း၍ နာမတော်ကို ကောင်းကြီး ပေးကြလော့။

**(၅) ဝိညာဉ်တော်ကို ဘုရားသခင်ထံ တောင်းလျှောက်၍၊ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။**

- လုကာ ၁၁း၁၃ "...သင်တို့အဘသည် ဆုတောင်းသော သူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို သာ၍ ပေးတော်မူမည် မဟုတ်သလောဟု မိန့်တော်မူ၏။

**(၆) သူ့ကို ကျေးဇူးတင်လျက်၊ ကျယ်လောင်စွာ ချီးမွမ်းပါ။**

- ❑ အခြားသော ဘာသာစကားဖြင့် သင်ပြောသောအခါ ၎င်းသည် သင်၏ အသံကပင် စကားပြောသည်။ ယေရှုဆီသို့ အာရုံစိုက်ခြင်းသည် သူသည် ဆုကျေးဇူးတိုင်းကို ပေးဆောင်သောသူ သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံ ပေးသောသူဖြစ်သောကြောင့် ဖြစ်သည်။ (ဟေဗြဲ ၁၃း၁၅)

**(၇) တစ်ခုခုဖြစ်လာဖို့ မျှော်လင့်ပါ။**

- ❑ သင့်နှုတ်ဖျားသို့ စကားလုံး အသစ်များ ရောက်လာရန် မျှော်လင့်ထားပြီး၊ သူ၏ ရောက်ရှိနေခြင်းကို အမှန်တကယ် ခံစားရသည်။
- ❑ ဘာသာစကား အမျိုးမျိုးပြောခြင်း၊ ပရောဖက်ပြုခြင်း၊ သို့မဟုတ် ရူပါရုံကို မြင့်ရန် ဝိညာဉ်တော်ကို ခံယူရန် မျှော်လင့်ပါ။
- ❑ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား စကားပြောရန် (အခြားသော ဘာသာစကားအမျိုးမျိုး) အတင်းအကျပ်စေခိုင်းခြင်းမဟုတ်။
- ❑ သင်တို့အား ညွှန်ကြားပေးမည်။ ၎င်းသည် သင့်အတွက် ထူးဆန်းပုံရသော်လည်း ဘုရားသခင်ကို ကြည့်ရှု၍ ယုံကြည်ကိုးစားခြင်းဖြင့် သူ၏ ဦးဆောင်မှုကို နာခံပါ။
- ❑ ယော ၂း၅"...သူစေခိုင်းသမျှတို့ကို ပြုကြလော့ဟု....."
- ❑ တမန် ၅း၃၂ "...ဘုရားသခင်၏ စကားတော်ကို နားထောင်သော သူတို့အား ပေးတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း သက်သေဖြစ်တော်မူသည်ဟု ပြောဆိုကြ၏။"

**(၈) သခင်ယေရှုကိုသာ အာရုံစိုက်ကြည့်ပါ။**

- ❑ သူသည် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံပေးသောသူဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ဖျောက်ဖျက်မည် မဟုတ်ပါ။ သူသည် သင်၏ အကြွင်းမဲ့ နာခံမှုနှင့် ယုံကြည်ကိုးစားမှုတို့ကိုသာ ဖြည့်ဆည်းပေးလိမ့်မည်။ (မဿဲ ၁၄း၂၈–၂၉)။
- ❑ ယခုအချိန်သည် သင့်အား သူ၏ ဝိညာဉ်တော်နှင့် ပြည့်ဝစေပြီး ဘုရားသခင်ကို ယုံကြည်ရမည့် အချိန် ဖြစ်သည်။ သင့်နှုတ်အားဖြင့် ချီးမွမ်းရန် ကောင်းကင်စကားသည် အဘယ်သို့ သင့်နှုတ်မှ ထွက်လာမည်ကို မသိ၍ မပြောပဲပါ။ ယုံကြည်ခြင်းအားဖြင့် အမြဲတမ်း နယ်ပယ်သစ် (နယ်မြေသစ်) ဖြစ်သော ဘုရားသခင်၏ ဝိညာဉ်တော်ထဲသို့ ဝင်ရောက်ခြင်းဖြင့်၎င်း၊ ကိုးစားခြင်းဖြင့်၎င်း၊ စကားပြောခြင်းဖြင့် ၎င်း၊ (အခြားသော ဘာသာ)ကောင်းကင်နိုင်ငံတော်သို့ ခြေလှမ်းလှမ်း ရန် ဖြစ်သည်။

**<u>မေးခွန်း(၁၀)</u>** သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူရန် ကြွလာခြင်း၏ အလုပ်ဆွေးနွေးပွဲ ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိနိုင်ရန် သမ္မာကျမ်းစာနည်းလမ်းများကို ယုံကြည်ခြင်းဖြင့် လုပ်ဆောင်ပါ။ အကယ်၍ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံရရှိပြီးသူဖြစ်ပါက ၎င်းသည်လည်း ဆက်လက် တွေ့ကြုံနေမည်ကို သတိရပါ။ ပို၍ ရှိနိုင်သည်။

# အခန်း(၅)
# ဝိညာဉ်ဆုကျေးဇူးများ

- ☐ သူ၏ ကိုယ်ခန္ဓာကို သတိရသည်နှင့်အမျှ ဆုကျေးဇူးအမျိုးမျိုးကို ရရှိကြပြီး ကျွန်ုပ်တို့ တစ်ဦးစီတိုင်း အထူးသဖြင့် ၁ကော ၁၂း၈–၁၀ပါ ဆုကျေးဇူး အမျိုးမျိုးကို ရရှိနိုင်သည်။
- ☐ ၁ကော ၁၂း၄–၆–"...ဆုကျေးဇူးတော် အထူးထူး၊ အထွေထွေရှိကြသော်လည်း၊ ဝိညာဉ်တော် တစ်ပါးတည်း ရှိ၏။ ဓမ္မဆရာအမှု အထူးထူး၊ အထွေထွေရှိကြသော်လည်း ဝိညာဉ်တော် တစ်ပါးတည်းရှိ၏။ ပြုပြင်ခြင်း အမှုအထူးထူး အထွေထွေရှိကြသော်လည်း သခင်တစ်ပါးတည်းရှိ၏။"
- ☐ ကျွန်ုပ်တို့ အတူတကွ ဆုတောင်းပြီး ဝတ်ပြုသည့်အခါ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ၏ ကျေးဇူးတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆုကျေးဇူးများကို အသုံးပြု၍ ခန္ဓာကိုယ် အစိတ်အပိုင်းများ (ကျွန်ုပ်တို့)ကို စုစည်းတည်ဆောက်ပေးရန်နှင့် အားပေးရန်အတွက် ကျွန်ုပ်တို့ကို အလိုရှိပေမည်။

## "ဝိညာဉ် ကျေးဇူးတော်များ – အချို့သော စကားလုံးများ၏ အဓိပ္ပါယ်များ"

- – ဂရိစကားလုံး နူမိတီးကျယ် (pneumatikos) အဓိပ္ပါယ်မှာ ဝိညာဉ်ရေးရာ။
  သန့်ရှင်းသော ဝိညာဉ်တော်မှ ထွက်သောအရာ သို့မဟုတ် စပ်ဆိုင်သောအရာ။
- ☐ ဘာသာပြန် ဆုကျေးဇူးများ၊ သရုပ်ပြမှုများ၊ ခွဲဝေပေးခြင်းများ၊ လက်ဆောင်များ၊ အရာဝတ္ထုများ၊ အကျိုးသက်ရောက်မှုများ၊ အကူအညီများ၊ လုပ်ဆောင်မှုများ၊ သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်၏ မျက်နှာပေးမှုများ (ကျေးဇူးတော်များ)။
- – "Charisma" (ကရစ်မား) ဂရိစကားလုံး၏ အဓိပ္ပါယ်မှာ – အခမဲ့ပေးသောလက်ဆောင်၊ ထူးကဲသော တန်ခိုးနှင့် ကောင်းကြီးပေးခြင်း၊ မြင့်မြတ်သော လုပ်ဆောင်မှု သို့မဟုတ် အကျိုးကျေးဇူး၊

<u>မေးခွန်း(၁)</u> ဝိညာဉ်ဆုကျေးဇူးများကို အဘယ့်ကြောင့် ပေးသနည်း?
သူတို့သည် ဘယ်နေရာမှလာသလဲ။

### "ဝိညာဉ်ဆုကျေးဇူးများ"

- ☐ ၁ကော ၁၂း၁– "...ညီအစ်ကိုတို့ သင်တို့သည် ဝိညာဉ်ဆုကျေးဇူး အကြောင်းများကို မသိဘဲ နေစေခြင်းငှါ၊ ငါအလိုမရှိ။"
- ☐ ၁ကော ၁၂း၄–၆–"...ဆုကျေးဇူး အထူးထူးအထွေထွေရှိကြသော်လည်း၊ ဝိညာဉ်တပါးတည်းရှိ၏။ ဓမ္မဆရာ အထူးထူး အထွေထွေရှိကြသော်လည်း၊ သခင်တပါးတည်းရှိ၏။ ပြုပြင်ခြင်းအမှု အထူးထူး အထွေထွေရှိကြသော်လည်း၊ ခပ်သိမ်းသော သူတို့၌ ပြုပြင်သမျှကို ပြုပြင်တော်မူသော ဘုရားသခင် တပါးတည်းရှိ၏။"

## "၁ကော အခန်းကြီး ၁၂–မှ ဝိညာဉ်ဆုကျေးဇူးများ ရှင်းလင်းချက်"

- ☐ ပညာစကား (ပညာတရား) – (၁ကော ၁၂း၈) "....ဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား၊ ပညာတရားကို ပေးတော်မူ၏။"
- ☐ ဂရိစကားလုံး – "sophia" ပြည့်စုံသော သို့မဟုတ် သာလွန်သော အသိပညာဟူ၍ အဓိပ္ပါယ် ရသည်။
- ☐ သုတ္တံ ၃း၁၃ "... ဉာဏ်ပညာကို ရှာ၍ ရသောသူသည် မင်္ဂလာရှိ၏။"

- သုတ္တံ ၈း၁၁ "...အကြောင်းမူကား ပညာသည် ပတ္တမြားထက်သာ၍ မြတ်၏။ နှစ်သက်ဖွယ် သမျှသော အရာတို့သည် ထိုရတနာကို မပြိုင်နိုင်ကြ။"
- ယာကုပ် ၁း၅ "...သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ ခပ်သိမ်းသော သူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ, တောင်းလျှင် ရလိမ့်မည်။
- ယာကုပ် ၃း၁၇ "...အထက်မှ သက်ရောက်သော ပညာမူကား၊ ရှေးဦးစွာ စင်ကြယ်၏။ ထိုမှတစ်ပါး၊ အသင့်အတင့် နေတတ်၏။ ဖြည်းညှင်းသော သဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်ငှင်း၊ ကောင်းကျိုးနှင့်ငှင်း ပြည့်စုံ၏။ လျစ်လျူသော စိတ်ရှိ၏။ လျို့ဝှက်ခြင်းနှင့် ကင်းစင်၏။
- ဤအရာမှာ ဘုရားသခင်ထံမှ လာသော ဉာဏ်ပညာဖြစ်၍ လူ့ပညာမဟုတ်၊ ခရစ်တော်၌ ကျင်လည်ခြင်း၊ ဉာဏ်ပညာဖြင့် ဘုရားသခင်သည် တစ်စုံတစ်ခုသော အခြေအနေ၌ အဘယ်သို့ ပြုတော်မူသည်ကို သိလျက် ငါတို့ကို အဘယ်သို့ ပြုစေတော်မူသည်ကို သိတော်မူ၏။
- အကြံဉာဏ်ပေးခြင်းတွင် အထူးသက်ဆိုင်သော်လည်း မည်သည့်အခြေအနေမျိုးတွင်မဆို ကျွန်ုပ်တို့သည် ဘုရားသခင်ကို အစဉ်းအဝေး၏ လမ်းညွှန်မှု လိုအပ်မှု အခြေအနေတို့အတွက် ဉာဏ်ပညာဖြင့် ဘုရားစကားတော် (နှုတ်ကပတ်တော်)ကို တောင်းခံနိုင်သည်။
- ဥပမာအားဖြင့် – ယေရှုသည် ခက်ခဲသော အခြေအနေကို ဖြေရှင်းပေးသည့် အံ့ဘွယ်ကောင်းသော ပညာစကား (ပညာတရား)ကို ရှင်ယောဟန် ၈း၇တွင် တွေ့ရသည်။
- (တမန် ၄း၁၉–၂၀)တွင် ပေတရုနှင့် ယောဟန်တို့၏ အဖြေမှာ– အလွန်ခက်ခဲသော အခြေအနေတွင် ဉာဏ်ပညာဖြင့် ဖြေရှင်းပုံ ဥပမာနောက်တစ်ခုကို တွေ့ရသည်။ ဝိညာဉ်တော် ပေးသော ပညာစကား (တရား)၏ ဥပမာတစ်ခုဖြစ်၍ ကျွန်ုပ်တို့အတွက် မသေချာမရေရာမှု့ကို ဖြေရှင်းပေးသည်။ ၂၀၀၀ခုနှစ်တွင် ကျွန်ုပ်တို့သည် Kenya နိုင်ငံသို့ ကာလတို ဓမ္မခရီးထွက်ဖို့ စီစဉ်ခဲ့သည်။ သို့သော် အကြိမ်ပေါင်းများစွာ ရောက်ဖူးခဲ့သော မြန်မာပြည်ကို သွားဖို့ရန် ခေါ်ဖိတ်ခြင်းကို ခံရသည်။ မြန်မာပြည်ခရီးစဉ်က စျေးသက်တာသည်။ အသင်းတော်မှ ယုံကြည်စိတ်ချရသော အဆက်အသွယ်ကောင်းများစွာရှိသည့် အခြေအနေမျိုးရှိကြောင်း ကျွန်ုပ်တို့ သိပါသည်။ အာဖရိကသည် တုန်လှုပ်ချောက်ချားသော နေရာဖြစ်ပြီး မသေချာမရေရာမှုများ နယ်မြေသစ်ဖြစ်ခြင်း၊ ကုန်ကျစရိတ် စျေးကြီးခြင်း၊ အန္တရာယ်ရှိသည်ဟု ဆိုကြသည်။
- ထိုမသေချာ မရေရာမှုကို ဖြေရှင်းဖို့ရန် ဉာဏ်ပညာတစ်ခုကို ဘုရားသခင်ထံ၌ ကျွန်ုပ်တို့ တစ်အုပ်စု (တစ်ဖွဲ့လုံး) ဆုတောင်းခဲ့ကြသည်။
- ဝိညာဉ်တော်သည် တမန်တော် အခန်းကြီး၁၆–တွင်ရှိသော ရှင်ပေါလုအား တယောမြို့သို့ ရောက်သော အခါ ကြုံတွေ့ခဲ့ရသော ဝိညာဉ်တော်၏ လမ်းပြခြင်းကို ကျွန်ုပ်တို့အား အလျင်အမြန် ဖွင့်ပြ(ဖော်ပြ) လာသည်။
- တမန် ၁၆း၆–ကို ကျွန်ုပ်တို့သည် ကြည့်သောအခါ၊ "...အာရှပြည်၌
  – နှုတ်ကပတ်တော်တရားကို မဟောစေခြင်းငှါ၊ သန့်ရှင်းသော ဝိညာဉ်တော်သည် တားမြစ်တော်မူသဖြင့် ......."
- ဤအချိန်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား kenya သို့ သွားစေလိုကြောင်း၊ ကျွန်ုပ်တို့ တစ်ဖွဲ့လုံး ယုံကြည်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့သည် ဘုရားသခင်ပေးသော ယုံကြည်မှုတစ်ခု (စိတ်ချမှု) ရရှိခဲ့ကြသည်။

**မေးခွန်း(၂)** – ပညာဟူသည် အဘယ်နည်း?

– ဉာဏ်ပညာတော်၏ နှုတ်ကပတ်တော်ကို လက်ခံရရှိသည့် ယေရှု၏ စံနမူနာကို ဖော်ပြ၍ (ယော ၈း၇) ရလဒ်မှာ အဘယ်အရာဖြစ်သနည်း?

– ဉာဏ်ပညာကို သင်ခံယူဖူးပါသလား။ ရှင်းပြပါ။

## အသိပညာစကား (ပညာတရား)

- ၁ကော ၁၂း၈ "...ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ပညာတရားကို ပေးတော်မူ၏။
- ဂရိဘာသာစကားဖြင့် "gnosis" ၏ အဓိပ္ပါယ်မှာ သိခြင်း သို့မဟုတ် နားလည်ခြင်း
- ယေရှုသည် အသိပညာစကားရှိခဲ့၍ ရေတွင်းမှာရှိသာ မိန်းမအကြောင်းကို ယော ၄း၁၆–၁၉။ အသိပညာစကား (တရား)သည် ထင်မြင်ယူဆချက်၊ ရုပ်ပုံ သို့မဟုတ် အသံအားဖြင့် ထွက်ပေါ်လာနိုင်၍ အခြေအနေကို ပြောပြသည်။ ၎င်းသည် သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့အား ပြောသော စကားဖြစ်၏။ (ယော ၁၆း၁၃)
- အသိပညာစကားသည် ကုသခြင်းဆိုင်ရာ လိုအပ်ချက်များကို မကြာခဏ ဖော်ပြသည်။သခင်ဘုရားသည် အမှုတော်ဆောင်သောသူအား ကုသရန် လိုအပ်ကြောင်းကို ဖော်ပြလိမ့်မည်ဖြစ်ပြီး ထိုပုဂ္ဂိုလ် တုန့်ပြန်မည်ဆိုပါက သခင်ဘုရားသည် ကုသပေးမည် (ကျန်းမာခြင်းပေးမည်)ဟု ယုံကြည် မျှော်လင့်ထားသည်။
- ပျောက်ဆုံးသော ဝိညာဉ်များ ရောက်ရှိလာခြင်း အပါအဝင်၊ အခြားသော ဓမ္မအမှုတော် လုပ်ငန်းများတွင် သခင်ဘုရားသည် ထို(ပုဂ္ဂိုလ်)၏ အကြောင်းအချို့ကို ဖော်ပြတော်မူလိမ့်မည်။
- ဘုရားသခင် ထုတ်ဖော်ပြသထားသော အရာကို သင်မျှဝေသောအခါ ထိုသူသည် အံ့သြသွားလိမ့်မည်။ ထိုအရာကို သင်ဘယ်လို သိသလဲ။ ဤအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပိုမိုလက်ခံရရှိရန် ဖွင့်ပေးလိမ့်မည်။

**မေးခွန်း(၃)** – "အသိပညာ"ဆိုသည်မှာ အဘယ်နည်း?

"အသိပညာ"ဟူသော စကားလုံးသည် ဘယ်ကလာသနည်း?

– ယော ၄း၁၆–၁၉တွင် ယေရှု၏ အသိပညာသည် အဘယ်အရာကို ဖြစ်ပေါ်လာစေသနည်း?

– အသိပညာဟူသော စကားကို သင်ရရှိဖူးပါသလား? ရှင်းပြပါ။

## "ယုံကြည်ခြင်း ဆုကျေးဇူး"

- ၁ကော ၁၂း၉ " ဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ယုံကြည်ခြင်းကို ပေးတော်မူ၏။
- ဂရိစကားလုံး "pistis" အဓိပ္ပါယ်မှာ
  တက်ကြွသော ယုံကြည်မှု၊ စိတ်ချမှု၊ ကိုးစားမှု၊ ဘုရားတန်ခိုး၌ ခိုင်မာသော အာမခံမှု၊ သစ္စာတရား စသည်တို့.......
- ၎င်းတို့သည် ဆုကျေးဇူးဖြစ်သည်။ ၎င်းသည် သာမန်ယုံကြည်မှုအထက် သဘာဝလွန်ယုံကြည်မှုဖြင့် ဘုရားသခင်၏ အလုပ်ကို လုပ်ဆောင်ရန် " ဘုရားသခင်၏ ယုံကြည်ခြင်း" ဖြစ်သည်။
- ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်မှ ဝိညာဉ်ဆုကျေးဇူးဖြစ်သည်။
- ၎င်းသည် ကယ်တင်ခြင်းအတွက် ယုံကြည်ခြင်း၏ ဆုကျေးဇူးမဟုတ်ပါ။ (ဧဖက် ၂း၈)၏

- ဘုရားသခင်သည် ကျွန်ုပ်တို့အား ရှုပါရုံ သို့မဟုတ် တစ်စုံတစ်ရာကို လုပ်ဆောင်ရန် နှုတ်ကပတ်တော် ပေးသောအခါ သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ယုံကြည်ခြင်း ဆုကျေးဇူးကို ကျွန်ုပ်တို့ လိုအပ်ပါသည်။
- မာကု ၁၁း၂၂"...ယေရှုကလည်း သင်တို့သည် ဘုရားသခင်ကို ယုံကြည်ခြင်း ရှိကြလော့။"
- ဝိညာဉ်တော်သည် လိုအပ်သော အံ့ဘွယ်အမှုကို ပေးဆောင်လိမ့်မည်ဟူသော သဘာဝလွန် စိတ်ချမှု ရှိသည်။
- (မဿဲ ၈း၈-၉)အခွင့်အာဏာရှိသူ - ထိုသူ၌ ဤဆုကျေးဇူးရှိသလား။ ဆီလိမ်း၍ ဖျားနာသောသူ အတွက် ဆုတောင်းပေးခြင်း၊ ယာကုပ် ၅း၁၅- " .....ယုံကြည်ခြင်း၏ ပဌနာသည် လူနာကို ကယ်ဆယ်၍ ....."
- ဤအရာမှာ ယုံကြည်ခြင်းနှင့် ကယ်တင်ခြင်းအတွက် မဆိုလိုကြောင်း ရှင်းလင်းစွာ ထင်ရှား၍ ၎င်းသည် ယုံကြည်သူများ အနာငြိမ်းခြင်းအတွက် လာရန် တိုက်တွန်း နှိုးဆော်ခြင်းဖြစ်သည်။
- ဤဆုတောင်းချက်သည် လူနာ၏ သဘာဝလွန်ရောဂါ ပျောက်ကင်းခြင်းအတွက် ယုံကြည်နိုင်ရန်၊ သင်းထောက်များ (သင်းအုပ်များ)အားဖြင့် ဆုတောင်းပေးနိုင်ရန် ယုံကြည်ခြင်း ဆုကျေးဇူးကို တောင်းခံခြင်းဖြစ်သည်။

<u>မေးခွန်း(၄)</u> - ယုံကြည်ခြင်း ဆုကျေးဇူးနှင့် ကယ်တင်ရန် - ယုံကြည်ခြင်းတို့၏ ကွာခြားချက်မှာ အဘယ်နည်း?
- ယုံကြည်ခြင်း ဆုကျေးဇူးကို သင်မှတ်မိပါသလား?
- ဤအရာကို သင်ကြုံဖူးပါသလား။ ရှင်းပြပါ။

**"အနာငြိမ်းခြင်း ဆုကျေးဇူး"**

- ၁ကော ၁၂း၉"...ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ကို ပေးတော်မူ၏။"
- ဂရိစကား "iama" - ၏ အဓိပ္ပါယ်မှာ ရောဂါတစ်ခုအတွက် တိကျသော ဆေးတစ်လက်။
- အနာငြိမ်းခြင်း ဆုကျေးဇူးများဟူ၍ အများကိန်း ရည်ညွှန်းပြီး ဘုရားသခင်၌ အနာငြိမ်းခြင်းဆိုင်ရာ နည်းလမ်းအမျိုးမျိုးရှိ၍ သဘာဝလွန် အလုံးစုံတို့ကို ပြသခြင်း ဖြစ်သည်။
- ဤဆုကျေးဇူးသည် ခရစ်တော်နှင့် သူ၏ ဧဝံဂေလိတရားတော်ကို လူတို့အား ဆွဲဆောင်ရာတွင် တန်ခိုးအစွမ်းနှင့် အလွန်ပျံ့နှံ့သည်။
- ဖျားနာသောသူတို့သည် ဤဆုကျေးဇူးအားဖြင့် သဘာဝလွန်ပျောက်ကင်းပါသည်။
- မာကု ၁၆-၁၈"...မကျန်းမာသောသူတို့အပေါ်မှာ လက်ကို တင်၍ ချမ်းသာပေးကြလတ္တံ့ဟု မိန့်တော်မူ၏။ အနာငြိမ်းခြင်းဖြင့် ပြန်လည်ကျန်းမာစေနိုင်ကြောင်း ကို ချက်ခြင်း မဖြစ်ခဲ့လျှင်လည်း စိတ်ဓါတ်မကျပါနှင့်။ ထိုအနာငြိမ်းခြင်းကို ချက်ချင်းဖြစ်ခဲ့လျှင် ထိုအရာမှာ နိမိတ်လက္ခဏာ ဆုကျေးဇူးတစ်ခု ဖြစ်သည်။
- လူနာများအတွက် ဆုတောင်းသောအခါ သံသယစိတ်မရှိဘဲ၊ ယုံကြည်ခြင်းဖြင့် ဆုတောင်းပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ ဘိသိက်ပေးခြင်းကို သင် သို့မဟုတ် ဆုတောင်းခံသူအား သိသာထင်ရှားစွာ ပေါ်လွင်စေရန် မျှော်လင့်ပါ။
- ဥပမာအားဖြင့် သင့်လက်တွင် အပူရှိန်ခံစားရနိုင်သည် သို့မဟုတ် သင်မခံစားရသော်လည်း ဆုတောင်းခံသူသည် အပူကို ခံစားရနိုင်သည်။

- ဤသည်မှာ သန့်ရှင်းသော ဝိညာဉ်တော် ထင်ရှားပြသည့် အဖြစ်များသော ဘုံနည်းလမ်းဖြစ်သည်။ အခြားနည်းလမ်းများလည်း ရှိသေးသည်။
- ဝိညာဉ်တော်၏ တန်ခိုးတော် ထင်ရှားစွာ သက်ရောက်ကြောင်းကို သင်သိရှိလာသည်နှင့် တစ်ပြိုင်နက် ထိုသူသည် အနာပျောက်ကင်းကြောင်း ယုံကြည်ခြင်းဖြင့် စိတ်ချစွာ မျှဝေလိုက်ပါ။
- မကြာခဏဆိုသလို နာကျင်မှုမှ ချက်ချင်းသက်သာရာရစေခြင်း၊ သို့မဟုတ် လူနာကို အားပေးရန်အတွက် အနာငြိမ်းခြင်း၏ လက္ခဏာအချို့ရှိတတ်သည်။
- (မဿဲ ၁၀း၁)တွင် တမန်တော် တစ်ကျိပ်နှစ်ပါးကို အမှုတော်ဆောင်ရန် ယေရှု ပထမဦးစွာ စေလွှတ်သော အခါ၊ ဝိညာဉ်တော်အားဖြင့် အနာငြိမ်းခြင်း ဆုကျေးဇူးများကို ပေးတော်မူ၏။

<u>**မေးခွန်း(၅)**</u> – ဤဆုကျေးဇူးသည် အဘယ့်ကြောင့် အနာငြိမ်းခြင်း၏ အများကိန်း ဆုကျေးဇူးများဖြစ်သနည်း။
– ချက်ခြင်းသက်သာ ပျောက်ကင်းဖို့ရန် မျှော်လင့်သလား။

## "နိမိတ်လက္ခဏာများ၏ လုပ်ဆောင်ချက်"

- ၁ကော ၁၂း၁၀–"တယောက်သောသူအား၊ တန်ခိုးကို ပြနိုင်သော အခွင့်ကိုငင်း၊...." (နိမိတ်လက္ခဏာ)
- ဂရိစကားလုံး "energema" အဓိပ္ပါယ်မှာ အကျိုးသက်ရောက်မှု ပေါ်ပေါက်လာမှု ဖြစ်ပေါ်လာစေမှု၊ သရုပ်ပြမှု သို့မဟုတ် ဘုရားစွမ်းအင်၏ အတွေ့အကြုံ။
- ဂရိစကားလုံး "dunamis" – အဓိပ္ပါယ်မှာ တန်ခိုးကြီးသော အလုပ်၊ အံ့ဘွယ်တန်ခိုး၊ ထူးကဲသော စွမ်းအား၊ သဘာဝလွန်တန်ခိုး သို့မဟုတ် စွမ်းအင်ပြသမှု။
- အံ့ဖွယ်နိမိတ်လက္ခဏာများလုပ်ဆောင်ခြင်းသည် သဘာဝ၏ သာမာန်နိယာမများ သို့မဟုတ် သာမာန်ဖြစ်ရပ်များကို ကျော်လွန်လာခြင်း (ဖြစ်ပေါ်လာခြင်း) ဖြစ်သည်။
- ယေရှု၏ အံ့ဖွယ်နိမိတ်လက္ခဏာများ၏ ဥပမာများစွာ ရှိသည်။ ယော ၂း၁–၁၁ တွင် ဥပမာတစ်ခု တွေ့မြင်သည်။
- "သတေဖန်" သည် ဤဆုကျေးဇူးကို ရခဲ့သည်။
- တမန် ၆း၈"...သတေဖန်သည် ကျေးဇူးတော်နှင့်ငင်း၊ တန်ခိုးတော်နှင့်ငင်း၊ ပြည့်စုံသဖြင့် ကြီးစွာသော နိမိတ်လက္ခဏာ အံ့ဘွယ်သော အမှုတို့ကို လူများရှေ့မှာ ပြုလေ၏။
- (၁ကော ၁၂း၂၈)တွင် ဘုရားသခင်သည် ဤဆုကျေးဇူးကို အသင်းတော်၌ ထားတော်မူကြောင်းကို ပြောပြသည်။ ဤအရာမှာ လူတစ်ဦးအား ဝိညာဉ်ဆုကျေးဇူးများ အားလုံးကို ပေးစွမ်းနိုင်သောကြောင့် ၎င်းတို့သည် အံ့ဘွယ်နိမိတ်လက္ခဏာပြသူ ဖြစ်လာစေသည်။

<u>**မေးခွန်း(၆)**</u> – အံ့ဘွယ်နိမိတ်လက္ခဏာများ၏ လုပ်ဆောင်ချက်များ သတ်မှတ်ပါ။
"dunamis" ဆိုတာ ဘာလဲ ရှင်းပြပါ။

**"ပရောဖက်ပြုခြင်း ဆုကျေးဇူး"**

- ၁ကော ၁၂း၁၀"...တယောက်သောသူအား ပရောဖက်ပြုနိုင်သော အခွင့်ကိုင်း
- ဂရိစကာလုံး "phopheteia" အဓိပ္ပါယ်မှာ ရှေ့ဖြစ်လမည့်အရာ ပြောဆိုမှုတစ်ခု ဘုရားသခင်၏ လှုံ့ဆော်မှုအားဖြင့် သို့မဟုတ် ဗျာဒိတ်တော် ခန့်မှန်းချက်များ ပါဝင်နိုင်သည်။ သို့ရာတွင် ပုံမှန်မဟုတ် မှုတ်သွင်းခံ နှုတ်ကပတ်တော်ဖြင့် ရုတ်တရက် လှုံ့ဆော်ပေးမှုအောက်တွင် ဘုရားသခင်အရာများကို ပြောသောစကား။
- ပရောဖက်ပြုချက်သည် လူသိများသော ဘာသာစကားဖြစ်ပြီး ဘာသာစကား၏ အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် ဆင်တူသည်။
- ၎င်းသည် စိတ်၊ တွေးခေါ်မှု၊ ရုပါရုံ၊ ဝိညာဉ်၏အသံ၊ အာရုံခံစားမှု၊ သို့မဟုတ် သိခြင်းမှလာပြီး ဤအရာသည် ဘုရားသခင်၏ ဖြစ်ခြင်းဖြစ်၍ ငါကိုယ်တိုင် မဟုတ်။
- ဤဆုကျေးဇူးသည် ဘုရားသခင်အတွက် ပြောရန် လူတစ်ဦးတစ်ယောက်အား ဖွင့်ပြသည်။ မကြာခဏ ဆိုသလို ဤဆုကျေးဇူးကို ကျင့်သုံးသူသည် ဖြစ်ပေါ်လာမည့် စိတ်ဝိညာဉ်၏ တစ်စိတ်တစ်ပိုင်းကိုသာ အသိစိတ်ဖြင့် ရရှိတတ်သည်။ ဝိညာဉ်တော်သည် အဘယ်သို့ ကြံစည် သနည်း။
- လူသည် မိမိရရှိထားသော အရာကို ပြောရန် လိုအပ်ပြီးဆုကျေးဇူးသည် စီးဆင်းလာမည် ဖြစ်သည်။
- ပရောဖက်ပြုခြင်း၏ ဆုကျေးဇူးသည် မြင့်တင်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းနှင့် နှစ်သိမ့်ခြင်းတို့ကို ယူဆောင်လာရန် ဖြစ်သည်။
- ၁ကော ၁၄း၃ " ပရောဖက်ပြုသောသူမူကား၊ တည်ဆောက်ခြင်း၊ တိုက်တွန်းခြင်း၊ သက်သာခြင်း၊ အလို့ငှာ လူတို့အား ဟောပြော၏။"

<u>**မေးခွန်း(၇)**</u> – ပရောဖက်ဆုကျေးဇူးအားဖြင့် မည်သည့်အရာကို ရသနည်း။
– ပရောဖက် ပြုချက်ကို သတ်မှတ်ပါ။

**"စိတ်ဝိညာဉ်ကို ပိုင်းခြားသိမြင်မှု"**

- ၁ကော–၁၂း၁၀"တစ်ယောက်သောသူအား စိတ်ဝိညာဉ်တို့ကို ပိုင်းခြား၍ သိနိုင်သော အခွင့်ကိုင်း ပေးတော်မူ၏။"
- ဂရိစကားလုံး "diakrisis" – အဓိပ္ပါယ်မှာ ခွဲခြားသတ်မှတ်ခြင်း၊
  – အစီရင်ဆုံးဖြတ်ခြင်း၊ ဖော်ထုတ်ခြင်း
  – မြင်ခြင်း၊ ခွဲခြားသတ်မှတ်ခြင်း
  – နားလည်ခြင်း
- စိတ်ဝိညာဉ်ကို ပိုင်းခြားသိမြင်မှု ဆုကျေးဇူးသည် ဝိညာဉ်ရေးအတွက် ထိုးထွင်းသိမြင်မှု ဝိညာဉ်လောက ထဲသို့ မြင်အောင်ကြည့်ခြင်း၊ဖြစ်ပျက်နေသော အရာကို မြင်သော ဤသဘောသည် နာမ်ဝိညာဉ်၏ နယ်ပယ်ကို ပိုင်းခြားသိမြင်၏။
- သခင်ယေရှုသည် ပိုင်းခြားသိမြင်စေတော်မူသည့်အတိုင်း ဘုရားသခင်၏ ဝိညာဉ်တော် ဖွင့်ပြခြင်းခံရသော သူနှင့် ဟန်ဆောင်သောသူတို့ကြား ပိုင်းခြင်းဖြစ်သည်။
- (တမန် ၁၆း၁၆–၁၈)တွင် ပေါလုသည် ကျွန်မိန်းကလေး၌ နတ်ဝင်ဖြစ်၍ (အနာဂတ်ကို ဟောသဖြင့်) ဗေဒင်ဟောခြင်းသဘောကို ပိုင်းခြားသိမြင်စေသော ဥပမာတစ်ခု ဖြစ်သည်။ သူမသည် အမှန်အတိုင်း ပြောနေပုံရသော်လည်း၊ ၎င်းသည် မှားယွင်းသော စိတ်ဝိညာဉ် သို့မဟုတ် ဝိညာဉ်ဆိုး အားဖြင့်သာ ဖြစ်သည်။

## "နာမ်ဝိညာဥ်နယ်ပယ် (အရင်းအမြစ်) သုံးမျိုး ရှိသည်။"

- သန့်ရှင်းသော ဝိညာဥ်တော်နှင့် ကောင်းကင်ဘုံ ရှင်ဘုရားသခင်။
  ခေရုဗိမ်၊ စာရာဖိမ်၊ သက်ရှိသတ္တဝါများ၊ ကောင်းကင်တမန်များနှင့် ဘုန်းကြီးသော သန့်ရှင်းသူများ (ယုံကြည်သူများ)။
- စာတန်း ကျဆုံးသော ကောင်းကင်တမန်များနှင့် နတ်ဆိုးများ။
- လူ့စိတ်ဝိညာဥ်များ။ ။ လူသားတိုင်းတွင် ဝိညာဥ် (နာမ်ဝိညာဥ်) တစ်ခုစီရှိကြသည်။
- နာမ်ဝိညာဥ် နယ်ပယ်ကို ပိုင်းခြား၍ သိခြင်းသဘောသည် လက်ရှိပစ္စုပ္ပန်ရှိ နာမ်ဝိညာဥ်ကို အသိအမှတ်ပြုခြင်းဖြစ်သည်။
- သန့်ရှင်းသော ဝိညာဥ်တော်၏ တန်ခိုးအောက်၌ ပြုမူသောသူမူကား ဇာတိပကတိအတိုင်း ပြုမူနေသလော။
- ဤဆုကျေးဇူးသည် နတ်ဆိုးများထံမှ လွတ်မြောက်ခြင်းဖြင့် သာသနာလုပ်ငန်းကို အစွမ်းထက်မြက်အောင် လုပ်ဆောင်နိုင်စေသလော။

<u>**မေးခွန်း(၈)**</u> – နာမ်ဝိညာဥ် နယ်ပယ်သုံးမျိုးတို့အကြား ပိုင်းခြားသိမြင်ရမည်မှာ အဘယ်နည်း?
– ဤဆုကျေးဇူးကား ဘာတွေလဲ?

## "အမျိုးမျိုးသော ဘာသာစကားပြောနိုင်သော ဆုကျေးဇူး"

- ၁ကော ၁၂း၁၀"...အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်သော အခွင့်ကို ၎င်း......."
- ဂရိစကားလုံး "genos" – အဓိပ္ပါယ်မှာ အမျိုးအစားများစွာတို့၏ ပေါင်းစည်းခြင်း၊တနည်းအားဖြင့် အမျိုးမျိုး ကွဲပြားသည်။
- ဂရိစကားလုံး "glossa" – အဓိပ္ပါယ်မှာ လျှာ၊ မည်သည့် ဘာသာစကားတိုင်းမဆို၊ ယခင်က မသိဘူးသော ဘာသာစကားတစ်ခု။
  – ဝိညာဥ်တော်၏ လမ်းပြမှုဖြင့် ပြောခြင်း။
- သန့်ရှင်းသော ဝိညာဥ်တော်၏ ကနဦး သက်သေတစ်ခုအဖြစ် အမျိုးမျိုးသော ဘာသာစကားများဖြင့် ပြောဆိုကြသည်။ (ဟောပြောသည်)။
- သန့်ရှင်းသော ဝိညာဥ်တော်၌ ဗတ္တိဇံတစ်ကြိမ်ခံခြင်းဖြင့် ချက်ချင်းလက်ခံရရှိသော ဆုကျေးဇူးမဟုတ်ကြောင်း၊ ညွှန်ပြသည့် သမ္မာကျမ်းချက် အထောက်အထားများရှိသည်။ ဤအရာသည် ၁ကော အခန်းကြီး ၁၂ တွင် သင်ကြားခဲ့သော ဝိညာဥ်ဆုကျေးဇူးများထဲမှ တစ်ခုမဟုတ်ပေ။
- သန့်ရှင်းသော ဝိညာဥ်တော်၌ ဗတ္တိဇံခံယူသောအခါ အမျိုးမျိုးသော ဘာသာစကား ဆုကျေးဇူးသည် ဘုရားသခင်ထံ မိမိကိုယ်ကို တည်ဆောက်ရန်အတွက် သီးသန့် ဆုတောင်းရန် ဖြစ်၍ သီးသန့်ဆုတောင်းရာတွင် အသုံးပြုသည့်အခါ အဓိပ္ပါယ် ဖွင့်ဆိုရန် မလိုအပ်ပေ။ (၁ကော ၁၄း၂၊ ၄)။

- "အမျိုးမျိုးသော ဘာသာစကား၏ ဆုကျေးဇူးသည် ဘုရားသခင်၏ လူတို့ အစည်းအဝေးသို့ သတင်းစကား ယူဆောင်လာရန်၊ ဝိညာဥ်တော်အားဖြင့် ပေးထားသော ဆုကျေးဇူးတစ်ခု ဖြစ်သည်။"
- အမျိုးမျိုးသော ဘာသာစကား သို့မဟုတ် မသိသော ဘာသာစကားဖြင့် ပြောသော သတင်းစကားကို အနက်အဓိပ္ပါယ် ဖွင့်ဆိုရန် လိုအပ်ပါသည်။

– ဝိညာဉ်တော်သည် တစ်စုံတစ်ယောက်အား အခြားသော ဘာသာစကား သို့မဟုတ် မသိသော ဘာသာစကားဖြင့် အစည်းအဝေးအတွက် သတင်းစကားပေးသောအခါ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ပရောဖက်ပြုချက် ဆုကျေးဇူးနှင့် ဆင်တူသောကြောင့် ထိုဖွင့်ဆိုချက်အား လူတိုင်း၏ အာရုံစူးစိုက်မှုကို ရရှိစေရန် လုပ်ဆောင်ပုံရသည်။

- ယနေ့ခေတ်တွင် ထင်ရှားနေဆဲဖြစ်သော အမျိုးမျိုးသော ဘာသာစကား ဆုကျေးဇူး၏ ဒုတိယအသုံးပြုပုံမှာ လူ့ဘာသာစကားဖြင့် ခရစ်တော် ဧဝံဂေလိတရားတော်ကို ဝေငှ သက်သေခံခြင်းဖြစ်ပြီး ထိုဘာသာစကားကိုသိသော သူတစ်ဦးအား လူ့ဘာသာစကားဖြင့် သက်သေခံဝေငှ နိုင်ခြင်းပင်ဖြစ်သည်။

<u>မေးခွန်း(၉)</u> – အမျိုးမျိုးသော ဘာသာစကားကို သီးသန့်ကိုယ်ကိုကိုယ် အသုံးပြုခြင်းနှင့် ထိုဆုကျေးဇူးကို လူသိရှင်ကြား (လူအစုအဝေး၌) အသုံးပြုပုံတို့၏ ကြားကွာဟချက်ကား အဘယ်နည်း?

## "အမျိုးမျိုးသော ဘာသာစကား၏ အနက်ကို ဖော်ပြနိုင်သော ဆုကျေးဇူး"

- ၁ကော ၁၂း၁၀"...တစ်ယောက်သောသူအား၊ ထိုသဘာသာစကား၏ အနက်ကို ဖော်ပြနိုင်သော အခွင့်ကိုရင်း ပေးတော်မူ၏။"
- ဂရိစကားလုံး "hermeneia" – အဓိပ္ပါယ်မှာ ဘာသာပြန်ခြင်း သို့မဟုတ် ရှင်းပြချက်။
- အမျိုးမျိုးသော ဘာသာစကား၏ အနက်ဖွင့်ဆိုချက်သည် အဓိပ္ပါယ် သို့မဟုတ် နားလည်မှုကိုပေး၍ ဘာသာစကားပြန်ခြင်းဆိုသော အရာများကို ယေဘုယျအားဖြင့် တိုက်ရိုက်ဘာသာပြန်ခြင်းမဟုတ်ပါ။ ထိုစကားသည် ယေဘုယျအားဖြင့် လူ့ဘာသာစကားမဟုတ်သောကြောင့် ဖြစ်သည်။ ၎င်းသည် အသွေးတစ်ခု သို့မဟုတ် ရုပါရုံတစ်ခုအဖြစ်ရောက်ရှိ လာနိုင်ပြီး လူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဝေမျှသောအခါ တုန့်ပြန်နိုင်သည်။
- ဆုတောင်းပွဲတစ်ခုတွင် အမျိုးမျိုးသော ဘာသာစကားဖြင့် သယ်ဆောင်လာသော သတင်းစကားသည် ထိုအစည်းအဝေး၏ အာရုံစိုက်မှုကို ရရှိစေသည်။
- ထို့နောက် အဖွဲ့သည် ဘာသာစကား အနက်ဖွင့်ဆိုရန် ဘုရားသခင်ကို စောင့်မျှော်နေ၍ ထို့နောက် အစည်းအဝေးသို့ ဦးတည်ချက်နှင့် လမ်းညွှန်မှုကို ပေးမည်ဖြစ်သည်။
- အသင်းတော်၏ အစည်းအဝေး၌ ထင်ရှားသော အမျိုးမျိုးသော ဘာသာစကားပြောဆိုခြင်းနှင့် ထိုအမျိုးမျိုးသော ဘာသာစကား၏ အနက်ကို ဖော်ပြခြင်း ဆုကျေးဇူးသည် အလွန်တန်ခိုးကြီးသော/ အစွမ်းထက်သော ဆုကျေးဇူးဖြစ်သည်။
- ခရစ်ယာန်အများစုသည် ဤဆုကျေးဇူးနှစ်မျိုးကို ပြသော အစည်းအဝေးသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသောကြောင့် ဤဆုကျေးဇူးနှင့် ပတ်သက်ပြီး နားလည်မှု ရှုပ်ထွေးမှုများ ကံမကောင်းစွာဖြင့် ရှိနေသည်။

<u>မေးခွန်း(၁၀)</u> – အမျိုးမျိုးသော ဘာသာစကား ဆုကျေးဇူးနှင့် ထိုဆုကျေးဇူးကို အနက်ဖွင့်ဆိုခြင်း၊ ဖော်ပြခြင်း ဆုကျေးဇူးတို့သည် အတူတကွ လုပ်ဆောင်လာသောအခါ မည်သည့် ဆုကျေးဇူးကဲ့သို့ ဖြစ်လာသနည်း?

**"အမှုတော်ဆောင်ခြင်း ဆုကျေးဇူးများ"**

- သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးများကို လက်ခံခြင်းနှင့် အမှုဆောင်ခြင်းသည် ရိုးရှင်းလွယ်ကူကြောင်း၊ ဘုရားသခင်၏ လူသားတို့ကို အားပေးတိုက်တွန်းလိုပါသည်။
- ကောင်းသော လေ့ကျင့်ခန်း၊ အလေ့အကျင့်တစ်ခုမှာ ဆုကျေးဇူးအကြောင်းကို သင်ကြားပေးပြီးနောက် အုပ်စုငယ်များဖွဲ့၍ ထိုအုပ်စုငယ် တစ်စုချင်းတွင် လူတစ်ဦးချင်းစီအတွက် အလှည့်ကျ ဆုတောင်းပေးရန်အတွက် ဆုတောင်းခံချက်များ တောင်းခံခြင်း ဖြစ်သည်။
- တစ်အုပ်စုလုံး ဆုကျေးဇူးများတွက်၊ ဝိညာဉ်တော်ကို စောင့်နေကြသည်။ မကြာသေးမီက ထိုအုပ်စုတွင် အသက်၉နှစ်မှ ၁၀နှစ်ကြား မိန်းကလေးနှစ်ဦးသည် ဝိညာဉ်ဆုကျေးဇူးများ ရရှိခဲ့ကြပြီး အမှုတော်ဆောင်နိုင်ခဲ့သည်။ တစ်ယောက်မှာ ပရောဖက်ပြုချက်နှင့် နောက်တစ်ဦးမှာ တိကျသော ရူပါရုံများကို ရရှိခဲ့သည်။
- ဆုကျေးဇူးများကို ကျွန်ုပ်တို့ "အသုံးပြုခြင်း" သည် များများစားစား မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့သည် လုံးလုံးလျားလျား ဆန္ဒဖြစ်တည်မှုကြောင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို အသုံးပြုနိုင်သည်။

**"ဒဏော ၁၂၏ ဆုကျေးဇူး ကိုးမျိုးကို အုပ်စုသုံးစု ခွဲနိုင်သည်။"**

- (၁)ဆက်သွယ်ရေး ဆုကျေးဇူး
  - ပရောဖက်ပြုချက်၊ အမျိုးမျိုးသော ဘာသာစကားပြောခြင်း၊
  - အမျိုးမျိုးသော ဘာသာစကားကို အနက်ဖွင့်ဆိုခြင်း၊
  - သဘာဝလွန်အရာကို ပြောခြင်း၊ ထိုစကားသည် သန့်ရှင်းသော ဝိညာဉ်တော်မှ ဖြစ်သည်။
  - စကားလုံး အသုံးအနှုန်းနှင့် ဆက်သွယ်ရေး ကဏ္ဍတွင် ပံ့ပိုးကူညီမှု၊
  - နှုတ်ကပတ်တော်အားဖြင့် အံ့ဘွယ်နိမိတ် လက္ခဏာများ၊ အချက်အလက်၊ စကားလုံးများ။
- (၂) ဗျာဒိတ်တော် ဆုကျေးဇူးများ
  - ဉာဏ်ပညာ၊ အသိပညာ၊ ပိုင်းခြားသိမြင်မှု၊
  - သဘာဝလွန်များကိုသိသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဉာဏ်ပညာ၊
  - နားလည်နိုင်စွမ်းနှင့် ထိုးထွင်းသိမြင်မှု၊ အတွေးအားဖြင့် နိမိတ်လက္ခဏာများ၊ သတင်းအချက်အလက်များ၊
- (၃) သရုပ်ပြ (သို့မဟုတ်) လက်တွေ့ လုပ်ဆောင်သော ဆုကျေးဇူးများ
  - နိမိတ်လက္ခဏာများ၊ အနာငြိမ်းခြင်းများ၊ ယုံကြည်ခြင်း၊
  - သဘာဝလွန်လုပ်ဆောင်နေခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် လွတ်မြောက်ခြင်း (ကယ်တင်ခြင်း)၊ တန်ခိုးနှင့် စွမ်းအင်များ၌ အသုံးပြုနိုင်ခြင်း၊
  - လိုအပ်မှုဖြင့် နိမိတ်လက္ခဏာများ လုပ်ဆောင်ချက်များ။

**"မေတ္တာ"**

- ၁ကော ၁၃း၂ "....မေတ္တာမရှိလျှင်၊ အချည်းနှီးသက်သက်ဖြစ်၏။"
- ဘုရားသခင်ဆုကျေးဇူးများကို အသုံးပြုရာ၌ "မေတ္တာ" သည် (၁ကော–၁၃) တွင် ပေါလု၏ သွန်သင်ဆုံးမမှုကနေ ဆုကျေးဇူးအဖြစ် ရောက်ရှိလာသည်။
- မေတ္တာသည် အမှုတော်ဆောင်ခြင်း ဆုကျေးဇူးများ၌ ကျွန်ုပ်တို့၏ စိတ်အား ထက်သန်မှုနှင့် ပန်းတိုင်ဖြစ်ရန်ဖြစ်သည်။
- သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးမပါဘဲ ငါတို့၌ရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြစ်သော "ဤမေတ္တာ"သည် ငါတို့အား စိတ်ပျက်စေလိမ့်မည်။
- ချစ်ခြင်းမေတ္တာဖြင့် ထိထိရောက်ရောက် အမှုတော်ဆောင်ဖို့ရန် သူ၏ ဆုကျေးဇူးကို ကျွန်ုပ်တို့လိုအပ်သည်။ မေတ္တာမရှိလျှင် ကျွန်ုပ်တို့သည် အပြစ်စီရင်ခြင်းကို ခံရမည်။ (မဿဲ ၇း၁၉–၂၃)။
- စီမံအုပ်ချုပ်ခြင်း ဆုကျေးဇူးသည် လူတစ်ဦး သို့မဟုတ် တစ်ဖွဲ့လုံးကို အမှုဆောင်ရန်ဖြစ်သည်။ ဤနေရာ၌ နည်းလမ်းမျိုးစုံရှိပြီး ၎င်းဆုကျေးဇူးသည် အမှုဆောင်နိုင်ရန် ဖြစ်သည်။
- ပေးကမ်းသောသူသည် ချီးမွမ်းခြင်းခံရပြီး၊ ထိုသူသည် ဓမ္မအမှုတော်ဆောင် (အခြေခံ) မဟုတ်သောသူလည်း ဖြစ်နိုင်ပါသည်။

**"ဘုရားတန်ခိုးတော်"**

- ဤဆုကျေးဇူးများအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား မြင့်မြတ်သော တန်ခိုးနှင့် စွမ်းအင်ကို ဆက်ဆံစေသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အား နှုတ်ကပတ်တော်အားဖြင့် ဘုရားပကတိ (ဘုရားသဘော သဘာဝ)နှင့်ဆက်ဆံစေတော်မူသည်။ (၂ပေ ၁း၄)။
- ခမည်းတော် ဘုရားသခင်သည် မြင့်မြတ်သော စွမ်းအင်များထွက်ရှိခြင်းဖြင့် သူ၏ ရည်ရွယ်ချက်များကို ပြီးမြောက်စေသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်မှပေးသော ဆုကျေးဇူးနှင့်ပူးပေါင်းပြီး သခင်ယေရှု ခရစ်၏ အမှုတော်ကို ထမ်းဆောင်နေသည်။ သုံးပါးတစ်ဆူဖြစ်သော ဘုရားသည် အပြည့်အဝ ပါဝင်သည်။

<u>မေးခွန်း(၁၀)</u> – ဤဆုကျေးဇူး ကိုးမျိုးဖြင့် ခွဲခြားသိမြင်နိုင်သော နယ်ပယ်သုံးရပ်ကား အဘယ်နည်း?

# အခန်း(၆)
## နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်
### ရင့်ကျက်မှုဆီသို့ ဆက်သွားနေသည်။ (Going on to Maturity)

- ❑ အသင်းတော်အား ရင့်ကျက်မှုဆီသို့ ပို့ဆောင်ရာတွင် ဝိညာဉ်ကျေးဇူးများ၏ အခန်းကဏ္ဍ။ ။
  (ဟေဗြဲ ၆း၁၂) “ ထို့ကြောင့် သေခြင်းနှင့် စပ်ဆိုင်သော အကျင့်ကို နောင်တရခြင်း၊ ဘုရားသခင်ကို ယုံကြည်ခြင်း၊ ဗတ္တိဇံတရားကို သွန်သင်ခြင်း၊ လက်ကိုတင်ခြင်း၊ သေလွန်သော သူတို့၏ ထမြောက်ခြင်း၊ ထာဝရစီရင်ဆုံးဖြတ်ခြင်းတည်းဟူသော မူလအမြစ်ကို ငါတို့သည် ပြန်၍ မတည်ဘဲ ခရစ်တော်၏ ဘာသာ၌ အစအဦးဖြစ်သော အကြောင်းအရာတို့ကို ထား၍ စုံလင်သော အဖြစ်သို့ တက်ကြကုန်အံ့။”
- ❑ ဤပြည့်စုံခြင်းသည် ရင့်ကျက်မှုဖြစ်သည်။ အလုံးစုံပြည့်စုံမှုအားဖြင့် အသင်းတော်သည် ယေရှုခရစ်၌ ရှိသော ပြည့်စုံမှု ဖြစ်သည်။
- ❑ ရှင်ပေါလုက ခရစ်တော်ကို ခင်ပွန်းအဖြစ်ငှင်း၊ အသင်းတော်ကို သတို့သမီးအဖြစ်ငှင်း နိုင်းနှိုင်းဖော်ပြထားသည်။ (ဖေက် ၅း၂၅–၂၇)“....ဘုန်းကြီးခြင်းနှင့် အပြစ်အနာဆာကင်းလျက်....” အငယ် ၂၅တွင် “ခရစ်တော်သည် အသင်းတော်ကို ချစ်၍ သူ့ကိုယ်သူစွန့်တော်မူသည်။” ထိုအသင်းတော်သည် သန့်ရှင်းလျက်၊ နှုတ်ကပတ်တော်ရေဖြင့် ဆေးကြောသန့်စင်လော့။ ဘုန်းကြီးသော အသင်းတော်အား မိမိတည်ရှိခြင်းကို ကိုယ်တိုင်ပြသ၍ သူ့အား ပူဇော်စေခြင်းငှါ ကိုယ့်ကိုကိုယ် စွန့်တော်မူ၏။ (အငယ်–၂၆–၂၇)
- ❑ “အသင်းတော်”ဟူသော (ဂရိစကားလုံး “ecclesia” စကားလုံးသည် ဘုရားသခင်၏ ခေါ်ခြင်းကို ခံရသော ဘုရား၏ လူများဟု အဓိပ္ပါယ်ရသည်။ ၎င်းမှာ ခရစ်တော်ဖြစ်သည်။
- ❑ “ထိမိ၍လဲခြင်းနှင့်ကင်းလွတ်စေမည့်အကြောင်း၊ သင်တို့ကို စောင့်ရှောက်ခြင်းငှါငှင်း၊ အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံလျက်ရှိသော သင်တို့ကို ဘုန်းအသရေတော်ရှေ့၌ ဆက်သခြင်းငှါငှင်း၊ တတ်နိုင်တော်မူသော သူတည်းဟူသော....” (ယုဒ ၁း၂၄)

**<u>မေးခွန်း(၁)</u>** အသင်းတော်ကနေ ဘာကို ရနိုင်မလဲ? ဝိညာဉ် ဆုကျေးကို အဘယ်အတွက်ကြောင့် ပေးသနည်း?

### “ရင့်ကျက်မှုကို အသင်းတော်တွင် မည်သို့ ရရှိသနည်း။”

- ❑ ဖေက်သြဝါဒစာစောင်တွင် ရင့်ကျက်မှုကို သင်ပေးသည်။
- (၁) ခရစ်တော်နှင့် သူ၏ အသင်းတော်
- (၂) ကောင်းကင်ဘုံရှိ ခရစ်တော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးပြီး၊ အသင်းတော်အားဖြင့် ကမ္ဘာမြေကြီး၌ ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြည့်စုံစေသည်။
- (၃) ကျွန်ုပ်တို့အားလုံးသည် ရင့်ကျက်လာသည်အထိ ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏကို ခရစ်တော်၏ ကိုယ်ခန္ဓာတည်းဟူသော အသင်းတော်ကို တည်ဆောက်ခြင်းဆိုင်ရာ၊ ဝိညာဉ်ဆုကျေးဇူးများဖြင့် ဓမ္မအမှုဆောင်ရွက်ခြင်း ဖြစ်သည်။
- ❑ ဖေက်(၄း၁)တွင် သင်တို့ကို ခေါ်ဝေါ်သမုတ်ခြင်းကို ခံထိုက်သော အကျင့်ကို ကျင့်ရမည်ဟု သွန်သင်သည်။

- ဖေက် ၄း၈တွင် အသင်းတော်သည် ရင့်ကျက်၍ ပြီးပြည့်စုံသော ခန္ဓာကိုယ်အဖြစ် လုပ်ဆောင်နိုင်ရန် ရှင်ပြန်ထမြောက်သော ယေရှုသည် လူတို့အား ဝိညာဉ်ဆုကျေးဇူးများကို ပေးခဲ့သည်။
- ဖေက် ၄း၁၁–၁၂ တွင် ဖော်ပြထားသော ဤအထူးဆုကျေးဇူးများကို တက်ကြွစွာ လုပ်ဆောင်ရသော ဝိညာဉ်ဆုကျေးဇူးများဖြစ်ကြောင်း ရည်ညွှန်း သည်။
- ဖေက်–၁း၂၀–(မေရှိယ)ခရစ်တော်သည် သေခြင်းမှ ထမြောက်စေတော်မူ၍ ကောင်းကင်ဘုံ၌ ဘုရားသခင်၏ လက်ျာဘက်၌ ထိုင်နေ၏။
- ဖေက် ၄း၁၂ "... လူအချို့တို့ကို တမန်တော်အရပ်၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာ၌၎င်း၊ ဆရာအရာ၌၎င်း၊ ခန့်ထားတော်မူ၏။"

**မေးခွန်း(၂)** – ဖေက်ဩဝါဒ စာသည် အနှစ်ချုပ်အားဖြင့် မည်သည့်အရာ သုံးချက်ကို ကျွန်ုပ်တို့အား သင်ပေးသနည်း? ရင့်ကျက်မှုရှိလာရန် အသင်းတော်သည် မည်သည့်အရာကို လုပ်ဆောင်ပေးနိုင်သနည်း?

### "ခရစ်တော်သည် ဤဝိညာဉ်ဆုကျေးဇူးများကို အဘယ့်ကြောင့်ပေးသနည်း"

- ဖေက် ၄း၁၂ – သန့်ရှင်းသူတို့၏ တန်ဆာဆင်ခြင်းအတွက်
  - – အမှုတော်ဆောင် လုပ်ငန်းအတွက်
  - – ခရစ်တော်၏ ခန္ဓာကိုယ်ကို တည်ဆောက်ခြင်းအတွက်
- **ဝန်းတိုင်တတာလဲ။** ။

ဖေက် ၄း၁၃ "ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍၊ ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏ အရပ်တည်းဟူသော ကြီးရင့်သော လူ၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သနည်း။

– ခရစ်တော်၏ ပြည့်စုံခြင်း (ဖေက် ၁း၂၂–၂၃)

ဖေက် ၄း၁၄ – "အကြောင်းမူကား၊ သူတပါးတို့သည် လူပရိယာယ်နှင့်အပြစ်သို့ သွေးဆောင်ခြင်းငှါ၊ လှည့်ဖြား ပြောဆိုသဖြင့် ငါတို့သည် နောက်တဖန် ခပ်သိမ်းသော ဩဝါဒလေတိုက်၍ ဖရိုဖရဲလွင့်သွားသော သူငယ်မဖြစ်ဘဲလျက် (ယုံကြည်ခြင်း၌ အမြစ်တွယ်၍ နုတ်ကပတ်တော်၌ ကြီးပြင်းရမည်။)

### "ဤလုပ်ငန်းစဉ်သည် အဘယ်နေရာဖြင့် အောင်မြင်မလဲ"

- ဖေက် ၄း၁၅ "မေတ္တာစိတ်နှင့် သမ္မာတရားကို ဟောပြောသဖြင့် ဦးခေါင်းတည်းဟူသော ခရစ်တော်၌ အရာရာကြီးပွားမည် အကြောင်းတည်း။
- ဖေက် ၄း၁၆ "ထိုဦးခေါင်းမှ အဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့် တကိုယ်လုံးသည် စေ့စပ်ထုံးဖွဲ့လျက် အသီးသီးအင်္ဂါများ၊ ကိုယ်ငန်းကိုယ်သား အတိုင်းပြုပြင်သည်နှင့်အညီ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းငှါ၊ ကြီးပွားစေတတ်၏။"

## ‘တမန်တော်အလုပ်သည် အဘယ်အရာဖြစ်သနည်း။’

- တမန်တော် တပါးသည် ကိုယ်တော်အား ကိုယ်စားပြုရန် ခရစ်တော်အားဖြင့် တာဝန်ပေးအပ်ခြင်း ခံရသော အထူးကိုယ်စားပြုသူ ဖြစ်သည်။ (မဿဲ ၁၀း၄၀) နှုတ်ကပတ်တော်၌ပါသော ပူးတွဲ နိမိတ် လက္ခဏာများ။
- တမန်တော်များကို ခရစ်တော်ကခေါ်ပြီး အသင်းတော်၊ ဘုရားသခင်၏ အိမ်တော်ကို တည်ဆောက်ရန် သီးခြားလုပ်ပိုင်ခွင့် ပေးထားသည်။
- တမန်တော်သည် ခရစ်တော်ကို ဝန်ခံရန် ရဲရင့်ပြီး ကြီးမားသော မဟာစေခိုင်းချက်တာဝန်ကို ထမ်းဆောင်ရန်၊ အသင်းတော်တည်ဆောက်ခြင်း၊ အသင်းတော်များတွင် အမှုတော် ထမ်းဆောင်ရန် ဓမ္မဆရာများကို ပြုစုပျိုးထောင်ခြင်းသို့ လုပ်ဆောင်သူဖြစ်သည်။ ပေါလုက တမန်တော်သည် ပညာရှိသော ဗိသုကာ ဖြစ်သည်ဟု ဆိုသည်။ (၁ကော ၃း၁၀)
- တမန်တော်သည် သန့်ရှင်းသူအားလုံးကို ဘုရားသခင်သိစေလိုသော နက်နဲသော အရာများကို နားလည် သည်။ တမန်တော်တစ်ဦးသည် ဧဝံဂေလိ တရားတွက် နယ်မြေသစ်များ၌ အသင်းတော်တိုးချဲ့ခြင်း လုပ်ငန်းကို လုပ်ဆောင်သည်။
- တမန်တော် ဆုကျေးဇူးရှိရာ အသင်းတော်သည် ဘုရားကျောင်းအပြင်ဘက်၌ လှည့်လှည့်၍ တပည့်တော် များ မွေးထုတ်ခြင်း၊ အမှုဆောင်များ ပြုစုပျိုးထောင်ပေးခြင်း စသည်တို့ဖြင့် ဝိညာဉ်ရိတ်သိမ်းမှုအတွက် ထိုအသင်းတော်သည် တိုင်းနိုင်ငံသို့ လွှမ်းမိုးသော အသင်းတော် ဖြစ်သည်။

**<u>မေးခွန်း (၃)</u>** – အထက်ပါစာပိုဒ်များမှ တမန်တော် တစ်ဦး၏ အဓိက လုပ်ဆောင်ရမည့် အချက်(၅) ချက်ကား အဘယ်နည်း?

## ‘ပရောဖက်၏ အခန်းကဏ္ဍကား အဘယ်နည်း။’

- အသင်းတော်တွင် ယေရှုအားဖြင့် ပရောဖက်သည် တိကျသော နည်းလမ်း (မှန်ကန်သောနည်းလမ်း)ဖြင့် ဘုရားသခင်၏ အသံတော်ကို ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။ ဤသူသည် မိမိထံသို့ ဘုရားသခင် ပြောသော သတင်းစကားများကို အသင်းတော်သို့ ကြားပြောရန် ယူဆောင်လာသည်။ ဤပရောဖက် ဆုကျေးဇူးသည် လက်တွေ့လုပ်ဆောင်သောအခါ အသင်းတော်သည် ဘုရားသခင်၏ အလိုတော်နှင့် အညီ မည်သို့ ပြီးမြောက်စေလိုကြောင်းကို သိရှိလာသည်။
- ပရောဖက်သည် အနာဂတ်ဖြစ်ရပ်များကို ထိုးထွင်းသိမြင်မှု ဆုကျေးဇူးကို တခါတရံ ရရှိတတ်သည်။ ပရောဖက်ပြုချက်အသံသည် ဆုတောင်းအစည်းအဝေးကို လမ်းညွှန်ရန် တစ်ခိုးပါလျက် အစွမ်းထက် သည်။ ဤဓမ္မအမှုတော် ဆုကျေးဇူးသည် ယေဘုယျအားဖြင့် ပရောကဖက်ပြုခြင်းဆိုင်ရာ ဝိညာဉ်ဆု ကျေးဇူးတွင် ပါဝင်သည်။
- ဘုရားသခင်သည် “အာမုတ်” အား မိန့်တော်မူ၏။ (အာအုတ် ၃း၇)
  “အကယ်စင်စစ် အရှင်ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့အား၊ မဖော်မပြဘဲ၊ အဘယ်အမှုကို မျှ၊ စီရင်တော်မမူ”
- ယေရှုမိန့်တော်မူသည်ကား၊ (ယော ၁၆း၁၃)
  “ထိုဝိညာဉ်တော်သည် နောင်လာလတ္တံ့သော အရာတို့ကို သင်တို့အား ဖော်ပြလိမ့်မည်။”

- ပရောဖက်ပြုချက် ဆုကျေးဇူးသည် အသင်းတော်အား လမ်းပြရန် လိုအပ်ပါသည်။ (၁ကော ၁၄း၁) “ဝိညာဉ်ဆုကျေးဇူးတို့ကို အလွန်အလိုရှိသည်တွင် ပရောဖက်ပြုသော အခွင့်ကို သာ၍ လိုချင်သော စိတ်ရှိကြလော့။”
- မောရှေကလည်း၊ ဘုရားသခင် လမ်းပြမှုလမ်းညွှန်မှု လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့သည်။

__မေးခွန်း(၄)__ – ပရောဖက် ဆုကျေးဇူးအားဖြင့် ဓမ္မအမှုတော်ဆောင်ရာ၌ ကျွန်ုပ်တို့ မျှော်လင့်နိုင်သည့် အရာသုံးခုကို အမည်တပ်ပေးပါ။

## “ဧဝံဂေလိတများ၏ အခန်းကဏ္ဍတား အဘယ်နည်း။”

- ☐ ဤအထူးဝိညာဉ်ဆုကျေးဇူးသည် မယုံကြည်သူများအား ကယ်တင်ခြင်း ဟောပြောခြင်း (သို့မဟုတ်) ဧဝံဂေလိသတင်းကောင်း ဝေငှ သက်သေခံခြင်းအားဖြင့် အတွေ့အကြုံတစ်ခုကို ပေးခြင်း ဖြစ်သည်။
- ဧဝံဂေလိဆရာသည် အသင်းတော်အပြင်ဘက်ရှိ လူ့အသိုက်အဝန်းဆီသို့ ရောက်ရှိသည်။ ထိုဧဝံဂေလိသည် ယုံကြည်ခါစ လူသစ်တို့ကို အသင်းတော် (ဘုရားကျောင်း)သို့ခေါ်ဆောင်လာပြီး သင်းအုပ်ဆရာ/ဓမ္မဆရာတို့က ပြုစုပျိုးထောင် ပေးရမည်။ ဖိလိပ္ပုသည် ရှမာရိပြည်၊ အီသီယိုးပီးယားပြည်နှင့် တမန်ဝတ္ထု အခန်း(၈)တွင် ရှိသော မြို့ရွာများစွာတွင် ဧဝံဂေလိဆရာ တစ်ဦး၏ တန်ခိုးဖြင့် ဝေငှခဲ့သည်ကို ဥပမာအားဖြင့် တွေ့နိုင်သည်။

မေးခွန်း(၅) – တမန်တော် ဝတ္ထု ၈း၄–၁၂မှ ဧဝံဂေလိ ဓမ္မအမှုတော်၏ အရေးကြီးသော ကဏ္ဍလေးခုကို ဝေမျှပါ။

## “သင်းအုပ်ဆရာ၏ အခန်းကဏ္ဍတား အဘယ်နည်း။”

- ☐ အဓိကအားဖြင့် သင်းအုပ်ဆရာသည် ခရစ်တော်၏ ကိုယ်ခန္ဓာ၌ရှိသော လူများကို ထိန်းကျောင်းပြီး၊ ဂရုစိုက်ပေးခြင်း ဖြစ်သည်။
- “ပေတရု”အားဖြင့် “ယေရှု”ပေးခဲ့သော တာဝန်မှာ “ငါ၏ သိုးတို့ကို ထိမ်းလော့ဟု မိန့်တော်မူ၏။” (ယော ၂၁း၁၆)။
- သူသည် လူများကို သာမက၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလည်း ကာကွယ်ပေးသည်။ တမန်တော် ရှင်ပေါလုသည် ဖေက်အသင်းတော်၏ သင်းထောက်များ (သင်းအုပ်ဆရာများ)အား ဘုရားသခင်ပေးတော်မူသော သိုးစုကို ထိန်းကျောင်းရန် (တမန် ၂၀း၂၈)တွင်မှာကြား၏။
- ထိုနည်းတူ တမန်တော် ပေတရုက သင်းထောက်/ အုပ်များကို တည်ဆောက်ပေးကြောင်း (၁ပေ ၅း၁–၄)တွင် တွေ့ရသည်။

__မေးခွန်း(၆)__ – (၁ပေ ၅း၁–၄)မှ သင်းအုပ်ဆရာများ (သို့မဟုတ်) သိုးထိန်းများ အကြောင်း အချက် (သုံးချက်)ကို အမည်တပ်ပါ။

## “ဆရာ၏ အခန်းကဏ္ဍတား အဘယ်နည်း။”

- ☐ အသင်းတော်ရှိ ဆရာသည် သမ္မာတရားကို သင်ကြားပေးသူဖြစ်သည်။ သင်ကြားမှု၏ အထူးကျေးဇူးမှာ နှုတ်ကပတ်တော်အပေါ် ဗျာဒိတ်ဖွင့်ပြခြင်းကို သင်ကြားပေးခြင်းဖြစ်သည်။ဘိသိက်ခံ သင်ကြားမှုအောက်တွင် ဘိသိက်ခံသင်ယူနေသော သူတို့သည် ဉာဏ်မျက်စိအလင်းကိုရသည်။ (ဖေက် ၁း၁၇)။ ဘိသိက်ခံဆရာယူဆောင်လာသော နှုတ်ကပတ်တော်သည် အနာငြိမ်းခြင်း၊ ကယ်တင်ခြင်း၊ လမ်းပြပို့ဆောင်ခြင်းနှင့် ညှင်းဆဲခံရသောသူ၊ ချုပ်နှောင်ခြင်းခံရသော သူတို့ကို လွတ်မြောက်စေသည်။ မကြာခဏဆိုသလို

သင်းအုပ်ဆရာတစ်ဦးသည် သွန်သင်ခြင်း ဝိညာဉ်ဆုကျေးဇူးကို ရရှိတတ်သည်။ သင်းအုပ်တိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သွန်သင်ပေးနိုင်ရန် လိုအပ်သည်။ (ဓမ္မသစ်တွင် သင်းထောက်ဟူ၍ သုံးနှုန်း)။

မေးခွန်း(၇) – ဆရာသည် အသင်းတော်သို့ မည်သည့် သွန်သင်ချက်မျိုး ယူလာသလဲ?

## ကနဦးအသင်းတော်

- ကနဦးအသင်းတော်မှာ အကြီးအကဲများ (သင်းအုပ်ဆရာများ)သည် အသင်းတော် တည်ဆောက်ခြင်း အတွက် "လက်တင်"ဆုတောင်းပေးခြင်း ဆုကျေးဇူးကို လက်တွေ့အသုံးပြုနေကြသည်ကို ကျွန်ုပ်တို့ မြင်တွေ့ရပါသည်။
- (၁တိ ၄း၁၄) " သင်းအုပ်များတို့သည် ကယ်တင်ခြင်းနှင့်တကွ၊ သင်၌ အပ်ပေးသော ဆုကျေးဇူးကို မပြုစုဘဲ မနေနှင့်ဟူ၍ တိမောသေအား ရှင်ပေါလုဆိုခဲ့သည်။
- (၂တိ ၁း၆)ရှင်ပေါလုက တိမောသေကို " ငါလက်တင်သောအားဖြင့် သင်၌ ဘုရားသခင်ပေးတော်မူသောဆုကို နှိုးဆော်မည်အကြောင်း ငါသည် သင့်ကို သတိပေး၏။"
- လက်တင်ခြင်းအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဉာဏ်ပညာပြည့်စုံသော လူတို့ကို သာသနာ ပြုစေခြင်းငှါ၊ ခွဲခန့်ထားတော်မူ၏။ (တမန် ၆း၆)
- (တမန် ၁၃း၃–၄)သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် "... ထိုသူတို့ ခေါင်းပေါ်မှာ လက်ကိုတင်၍ လွှတ်လိုက်ကြ၏။ (စေလွှတ်ခြင်းခံရကြသည်)
- (တမန် ၂း၄၂)"...ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကို ခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက် နေကြ၏။
- (တမန် ၂း၄၇) "....ကယ်တင်ခြင်းသို့ရောက်သော သူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။"

<u>**မေးခွန်း(၈)**</u> – ဓမ္မဝိညာဉ်ဆုကျေးဇူးများကို ကိုယ်ခန္ဓာတွင် နေရာချထားရန် အထက်ဖော်ပြပါ ဥပမာ များအားလုံး၌ အဘယ်အရာကို လုပ်ဆောင်ခဲ့သနည်း?

## 'ဓမ္မအမှုတော် ဆုကျေးဇူးသည် အမှုတော်တကျတိုင်းကို မွေးထုတ်ပေးသနည်း။'

- ရှင်ပေါလုသည် ကျွန်ုပ်တို့အားဆန္ဒရှိရန် ဘာပြောသလဲ?
  (၁ကော ၁၄း၁) "ချစ်ခြင်းမေတ္တာကို မှီအောင်လိုက်ကြလော့။ ဝိညာဉ်ဆုကျေးဇူးတို့ကို အလွန်အလို ရှိသည်တွင် ပရောဖက်ပြုရသော အခွင့်ကိုသာ၍ လိုချင်သော စိတ်ရှိကြလော့။"
- အဘယ့်ကြောင့် ကျွန်ုပ်တို့အား ပရောဖက်ပြုရသော အခွင့်ကို အထူးအားပေးခဲ့သလဲ။ (၁ကော ၁၄း၃)တွင် "ပရောဖက်ပြုသောသူမူကား၊ တည်ဆောက်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ သက်သာစေခြင်းငှာ လူတို့အား ဟောပြော၏။" ကျွန်ုပ်တို့သည် ဝိညာဉ်ဆုကျေးဇူးများကို အဘယ့်ကြောင့် စိတ်အား ထက်သန်ရသနည်း။
- (၁ကော ၁၄း၁၂).... အသင်းတော်ကို တည်ဆောက်ခြင်းငှါ၊ မည်သည့် ဝိညာဉ်ဆုကျေးဇူးများကို မျှော်လင့်ကြသနည်း။ (၁ကော ၁၄း၂၆)"...ဆာလံသီချင်းကို ရသောသူ၊ ဆုံးမဩဝါဒ စကားကိုရသော သူ၊ အခြားသော ဘာသာစကားကိုရသောသူ၊ အနက်ကို ပြန်နိုင်သောသူ၊ ဗျာဒိတ်ရူပါရုံကိုရသောသူ၊

အသီးသီးရှိသည်ဖြစ်၍ ခပ်သိမ်းသော အမှုတို့ကို "တည်ဆောက်ခြင်း"ငှါ စီရင်ကြလော့။

- အဘယ့်ကြောင့် ကျွန်ုပ်တို့သည် ထိုကျေးဇူးများကို ပြုစ လေ့ကျင့်ရသနည်း။
- (၁ကော ၁၄း၂၆)"ခရစ်တော်၏ ကိုယ်ခန္ဓာတည်းဟူသော အသင်းတော်ကို တည်ဆောက်ရန်။
- (ကောလောသဲ ၃း၁၆)" ...ခရစ်တော်၏ နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာ တည်နေ၍ သင်တို့သည် ဆာလံသီချင်းမှ စသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့် အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကို ပြု၍ နူးညွတ်သော စိတ်နှလုံးနှင့် ဘုရားသခင် ရှေ့မှောက်တော်၌ တင့်တယ် လျောက်ပတ်စွာ သီချင်းဆိုကြလော့။"

## ပဋိညာဉ်အသစ်၏ အမှုတော် လုပ်ငန်း

- အသင်းတော်သည် ဘုရားသခင်၏ ပဋိညာဉ်ဆုကျေးဇူးများကို စေလွှတ်ရန် သန့်ရှင်းသော ဝိညာဉ်တော် အပေါ်မှုတည်သည်။ (အသင်းတော်ဆိုသည်မှာ ဘုရားသခင်ခေါ်သော လူများ)
- (၂ကော၃း၅)တွင် ဘုရားသခင်ထံမှ ကျွန်ုပ်တို့၏ လုံလောက်မှုရှိကြောင်း ဖော်ပြထားသည်။ အခန်းငယ် ၆–တွင် "ပဋိညာဉ်တရားသစ်"၏ ဆရာဖြစ်နိုင်သော အစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အား ပေးတော်မူ၏။ထိုသို့ဆိုသော် ကျမ်းဟောင်းတရားကို မဆိုလို၊ ဝိညာဉ်တော်တရားကို ဆိုလို၏။ ဝိညာဉ်တော် တရားမူကားရှင်စေတတ်၏။

<u>**အခန်းငယ်(၈)**</u> "ဝိညာဉ်တော်တရားသည် ဘုန်းအာနုဘော်နှင့် အလွန်ပြည့်စုံရလိမ့်မည်။

- (၂ကော ၃း၁၈)"...ဝိညာဉ်တော် တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏။"
- ငါတို့ပြောသော စကားသည် ငါတို့ ယုံကြည်သကဲ့သို့ဖြစ်။ (၂ကော ၄း၁၃) "ငါတို့သည် ယုံကြည်ခြင်း စိတ်ရှိသောကြောင့် မြွက်ဆို ဟောပြောကြ၏။"
- (၂ကော ၅း၁၁) "သို့ဖြစ်၍ ဘုရားသခင်နှင့်ဆိုင်သော ကြောက်မက်ဘွယ်သော အကြောင်းအရာတို့ကို ငါတို့သည်သိလျှင်၊ လူများကို နှိုးဆော်သွေးဆောင်ရသည်ဖြစ်၍ ဘုရားသခင် ရှေ့မှောက်၌ ထင်ရှားကြ၏။"
- (၂ကော ၅း၁၈)"...ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့တော်မူ၏။ ထိုမိတ်သဟာယတရားကို ဟောရသော အခွင့်အရာကို ငါတို့၌ အပ်ပေးတော် မူ၏။
- ရှင်ပေါလုက ဤအမှုတော်မြတ်ကို ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝှမ်းလုံး ဟောပြောရန် ခန့်ထားသည်ဟု ဆိုသည်။
- ကျွန်ုပ်တို့သည် ခရစ်တော်၏ "သံတမန်"အဖြစ် ခေါ်ထားသည်။ (၂ကော ၅း၂၀)

<u>**မေးခွန်း(၉)**</u> အသင်းတော်တွင် ဓမ္မအမှုဆောင်ခြင်း ဆုကျေးဇူးများသည် အဘယ်အရာကို တည်ဆောက်ပေးသနည်း။ ပဋိညာဉ်တရားသစ်တွင် အမှုတော် မြတ်ထမ်းဆောင်ရန် ကျွန်ုပ်တို့သည် အဘယ်အရာကို တပ်ဆင်ထားရမည်နည်း?

## "ဝိညာဉ်ဆုကျေးဇူးများကို အသုံးပြုပါ။"

- ဤပဋိညာဉ်တရားသစ်၏ အမှုတော်ဆောင်များဖြစ်ရန် ခေါ်ထားခြင်းခံရသော ကျွန်ုပ်တို့သည် ဘုရားသခင်ပေးထားသည့် ဝိညာဉ်ရေးဆိုင်ရာ ဆုကျေးဇူးများကို အသုံးပြုရမည် ဖြစ်သည်။
- (၁ပေ ၄း၁၀)"...သင်တို့သည် ဆုကျေးဇူးတော်ကို အသီးသီး ခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏ အထူးထူး အပြားပြားသော ကျေးဇူးတော် ဘဏ္ဍာစိုး ကောင်းကဲ့သို့ အချင်းချင်းဝေငှ ပေးကမ်းကြလော့။"
- (၁ပေ ၁၂း၄–၅) "....ဥပမာကား၊ ကိုယ်တစ်ခု၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုအင်္ဂါအများသည် ဆောင်ရွက်စရာအမှုတစ်ခုတည်း မရှိသကဲ့သို့ ထိုအတူအများဖြစ်သော ငါတို့သည် ခရစ်တော်၌ တကိုယ်တည်းဖြစ်၍ အသီးသီးအင်္ဂါချင်းဖြစ်ကြ၏။ (အငယ် ၆)
"ထိုသို့ ပေးတော်မူသော ကျေးဇူးတော်အတိုင်း ငါတို့သည် အသီးသီးအပြားပြားသော ဆုများကို ခံရသည်ဖြစ်၍ ပရောဖက်အရာရှိလျှင် ယုံကြည်ခြင်း ပမာဏကို ရသည်အတိုင်း ပရောဖက် ပြုကြကုန်အံ့။

## "ဘုရားသခင်၏ ဆုကျေးဇူးများသည် အသင်းတော်၏ အခြေခံအုတ်မြစ်ဖြစ်သည်။"

- ခရစ်တော်၏ ကိုယ်ကို တည်ဆောက်၍ ဓမ္မဆရာ၏ အမှုကို ပြုတတ်မည်အကြောင်း (ဖေက် ၄း၁၁) ကျွန်ုပ်တို့သည် ထိုဝိညာဉ်ဆုကျေးဇူးများကို ရှာဖွေခြင်း၊ လက်ခံခြင်း၊ အသုံးပြုရန် ဆန္ဒရှိရမည်။
- (ဖေက် ၁း၂၃) "....ထိုအသင်းတော်ကား အလုံးစုံတို့ကို အလုံးစုံတို့နှင့် ပြည့်စုံတော်မူသော သူ၏ ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ ကိုယ်ဖြစ်သတည်း။"
- ကျွန်ုပ်တို့ခေတ်တွင် ဘုရားသခင်သည် အသင်းတော်အတွက် ဓမ္မဆုကျေးဇူးကို ပြန်လည်ထူထောင်ပေးသည်။ ယခုပင် ကျွန်ုပ်တို့သည် တမန်တော် ဓမ္မအမှုတော်လုပ်ငန်း ပြန်လည် ထူထောင်ခြင်းကို မြင်တွေ့နေရသည်။

<u>**မေးခွန်း (၁၀)**</u> သင်သည် ဆုကျေးဇူးတစ်ခု ရရှိခဲ့လျှင် ထိုဆုကျေးဇူးအပေါ် သင်၏ သဘောထားကား အဘယ်သို့နည်း။ ယနေ့ ဘုရားသခင်သည် သူ၏ အသင်းတော်ကို မည်သို့ ပြန်လည် ထူထောင်သနည်း?

# အခန်း(၇)
## "ရောမ -၁၂ ရှိ ခမည်းတော်၏ ဆုကျေးဇူးခုနှစ်ပါး"

- ဓမ္မသစ်ကျမ်းတွင် သီးခြားဆုကျေးဇူး သုံးမျိုးရှိသည်။
  ထိုအရာမှာ ပေါင်းစပ်ခြင်း ဆုကျေးဇူးဆိုင်ရာကို (၁ကော ၁၂း၂၈)တွင် တွေ့ရသည်။ ဤဆုကျေးဇူး သုံးမျိုးသည် ဘုရားသခင်/ ဦးခေါင်း၏ ပြည့်စုံမှုကို ကိုယ်စားပြုသည်ဟု မြင်နိုင်သည်။
  (၁) သန့်ရှင်းသော ဝိညာဉ်တော် ဆုကျေးဇူး ကိုးပါး (၁ကော ၁၂း၈-၁၀)။ ဤဆုကျေးဇူးသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ယုံကြည်သူများနှင့် ဝိညာဉ်တော်ထင်ရှားခြင်းဖြစ်၍ ဤဆုကျေးဇူး များဖြင့် လူအပေါင်းတို့၏ အကျိုးအတွက် ဖြစ်သည်။
  (၂) ဝိညာဉ်ဆုကျေးဇူးငါးမျိုး (ဖေက် ၄း၁၂)သည် ယေရှုခရစ်တော်အားဖြင့် အသင်းတော်အား ရင့်ကျက်ခြင်းသို့ ရောက်ရန် ယူဆောင်လာသော ဆုများဖြစ်၏။
  (၃) ရောမ ၁၂း၆-၈၏ ဖန်ဆင်းခြင်းဆိုင်ရာ ဆုကျေးဇူးခုနစ်ပါးကို ခမည်းတော်က လူသားအားလုံး ကို ပေးခဲ့သော ဆုများဖြစ်သည်။ ရှင်ပေါလုသည် ဤဆုကျေးဇူးများကို ကျေးဇူးတော်အရ ကွဲပြားသည် ဟု ပြောနေစဉ်၊
  ဤကျေးဇူးတော်၏ ဆုကျေးဇူးများ ထင်ရှားမှုမှာ တရားသောသူ, မတရားသောသူ အပေါ်၌ သွန်းလောင်းသော ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်သည်။ တနည်းဆိုလျှင် ဤဆုကျေးဇူးသည် မွေးကင်း စပင်၊ လူတိုင်းနှင့် လူ့အသိုက်အဝန်းတိုင်း လက်ခံရရှိပြီး ဖြစ်သည်။
- ထိုဆုကျေးဇူးအမျိုးမျိုးအားဖြင့် လူသားတို့သည် မိမိတို့ဘဝ၌ အချင်းချင်း၊ ကျွေးမွေးပြုစုခြင်းဖြင့် လုပ်ဆောင်သည်။
- ဖန်ဆင်းခြင်းဆုကျေးဇူးသည် ခရစ်တော်၏ ကိုယ်ခန္ဓာတည်းဟူသော အသင်းတော်ကို ကောင်းမွန်စွာ တည်ဆောက်ရန် အဓိက သော့ချက်ဖြစ်သည်။ လူတစ်ဦးသည် တစ်ကြိမ်ကယ်တင်ခြင်း ရပြီးလျှင် ခရစ်တော်၏ ကိုယ်ခန္ဓာတွင် အလုပ်လုပ်ဆောင်နေသည်။
- (၁ကော ၁၂း၄-၆)တွင် ဆုကျေးဇူး နယ်ပါယ်သုံးမျိုးကို အောက်ပါအတိုင်း ဖော်ပြထားသည်။
  (၁)အခန်းငယ် ၄-တွင် ဆုကျေးဇူးတော် အထူးထူးအထွေထွေရှိငြားသော်လည်း ဝိညာဉ်တော် <u>တပါးတည်း</u> ရှိ၏။
  ထိုအရာကို ၁ကော ၁၂း၈-၁၀တွင်ပါသော သန့်ရှင်းသော ဝိညာဉ်ဆုကျေးဇူးကိုးပါးကို ရည်ညွှန်း နိုင်သည်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုစီကို ဝေ၍ ပေးတော်မူ၏။ (အငယ် ၁၁)
  (၂) ၁ကော ၄း၅ "...ဓမ္မဆရာမှုအထူးထူး အထွေထွေရှိငြားသော်လည်း" သခင်တပါး တည်းရှိ၏။ ဤသည်မှာ သခင်ယေရှုက (ဖေက် ၄း၁၁)တွင် ရှိသော အသင်းတော် အားပေးခဲ့သော ဆုကျေးဇူးငါးပါး ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။
  (၃) ၁ကော ၄း၆ "ပြုပြင်ခြင်း၊ အမှုအထူးထူးအထွေထွေရှိငြားသော်လည်း ခပ်သိမ်းသော သူတို့၌ ပြုပြင်သမျှကို ပြုပြင်တော်မူသော ဘုရားသခင်တပါးတည်းရှိ၏။
  ၎င်းသည် (ရောမ ၁၂း၆)တွင် ဖော်ပြထားသော ဝိညာဉ် ဆုကျေးဇူးများကို ရည်ညွှန်းနိုင်ပြီး၊ ထိုဆုကျေးဇူး တို့အား ခမည်းတော်ဘုရားက ပေးဆောင်ခြင်း ဖြစ်သည်။

<u>**မေးခွန်း(၁)**</u> ရောမ၁၂း၆-၈တွင် ပါရှိသော ဝိညာဉ်တွင် ဆုကျေးဇူးများကို လူသားအားလုံးတွင် တွေ့မြင်ရသော ဆုကျေးဇူးများဖြစ်ကြောင်း၊ ပြောသည်ကို သင်သဘောတူပါသလား? (မှတ်ချက်ပေးပါ။)

## "ခမည်းတော်၏ ဆုကျေးဇူးများ"

- ဖန်ဆင်းခြင်း ဆုကျေးဇူးများဟု ခေါ်ဝေါ်သကဲ့သို့ ဖန်ဆင်းခြင်း၌ ပေးအပ်သော ဤဆုကျေးဇူးများသည် ၁ကော ၁၂တွင်ပါသော ဝိညာဉ်ဆုကျေးဇူးများ လုပ်ဆောင်ပုံနှင့် ဖော်ပြပုံခြင်းသည် (ဖေက် ၄း၁၁)တွင်ရှိသော ဓမ္မအမှုတော် ဆုကျေးဇူးများအတွက် လုပ်ဆောင်ပုံနှင့် ဖော်ပြပုံတို့သည် "မတူညီကြပါ" ဥပမာ – ပရောဖက်ပြုချက်ကို ရောမ – ၁၂နှင့် ၁ကော ၁၂တို့တွင် ဖော်ပြထားပြီးဖြစ်၍ ပရောဖက်၏ ဓမ္မအမှုဆောင်ခြင်းကို (ဖေက် – ၄)တွင် ဖော်ပြထားသည်။
- ဤပရောဖက်ပြုခြင်းဆိုင်ရာ ဆုကျေးဇူးတစ်ခုချင်းစီ၏ ဖော်ပြချက်တို့သည် အလွန်ကွဲပြားသည်။
- ခရစ်တော်၏ ကိုယ်ခန္ဓာ အင်္ဂါအတွက် တူညီသော ဤဆုကျေးဇူးသုံးမျိုးစလုံးကို ရရှိနိုင်သည်။
- သင်ကြားမှုဆုကျေးဇူးသည် ရောမ–၁၂တွင် တွေ့ရပြီး၊ ဓမ္မဆရာ၏ အမှုဆောင်ခြင်းကို ဖေက် – ၄ တွင် တွေ့ရသည်။

  ဤသင်ကြားရေးဆိုင်ရာ ဆုကျေးဇူးများသည် လုပ်ငန်းဆောင်တာနှင့် ဖော်ပြမှုတို့တွင် အလွန်ကွာခြားပါသည်။

  ဤသင်ခန်းစာ လေ့လာခြင်း၏ ရည်ရွယ်ချက်မှာ "ခမည်းတော်၏ ဆုကျေးဇူးများ အကြောင်းကို နားလည်သဘောပေါက်ရန် ရည်ရွယ်ထားပါသည်။"
- (ရောမ ၁၂း၄) "ဥပမာကား၊ ကိုယ်တစ်ခု၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုအင်္ဂါအများသည် ဆောင်ရွက်စရာအမှုတစ်ခုတည်း မရှိသကဲ့သို့။"
- ထိုအဖွဲ့ဝင် တစ်ဦးချင်းစီတွင် မတူညီသော လုပ်ဆောင်မှုတစ်ခု (သို့မဟုတ်) "ပြုပြင်ခြင်းအမှု အထူးထူး အထွေထွေရှိကြသော်လည်း ခပ်သိမ်းသော သူတို့၌ ပြုပြင်သမျှကို ပြုပြင်တော်မူသော ဘုရားသခင်တပါးတည်းရှိ၏။" ဟု ၁ကော ၁၂း၆တွင် ဖော်သည်။
- ဤဆုကျေးဇူးများသည် လှုံ့ဆော်မှု သို့မဟုတ် လှုပ်ရှားမှု လူမှုအသိုက်အဝန်းအတွင်း လည်ပတ်မှု နယ်ပယ်များ ဖြစ်သည်။

<u>မေးခွန်း(၂)</u> ခန္ဓာကိုယ် တစ်ခုတွင် အင်္ဂါများစွာရှိသော်လည်း ထိုအင်္ဂါအားလုံးတွင် တူညီသော လုပ်ဆောင်မှုမရှိကြောင်းမှာ မည်သည့်အရာကို ဆိုလိုသနည်း? သင်၏ နားလည်မှုကို ရှင်းပြပါ။

## "ပရောဖက်ပြုချက်"

- ဤဆုကျေးဇူးကို အသုံးပြု၍၊ ပရောဖက်ပြုခြင်းဟူသည် အဘယ်အရာကို ဆိုလိုသနည်း? ယခင်သင်ခန်းစာများတွင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပရောဖက်ဆုကျေးဇူးနှင့် ပရောဖက်ပြုခြင်း၏ ဓမ္မအမှုတော်ဆောင်ရွက်ခြင်းတို့ အကြောင်းကို ကျွန်ုပ်တို့သည် အကျဉ်းချုံး ကြည့်ရှုလေ့လာခဲ့ပြီး ဖြစ်သည်။
- ဤဖန်ဆင်းခြင်းဆိုင်ရာ ဆုကျေးဇူးသည် ထိုးထွင်းသိမြင်နိုင်သော သဘာဝဆုကျေးဇူးနှင့် အခြေအနေတစ်ခု၊ လူတစ်ဦး (သို့မဟုတ်) ပြဿနာတစ်ရပ်ကို အလွန်ကောင်းမွန်စွာ ပိုင်ခြားနိုင်သော ဆုကျေးဇူးများဖြစ်၍ ၎င်းနှစ်မျိုးစလုံးသည် အလွန်ကွဲပြားခြားနားသည်။

  တနည်းပြောရလျှင် ဉာဏ်ပညာနှင့် အကြံဉာဏ်ကောင်းများကို ပေးစွမ်းနိုင်သူဖြစ်ပြီး၊ ဤဆုကျေးဇူး သည် ပရောဖက်ဆုကျေးဇူးအဖြစ်မဟုတ်ဘဲ၊ သဘာဝဇာတိပကတိအားဖြင့် ထိုးထွင်းသိမြင်သူ ဖြစ်သည်။ ဘုရားသခင်သည် လူတစ်ချို့တို့ကို ဤသဘာဝအတိုင်း ထိုးထွင်းသိမြင်နိုင်စွမ်း ဆုကျေးဇူးကို ပေးသောကြောင့် ဖြစ်သည်။

- (ရောမ ၁၂း၆) "....ပရောဖက်အရာရှိလျှင် ယုံကြည်ခြင်းပမာဏကို ရရှိသည်အတိုင်း ပရောဖက်ပြုကြကုန်အံ့။" ဤထူးခြားသော ထိုးထွင်းသိမြင်ခြင်း ဆုကျေးဇူးကို သင်ယုံကြည် လက်ခံခဲ့လျှင် အခြားသက်ဆိုင်သော သူတို့အား မျှဝေပါ။

မေးခွန်း(၃) ရှင်ယောဟန် ၁၁း၄၉-၅၁၊ ၁၈း၁၄တို့ကို ကြည့်၍ ဤဆုကျေးဇူးနှင့်အညီ ပရောဖက်ပြုခြင်း၏ ပုံသက်သေကောင်းတစ်ခု ဖြစ်ပါက မှတ်ချက်ပေးပါ။

## ဓမ္မအမှုတော် သို့မဟုတ် အမှုတော်လုပ်ငန်း

- တချို့သော သူတို့သည် အခြားသူများ၏ လိုအပ်ချက်များကို ထမ်းဆောင်ရန် လွယ်ကူသည်ဟု ထင်မြင်ကြသည်။ ဤဓမ္မအမှုတော် ဆုကျေးဇူးရှိသော သူတို့သည် လုပ်စရာရှိသော အရာကို မြင်ပြီး၊ သူတို့သည် ထိုအရာကို ပြုလုပ်တတ်သည်။
- ဤဆုကျေးဇူးသည် သမ္မာကျမ်းစာရှိ သင်းထောက်၏ ဓမ္မအမှုဆောင်ရွက်ခြင်းဖြစ်၍၊ (၁ကော ၁၂း၂၈) ပုဂ္ဂိုလ်အရဖြစ်ပြီး၊ စီရင်အုပ်စိုးသောသူ သို့မဟုတ် ကူညီမစပေးသော သူတို့၏ ဆုကျေးဇူးနှင့် ဆင်တူမှုရှိသည်။ ကျွန်ုပ်တို့ အများစုသည် အမှုတော်မြတ်၌ အစေခံရန်၊ စေခိုင်းမှုခံရသော်လည်း တချို့သော သူတို့မှာ သဘာဝအတိုင်း အမှုတော်မြတ်၌ အစေခံကြသည်။
- ရောမ ၁၂း၇ "....ဓမ္မဆရာအရာရှိလျှင် ဓမ္မဆရာ၏ အမှုကို ဆောင်ရွက်ကြကုန်အံ့။ ဆုံးမသြဝါဒပေးသောသူသည် ထိုအမှုကို ဆောင်ရွက်စေ။" ကျွန်ုပ်တို့၏ ဓမ္မအမှု

<u>မေးခွန်း(၄)</u> သင်သိသောသူ တစ်စုံတစ်ယောက်၌ ဤဆုကျေးဇူးရှိကြောင်း၊ သင်တွေ့မြင်ဖူးပါသလား? ဝေမျှပေးပါ။

## 'သင်ကြားခြင်း' (ဩဝါဒသင်ခြင်း)

- တစ်ချို့သော သူတို့သည် သဘာဝအားဖြင့် အခြားသူတို့ကို အသိပညာများအား ရှင်းပြရန် နှစ်သက်သည်။ အသက်မွေးဝမ်းကြောင်းအဖြစ် သင်ကြားမှုကို ရွေးချယ်သော သူများစွာတို့သည် ကျောင်းစာသင်ကြားခြင်း၊ သို့မဟုတ် အလုပ်တွင် သင်ကြားရေးဆိုင်ရာ အခြားနယ်ပယ်များတွင် သင်ကြားပေးနိုင်ရန် နှစ်သက်ကြသည်။ ဘုရားသခင်ထံမှ ဤဆုကျေးဇူး (လှူဒါန်းမှုဆုကျေးဇူး)ကို ရရှိကြပြီး၊ ၎င်းတို့သည် ဆရာကောင်းများ၊ သင်ကြားမှုကောင်းသော ဆရာများဖြစ်ကြလိမ့်မည်။
- ရောမ ၁၂း၇ " ဆုံးမသြဝါဒပေးသောသူသည် ထိုအမှုကို ဆောင်ရွက်စေ။" တဖန်သင်၌ ဤသင်ကြားခြင်းဆုကျေးဇူးရရှိကြောင်း သိမှတ်လျှင်၊ ထိုအရာကို အသုံးပြု၍ သင်ကြားနိုင်သည်။၎င်းသည် အသင်းတော်ရှိ ကလေးများအား သင်ကြားပေးခြင်း၊ သို့မဟုတ် အသင်းသားသစ် (ယုံကြည်ခါစလူသစ်) များအား သင်ကြားပေးခြင်းကို ဆိုလိုခြင်းလည်း ဖြစ်နိုင်သည်။

မေးခွန်း(၅) ဤဆုကျေးဇူးနှင့်ပတ်သက်၍ ဖေက်၄း၁၁တွင် ဖော်ပြထားသော သင်ကြားရေးဆုကျေးဇူးတို့၏ ကွာခြားချက်မှာ သင်၏ ယုံကြည်သော အရာကို ရှင်းပြပါ။

**"တိုက်တွန်းနှိုးဆော်ခြင်း"**

- တိုက်တွန်းနှိုးဆော်ခြင်းသည် အခြားသူအား တည်ဆောက်ပေးရန် အားပေးရန်ဖြစ်သည်။ မည်သူတို့သည် အခြားသူတို့အား တိုက်တွန်းနှိုးဆော်ခြင်း၊ အားပေးခြင်းကို နှစ်သက်သလဲ။ဤဆုကျေးဇူးကို ကျင့်သုံးပြီး အခြားသူတို့ကို အမြဲအားပေးနေတတ်သော၊ တစ်စုံတစ်ယောက်ကို အမြဲအားပေးနေတတ်သောသူ၊ တစ်စုံတစ်ယောက်ကို သင်သိပါသလား။
- ကျွန်ုပ်တို့အားလုံးသည် ဤဆုကျေးဇူးကို ကျေးဇူးတော်အားဖြင့် လေ့ကျင့် အသုံးပြုနိုင်သည်။
- "ဗါနဗ" အမည်၏ အဓိပ္ပါယ်မှာ အားပေးသောသား ဟု အဓိပ္ပါယ်ရသည်။
- (တမန် ၄း၃၆)တွင် ဗါနဗသည် ရှောလု (ပေါလု)အမှုတော်မြတ်သို့ ဝင်ရောက်လာရန် ဤတိုက်တွန်းနှိုးဆော်ခြင်း ဆုကျေးဇူးကို ကျင့်သုံးကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။
- (ရောမ ၁၂း၈)တွင် တိုက်တွန်းနှိုးဆော်သောသူသည် သူတပါးတို့အား တည်ဆောက်ပေးရန် ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးကို အသုံးပြုခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် အခြားသောသူတို့ကို အားပေးမှု ပြုလုပ်ရန်များစွာ လိုအပ်ပါသည်။

မေးခွန်း(၆) သင်၌ ဤဆုကျေးဇူးရှိပါသလား? သို့မဟုတ် ဤဆုကျေးဇူးကို ရရှိသော သူတစ်ဦးထံမှ အားပေးမှုကို သင်လက်ခံရရှိဖူးပါသလား? ဝေမျှပါ။

**"ပေးကမ်းခြင်း"**

- တချို့သော လူတို့သည် သဘာဝအတိုင်း စေတနာရှိကြသည်။ တချို့သော သူတို့သည် မိမိတို့ထံလာလည်သော သူတို့အား လက်ဆောင်အမြဲ ပေးတတ်သော အကျင့်ရှိသည်။ တချို့သော ကိုယ်အင်္ဂါများသည် သူတစ်ပါး၏ ပေးလှူခြင်းပေါ် အမြဲမှီခိုအားပေးတတ်သည်။ ဤအရာမှာ ငွေရေးကြေးရေး ပေးကမ်းရုံသာမက ငွေမရှိသော်လည်း၊ အခြားအရာတခုခုကို အမြဲပေးနိုင်ရန် ရှာဖွေတတ်ကြသည်။ ဤဆုကျေးဇူးရှိသောသူသည် ပေးကမ်းရန် အမြဲ ဆန္ဒရှိသည်။
- (ရောမ ၁၂း၈) "...အစွန့်အကြဲဝေငှသောသူသည် လျစ်လျူသောစိတ်နှင့်ဝေငှစေ။" မစသနားခြင်းအမှုကို ပြုသောသူသည် စေတနာစိတ်နှင့်ပြုစေ။
- ယေရှုသည် ကျွန်ုပ်တို့အား ဂတိပေးခဲ့သည်မှာ "ပေးလော့"။ ကောင်းသော အတိုင်းအတာ အခြင့်အချိန်နှင့် ပေးကြလော့။ ပေးသောသူအား ပြည့်လျှက်၊ လှုံလျှက်၊ သူ၏ ရင်ခွင်ထဲသို့ သွန်းလောင်းပေးလိမ့်မည်ဟု မိန့်တော်မူသည်။

<u>မေးခွန်း(၇)</u> တစ်စုံတစ်ယောက်တွင် ဤပေးကမ်းခြင်း ဆုကျေးဇူးရှိကြောင်း သင်မြင်တွေ့ခဲ့သော အကြောင်းအရာကို ဝေမျှပါ။ (သင်ကိုယ်တိုင်လည်း ဖြစ်နိုင်သည်)
ဤဆုကျေးဇူးကို အသုံးပြုခြင်း၏ အသီးအပွင့်မှာ အဘယ်နည်း?

**"ခေါင်းဆောင်မှု"**

- တချို့သော လူတို့သည် သဘာဝအားဖြင့် ခေါင်းဆောင်များဖြစ်ကြသည်။ မည်သည့် အဖွဲ့အစည်း သို့မဟုတ် အလုပ်အခြေအနေတွင် မဆို ခေါင်းဆောင် တစ်ဦးရှိရန် လိုအပ်သည်။ ဤဆုကျေးဇူးအတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။

- ထို့ကြောင့် ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်၏ ဆုံးဖြတ်ချက်ချသော ဆန္ဒကို လှည့်ပတ်စေရန် မလိုအပ်ပေ။
- (ရောမ ၁၂း၈) "...အုပ်ချုပ်သော သူသည် လုံ့လဝီရိယနှင့် အုပ်ချုပ်စေ။" ခေါင်းဆောင်တစ်ယောက်သည် သူ သို့မဟုတ် သူမ၏ ခေါင်းဆောင်မှုလုပ်ငန်း၊ အခန်းကဏ္ဍတွင် ကြိုးစားလုပ်ဆောင်ရန် ဖြစ်သည်။

<u>**မေးခွန်း(၈)**</u> ခေါင်းဆောင်မှု၏ အကျိုးကျေးဇူးကား အဘယ်နည်း?

**"သနားခြင်းကရုဏာ"**

- သနားခြင်း ကရုဏာ ဆုကျေးဇူးသည် လိုအပ်နေသော သူအား သနားကြင်နာမှုကို ပြသရန်ဖြစ်သည်။ အထူးသဖြင့် ၎င်းတို့ကို မထိုက်တန်ဟု တရားစီရင် ဆုံးဖြတ်ခြင်းခံရသောအခါ ထိုသူတို့ကို ကူညီမစပေးရန် တစ်စုံတစ်ယောက်နှင့်အတူ လိုက်ပါလာခြင်းဖြစ်သည်။
- (ရောမ ၁၂း၈) "...မစသနားခြင်းအမှုကို ပြုသောသူသည် စေတနာစိတ်နှင့် ပြုစေ။" တာဝန်ဝတ္တရားကြောင့် မဟုတ်ဘဲ သနားခြင်း ကရုဏာနှင့် ရွှင်လန်းမှုဖြင့် ပြုရမည်။

<u>**မေးခွန်း(၉)**</u> သနားခြင်း ကရုဏာကို ဘယ်လိုကျင့်သုံးမလဲ?

## <u>နိဂုံးချုပ်</u>

- လူတိုင်း လူတိုင်းတွင် အနည်းဆုံး ဤဆုကျေးဇူးများမှ တစ်မျိုးမျိုးကို ရရှိသည်။ ၎င်းသည် အမှုအကျင့်ကို လှုံ့ဆော်ပေး၍ အလုပ် သို့မဟုတ် အသက်မွေးဝမ်းကြောင်း နယ်ပယ်ကို လွှမ်းမိုးလေ့ရှိသည်။ ဥပမာအားဖြင့် ဤကရုဏာ ဆုကျေးဇူးရှိသော သူတို့သည် အများအားဖြင့် သူနာပြုကဲ့သို့သော ပြုစု စောင့်ရှောက်ရေးဆိုင်ရာ အလုပ်မျိုးကို မကြာခဏ လုပ်လေ့ရှိသည်။
- မိသားစုတိုင်း လူ့အသိုက်အဝန်းတိုင်းနှင့် ဘုရားသခင်၏ လူတို့ မိတ်သဟာယဖွဲ့သော နေရာတိုင်းတို့တွင် ဤဆုကျေးဇူးများဖြင့် လုပ်ဆောင်ခြင်းကို ဖော်ပြရန် လိုအပ်နေသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်သော အသင်းတော်သည် (ရောမ ၁၂း၆-၈)အရ သန့်ရှင်းသူတို့အား ဆုကျေးဇူးပေးသည့် နေရာများကို ခွဲခြားသတ်မှတ်ပြီး ဤဆုကျေးဇူးများကို ကျင့်သုံးရာတွင် အားပေးကူညီရန် ဖြစ်သည်။ဤအရာသည် ကိုယ်ခန္ဓာတည်းဟူသော အသင်းတော် ကြီးထွားမှုနှင့်ထိရောက်မှု၊ ရင့်ကျက်မှုတို့၏ အသီးသီးခြင်းဖြစ်သည်။

မေးခွန်း(၁၀) လျှောက်လွှာ။ ။

- တစ်ဦးနှင့်တစ်ဦး သိကျွမ်းသော လူအုပ်စုအဖွဲ့ငယ်များတွင် (သို့မဟုတ် သင်ကိုယ်တိုင်) ဤဆုကျေးဇူးများကို တစ်ဦးချင်းစီတိုင်းမှာ ရှိကြောင်း၊ သိရှိရန် အချိန်ပေးပါ။ သို့မဟုတ် သင်ကိုယ်တိုင်ဖြစ်ခဲ့လျှင် အခြားသူတို့၏ ဆုကျေးဇူးအကြောင်းကိုသိရန် စဉ်းစားပါ။
- ကျွန်ုပ်တို့သည် အတွေးများရပ်တန့်ပြီးလျှင် ခန္ဓာကိုယ် အင်္ဂါတစ်ခုစီတိုင်းမှာ ဤဆုကျေးဇူးများမှ ဆုကျေးဇူးတစ်မျိုး သို့မဟုတ် တစ်မျိုးထက် ပို၍ ရရှိနိုင်ကြောင်း အလိုအလျောက် လုပ်ဆောင်နိုင်ကြောင်းကို မကြာခင်သိလာပါလိမ့်မည်။
- တခါတရံတွင် လူသည် ၎င်း၏ စိတ်အားထက်သန်မှု သဘာဝဆုကျေးဇူးကို အလွန်သဘောပေါက်သည်။ အခြားအချိန်များတွင် လူတစ်ဦးသည် ၎င်း၏ ညီအစ်ကို မောင်နှမများအား ဤလှုံ့ဆော်ပေးသည့် ဆုကျေးဇူးကို အသိအမှတ်ပြုနိုင်ရန်၊ အခြားသူများထံမှ အကူအညီ လိုအပ်သည်။